# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက်၊ စနေနေ့။ 23, Saturday July 2016 (၈၆၃၁)


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကိုခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကိုဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

သတင်း စာမျက်နှာ - ၃

## အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် လာအိုနိုင်ငံသို့ ထွက်ခွာ

သတင်း စာမျက်နှာ - ၃




# မြဝတီမြို့ နယ်စပ်ဂိတ်တွင် နိုင်ငံတော်သီချင်းစတင်ဖွင့်လှစ် ပြည်သူများနှင့် နိုင်ငံခြားသားများပါ မတ်တတ်ရပ်အလေးပြု

**မြဝတီ ဇူလိုင် ၂၂**

မြန်မာနိုင်ငံ မြဝတီမြို့နှင့် ထိုင်းနိုင်ငံ မဲဆောက်မြို့တို့သည် ညီအစ်မမြို့တော်ဖြစ်သည့်အပြင် သောင်းရင်းမြစ်တစ်ခုတည်းသာ နယ်နိမိတ်ပိုင်းခြားထားသည်။ အဆိုပါမြစ်ပေါ်တွင် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၁)ကို တည်ဆောက်ထားပြီး ကုန်စည်တင်ဆောင်သော ကားများ၊ ထိုင်း၊ မြန်မာနိုင်ငံသားများအပြင် တတိယနိုင်ငံသားများပါ နိစ္စဓူဝ ဝင်ရောက်ကူးသန်းသွားလာလျက်ရှိသည်။

အဆိုပါ မြန်မာ-ထိုင်းနယ်စပ်ဂိတ် ချစ်ကြည်ရေးတံတားကြီးတွင် ယနေ့နံနက် ၉ နာရီမှစတင်ကာ မြဝတီခရိုင်အဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ စုပေါင်းဆုံးဖြတ်ချက်ဖြင့် နိုင်ငံတော်သီချင်းကို စတင်ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်သီချင်းဖွင့်လှစ်လိုက်သည်နှင့် ပြည်သူများ၊ ဝန်ထမ်းများ၊ ခရီးသွားများ၊ နိုင်ငံခြားသားများအားလုံး မတ်တတ်ရပ်၍ တလေးတစားဂါရဝပြုကြသည့်အပြင် သွားလာနေသည့် မော်တော်ယာဉ်များပါရပ်ပြီး ဂါရဝပြုကြသည်ကို ဝမ်းမြောက်ဂုဏ်ယူစရာမြင်ကွင်းအဖြစ် တွေ့မြင်ရသည်။

ကရင်ပြည်နယ် မြဝတီမြို့နှင့် မြစ်တစ်ခုတည်းသာ နယ်နိမိတ်ခြားနေသည့် ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် ရုံး၊ ကျောင်း၊ ဆေးရုံ၊ လမ်းဘေးဓာတ်တိုင်များတွင်ပါ အသံချဲ့စက်များ၊ Sound Box များတပ်ဆင်ကာ ၎င်းတို့နိုင်ငံ၏ဒေသစံတော်ချိန်အလိုက်

**စာမျက်နှာ ၉ ကော်လံ ၁ သို့**




ကြေးမုံ

## မှူခင်းကျဆင်းရေးအတွက်အကြောင်းတစ်ချက်

ယခုရက်ပိုင်းအတွင်း အရက်ကြောင့် နောက်ဆက်တွဲဆိုးကျိုးရလဒ်များကို မြင်တွေ့ကြားသိနေရသည်။ ယခင်က အရက်သေစာသောက်စားပြီးနောက် မူးယစ်ရမ်းကားမှုများသာဖြစ်ပွားခဲ့ရာမှ ယခုအခါ အရက်သေစာ သောက်စားပြီးနောက် ဆိုးရွားသည့်ဒုစရိုက်မှုများ ဖြစ်ပေါ်လာသည်ကို မြင်တွေ့ရသဖြင့် အရက်သေစာအမျိုးမျိုးတို့ကို ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ သောက်စားခြင်းတို့ကို အလေးအနက်ထား ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်လာပြီဟု ရှုမြင်ပါသည်။

မကြာသေးမီကာလက ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့တွင် အရက်မူးနေသောသူက ဇနီးပါ သားဖြစ်သူကို ဓားဖြင့်ထိုးခြင်း၊ တာချီလိတ်မြို့နယ်တွင် အရက်ကြောင်နေသူတစ်ဦးက ဇနီးဖြစ်သူကို ဓားဖြင့်ထိုး၍ သေဆုံးခဲ့ခြင်း၊ ဟသ်ာတမြို့တွင် အရက်ကြောင်ကြောင်နေသူတစ်ဦးက ဇနီးနှင့် ဝင်ရောက်ဖျန်ဖြေသူတစ်ဦးအား ဓားနှင့်ခုတ်သဖြင့် ဇနီးဖြစ်သူသေဆုံးခဲ့ခြင်း၊ ကျောက်ကြီးမြို့နယ်တွင် ခင်ပွန်းဖြစ်သူအရက်မူးပြီး ဇနီးဖြစ်သူနှင့် အချင်းများရာမှ နေအိမ်ကိုမီးရှို့ခြင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၄၀) ရပ်ကွက်တွင် အရက်မူးပြီး ညစဉ်နှိပ်စက်တတ်သော ခင်ပွန်းဖြစ်သူကို ဇနီးကသတ်လိုက်ခြင်း၊ တွံတေးမြို့နယ်တွင် ဝါဆိုသင်္ကန်းကပ်အလှူမှ ပြန်လာသည့် အမျိုးသားနှစ်ဦး အရက်သောက်ပြီး ရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ခြင်း၊ မုံရွာမြို့နယ်တွင် အရက်မူးပြီး အိမ်ပြန်လာတိုင်း ဒုက္ခပေးတတ်သူအား ညီမဖြစ်သူကသတ်ခြင်း၊ ရွှေပြည်သာမြို့နယ်တွင် စားသောက်ဆိုင်တစ်ဆိုင်၌ အရက်အတူသောက်ကာ စကားများရန်ဖြစ်ရာမှ လူသေဆုံးမှုဖြစ်ပွားခြင်း စသည့်အမင်္ဂလာသတင်းများကို ကြားသိရသည်။

အဆိုပါသတင်းများမှာ မြို့နယ်အလိုက် ရက်ပိုင်း၊ လပိုင်းအတွင်း အရက်သောက်ခြင်းကြောင့်ဖြစ်ပွားခဲ့သော မကောင်းသတင်းများပင်ဖြစ်သည်။ ထိုကာလများအတွင်း မကြားမသိလိုက်ရသော သတင်းများလည်း အမြောက်အမြားရှိမည်။ အရက်ကြောင့် လူသတ်မှုအထိဖြစ်ပွားရသည့် သတင်းများဖြစ်ပြီး အရက်ကြောင့် မှုခင်းမဖြစ်ပွားသော်လည်း မိသားစုများနှင့်ပတ်ဝန်းကျင်မှ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်နေကြရသောသတင်းများလည်း ရှိနေမည်မှာသေချာပါသည်။ ဖော်ပြပါဖြစ်စဉ်အရ အရက်မူးပြီး ရမ်းကားသောကြောင့် မခံမရပ်နိုင်ဖြစ်ကာ လက်တုံ့ပြန်ခဲ့သူတို့ မမျှော်လင့်ဘဲ ပြစ်ဒဏ်သင့်ခဲ့ရသည့်အဖြစ်များမှာ စိတ်မကောင်းဖွယ်ပင်ဖြစ်သည်။

အရက်သေစာ ရောင်းချခြင်း၊ သောက်စားခြင်းနှင့်ပတ်သက်၍သတ်မှတ်ထားသော ဥပဒေ၊ စည်းကမ်းများရှိပြီးဖြစ်သည်။ သို့သော် ထိုဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း အကောင်အထည်မပေါ်၍သော်လည်းကောင်း၊ ထိရောက်စွာအရေးယူမှု အားနည်းသောကြောင့် သော်လည်းကောင်း အရက်သေစာရောင်းချသူတို့နှင့် မူးယစ်ရမ်းကားသူတို့ လုပ်လိုရာလုပ်လာနိုင်ခြင်းဟု ဆိုရမည်ဖြစ်သည်။ အရက်သေစာ ရောင်းချသောက်စားခြင်းမှာ နိုင်ငံတိုင်းတွင်ရှိသည်။ သို့သော် စည်းကမ်းတကျ ဥပဒေနှင့်အညီ ရောင်းဝယ်ဖောက်ကား သောက်စားကြရသည်။ စည်းကမ်းဥပဒေကို မလိုက်နာပါက ထိရောက်သည့်အရေးယူအပြစ်ပေးခြင်းများရှိသည်။ မြန်မာနိုင်ငံတွင် အရက်သေစာ ရောင်းချ၊ သောက်စားနှင့် ပတ်သက်၍ ထိန်းသိမ်းရာတွင် အားနည်းချက်များရှိနေသည်။ ထို့ကြောင့် ဤကဲ့သို့ မဖြစ်သင့်မဖြစ်ထိုက်သော အမှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အရပ်သားအစိုးရလက်ထက်တွင် အရက်သေစာရောင်းချခြင်း လိုင်စင်များကို စိစစ်လျှော့ချဆောင်ရွက်ပေးခဲ့သည်မှာ မှန်သော်လည်း စည်းကမ်းမဲ့ရောင်းချခြင်းများမှာ ရှိနေဆဲပင်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုကျော် သုံးခုကာလက ထိုကဲ့သို့အမှုအခင်းများမှာ ရှားပါးလှသည်။ တစ်မြို့နယ်လျှင် အစိုးရအသိအမှတ်ပြု အရက်ဖြူဆိုင် တစ်ဆိုင်သာ ဖွင့်ခွင့်ပြုထားပြီး အခြားအရက်များကို ဝယ်ယူနိုင်ရန်မှာ အလွန်ခက်ခဲလှသည်။ တရားမဝင်အရက်ပုန်းဆိုင်ရှိလျှင် အဖမ်းအဆီးခံရနိုင်သည်။

အစောပိုင်းက သောက်သုံးသောအရက်များမှာ အလွန်အကျွံသောက်မှသာလျှင် ရုပ်ပျက်ဆင်းပျက်ဖြစ်တတ်သည်။ မှုခင်းဖြစ်ပေါ်သည့်အထိ ရောက်ရန်ခဲယဉ်းသည်။ မျက်မှောက်ခေတ်အရက်များမှာ သောက်လိုက်သည်နှင့်စိတ်ကိုထကြွစေပြီး မကောင်းမှုသို့ အလွယ်တကူရောက်ရှိနေသည့် အရက်များအား ပြန်လည်စိစစ်စစ်ဆေးသင့်သည်။ အရက်ကို စွဲစွဲမြဲမြဲ သောက်သုံးနေကြသူများရှိသည့် လူမှုပတ်ဝန်းကျင်တွင် အချို့မိဘများမှာ ညအချိန်ရောက်ရှိလာမည်ကိုပင် စိုးရိမ်ပူပန်နေကြသည်။ အရက်သောက်သူများကြောင့် အရှက်တရားနှင့် အကြောက်တရားများ မိဘပြည်သူများ၌ ရှိနေကြပြီ။

ကျွန်ုပ်တို့တိုင်းပြည်တွင် ပြည်သူများစိတ်နှလုံးချမ်းမြေ့စေရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ မှုခင်းများကျဆင်းရေးအတွက် စည်းကမ်းမဲ့အရက်သေစာသောက်စားခြင်းသည် အရေးကြီးသည့် အချက်တစ်ချက် ဖြစ်နေပါသဖြင့် အရက်သေစာ ရောင်းချခြင်း၊ သောက်စားခြင်းများကို ထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း။ ။

## ကရင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် ရေချိုငါးလုပ်ငန်းဥပဒေကိုဖြည့်စွက်သည့်ပုဒ်မခွဲများ ဆွေးနွေး



**ဘားအံ ဇူလိုင် ၂၂**

ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက် နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ၂၃ ဦးရှိသည့်အနက် ၂၂ ဦးတက်ရောက်ကြပြီး ဖွဲ့ကပင်မြေပြည့်ရေးကျောင်းမှ တိုင်းရင်းသား မောင်မယ်ကျောင်းသားကျောင်းသူ ၂၁ ဦးတို့က လေ့လာသူများအဖြစ် တက်ရောက်ကြသည်။

အစည်းအဝေးတွင် သံတောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစေဂျေအေဝင်းမြင့်က လိပ်သိုမြို့ရှိ သမဝါယမမြေနှင့် အဆောက်အအုံ ပြန်လည်တိုင်းထွာစိစစ်ပြီး ပြည်သူများလက်ဝယ်ပြန်လည်ချထားပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ၊ ကျန်းမာရေးအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိ၊ ဒေသချင်းဆက်လမ်းများအား ကွန်ကရစ်လမ်းအဖြစ်အဆင့်တိုးမြှင့်ချထားပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ၊ လိပ်သိုမြို့ သချိုင်းကုန်းမြေ ပြန်လည် တိုင်းထွာပေးနိုင်ရေး အတွက် စိစစ်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ မေးခွန်းများ၊ ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမင်းကိုခိုင်က ကော့ကရိတ်မြို့ ချောင်းတောင်ချောင်းအတွင်း ရေအမြဲတင်ကျန်နေစေရေးနှင့် သန့်ရှင်းသာယာလှပရေး လုပ်ဆောင်ပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်း၊ ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောထူးကပေါ်က ကြာအင်းဆိပ်ကြီး မြို့မအားကစားကွင်း အဆင့်မြင့်ပွဲကြည့်စင်များ ဆောင်ရွက်ပေးရန်၊ ကြာအင်းဆိပ်ကြီး- ကြခတ်ချောင်း- သမိန်လစ် ကျေးလက်လမ်းပေါ်ရှိ ကြခတ်ချောင်း ကွန်ကရစ်ချောင်းကူးတံတားတစ်စင်းအား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း၊ မြဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအိုက်ကျန်ခမ်းက နိုင်ငံသားရွှေ့ပြောင်းအလုပ်သမားတို့၏ ပညာရေး၊ လူမှုရေးကိစ္စ အဝဝနှင့်ပတ်သက်၍ အကူအညီပေးဆောင်ရွက်နိုင်မှု ရှိ/မရှိ၊ မဲပလဲ့ကျေးရွာအုပ်စု၊ ကျော်ခို့ကျေးရွာ-ကုန်းမလေးကျေးရွာ အထိ၊ ကသိကျေးရွာ-မဲပလယ်ဝါးခီးကျေးရွာ-လုဘော ကျေးရွာ-ထီးဝါးကလေ့ကျေးရွာအထိ ရွာချင်းဆက်လမ်း တံတားများ ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းများအားမေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ ဖြစ်ကြသော ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ လူမှုရေးဝန်ကြီး၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် လိပ်သိုမြို့အား မြို့နယ်အဆင့် တိုးမြှင့်သတ်မှတ်ပေးနိုင်ပါရန် အဆို၊ လယ်ယာမြေများလျော့နည်းဆုံးရှုံးမှုမရှိစေရေးအတွက် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆို၊ အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံအားအစိုးရဌာနဆိုင်ရာ ရုံးခန်းများ၊ ခန်းမများနှင့် စာသင်ကျောင်းများတွင် အလေးအမြတ်ထား ဂုဏ်ပြုပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုတို့ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး လွှတ်တော်၏အဆုံးအဖြတ်ကို ရယူခဲ့ကာ ကရင်ပြည်နယ် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေကြမ်းနှင့် ကရင်ပြည်နယ် ရေချိုငါးလုပ်ငန်း ဥပဒေကို ဖြည့်စွက်သည့်ပုဒ်မခွဲများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(စောမျိုးမင်းသိန်း)**

## ကျိုက်ထိုမြို့နယ်တွင် တစ်အိမ်တက်ဆင်း မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**ကျိုက်ထို ဇူလိုင် ၂၂**

ကျိုက်ထိုမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်အတွင်း မှုခင်းဖြစ်ပေါ်မှု ကျဆင်းစေရန် ရည်ရွယ်၍ တစ်အိမ်တက်၊ဆင်း ဟောပြောဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျိုက်ထိုမြို့နယ် ကံ့ကော်ရပ်ကွက် ရွှေစင်လမ်းရှိ အိမ်ခြေ ၁၅ အိမ်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး ဦးဆောင်၍ မြို့မစခန်းမှူး ကျော်လင်း၊ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်မျိုးလွင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင်နှင့်ရပ်မိရပ်ဖများလိုက်ပါလျက် အုပ်စုများခွဲကာ တစ်အိမ်တက်၊ဆင်း မှုခင်းကျဆင်းရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ကွမ်းစားခြင်း၏ဆိုးကျိုး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပါအဝင် ကျန်းမာရေးနှင့်ပတ်သက်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအကြောင်းနှင့် မိုးတွင်းကာလ ရေစီးရေလာကောင်းမွန်အောင် မိမိနေအိမ်ရှေ့ ရေမြောင်းများကို တူးဖော်သွားရေးတို့ကို တစ်အိမ်တက်၊ ဆင်း ဟောပြောခဲ့ကြောင်း သိရသည်။

**သန်းသန်းမော်(ပြန်/ဆက်)**




## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်

**ရွှေကျင် ဇူလိုင် ၂၂**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းဝေးရေးနှင့် ယာဉ်/လမ်းစည်းကမ်းနှင့်အညီ စနစ်တကျမောင်းနှင်ရေး စစ်ဆေး အသိပညာပေးမှုများကို မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တာဝန်ရှိသူများ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက စစ်ဆေးခဲ့ပြီး ဆိုင်ကယ်စီးသူများအား ဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးတပ်ရန်၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုရန်၊ ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ ပါရှိရေး ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန္တလေး ၀၂-၈၆၁၀၀၆၅၊ စီပီ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၃၃၅၅

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆီယမ်ဘွန်ဗုက် (H.E.Mr.Sieng Bunvuth) အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ - ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးကြသည်။

ကမ္ဘောဒီးယားသံအမတ်ကြီးအနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၂၀၁၃ ခုနှစ်တွင် မြန်မာ-ကမ္ဘောဒီးယား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သည့် နိုင်ငံသားများအနေဖြင့် ဗီဇာလျှောက်ထားစရာမလိုဘဲ ကူးသန်းသွားလာခွင့် သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ ဗုဒ္ဓတက္ကသိုလ်များ၌ ကမ္ဘောဒီးယားနိုင်ငံမှ ဆရာတော်များနှင့် လူပုဂ္ဂိုလ်များ တက်ရောက်ပညာသင်ကြားနိုင်ရေးနှင့် ပညာသင်ဆုများ ရရှိအောင် ဆောင်ရွက်ပေးခဲ့သည်။

**(သတင်းစဉ်)**

# အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် လာအိုနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာ

**နေပြည်တော် ဇူလိုင် ၂၂**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့တွင် ဇူလိုင် ၂၃ ရက်မှ ၂၆ ရက်အထိကျင်းပမည့် (၄၉) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဇူလိုင် ၂၂ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လာအိုနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ဗီယင်ကျန်းမြို့သို့ ဒေသစံတော်ချိန် ည ၉ နာရီတွင် ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၃ ရက်တွင် အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာ ကော်မရှင်အစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အာဆီယံအစိုးရချင်းဆိုင်ရာ ကော်မရှင်ကိုယ်စားလှယ်များတွေ့ဆုံသည့် အစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ပြီး ဇူလိုင် ၂၄ ရက်တွင် (၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ မျက်နှာစုံညီအစည်းအဝေးသို့ အခြားအာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၅ ရက်တွင် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်ပြီး ဇူလိုင် ၂၆ ရက်တွင် (၁၇)ကြိမ်မြောက် အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးဆိုင်ရာ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်မည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ယင်းနေ့တွင်ကျင်းပမည့် (၂၃)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဖိုရမ်၏ ဝန်ကြီးအဆင့်မျက်နှာစုံညီအစည်းအဝေးနှင့် သီးသန့်အစည်းအဝေးသို့လည်း တက်ရောက်မည်ဖြစ်သည်။ အစည်းအဝေးသို့ အာဆီယံဒေသဆိုင်ရာဖိုရမ်မှ အဖွဲ့ဝင်နိုင်ငံ ၂၇ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လာအိုနိုင်ငံသို့ ထွက်ခွာစဉ်။



# နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်အောင်မြင်မှုများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်အား ယခင်ကုလသမဂ္ဂလက်ထောက်အတွင်းရေးမှူးချုပ် Mr. Jordan Ryan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

တွေ့ဆုံစဉ် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO/INGO များနှင့်ပူးပေါင်းပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်အောင်မြင်မှုများနှင့် လက်ရှိအစိုးရ၏ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့် ဒီမိုကရေစီစနစ် ဆက်လက်အကောင်အထည်ဖော်ရေးစသည့် မူဝါဒ(၅)ရပ်ချမှတ်၍ (၂၁) ရာစု ပင်လုံညီလာခံကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုအခြေအနေများ၊ NCA လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းနေမှုအခြေအနေများ၊ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းနေမှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

■

**နိုင် ငံ တစ် ဝန်း သစ် တော စွမ်း ဖြင့် စိမ်း လန်း စေ ရ မည်**

# အနုညာတခုံရုံးအဆုံးအဖြတ်ထွက်လာပြီးနောက် တရုတ်စစ်ဘက်က လက်နက်အသစ်များခင်းကျင်းပြသ



**ပေကျင်း ဇူလိုင် ၂၂**

တောင်တရုတ်ပင်လယ်အတွင်းရှိ ဒေသအများစုကို သမိုင်းကြောင်းအရ ပိုင်ဆိုင်ခွင့် တောင်းဆိုနိုင်သည်ဟူသော တရုတ်နိုင်ငံ၏ ပြောကြားချက်သည် ဥပဒေနှင့်ညီညွတ်မှုမရှိဟု ကုလသမဂ္ဂက ထောက်ခံသည့်အနုညာတခုံရုံးက ဆုံးဖြတ်ခဲ့ပြီးနောက် တရုတ်စစ်ဘက်က တာဝေးပစ်ဒုံးကျည်လက်နက်များအပါအဝင် လက်နက်သစ်များကို ခင်းကျင်းပြသခဲ့ကြောင်း ဇူလိုင် ၂၂ ရက် ပီတီအိုင်သတင်းတွင် ဖော်ပြသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (ပီအယ်လ်အေ)၏ တောင်ပိုင်းတိုင်းတိုက်ခိုက်ရေးဌာနချုပ်သည် တောင်တရုတ်ပင်လယ်၏ရှေ့တန်းစစ်မျက်နှာကို တာဝန်ယူထားပြီး လက်နက်သစ်များကို ထုတ်ဖော်ပြသခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်ဒေသတစ်ခုလုံးနီးပါးကို ပိုင်ဆိုင်သည်ဟု ကြေညာထားသည့်တရုတ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံအကြား ရေကြောင်းပိုင်နက်အငြင်းပွားမှုနှင့်ပတ်သက်၍ နိုင်ငံတကာအနုညာတခုံရုံးက ဆုံးဖြတ်ခဲ့ပြီး ယင်းသမိုင်းဝင်ဆုံးဖြတ်ချက်ကို အာခံလျက် တရုတ်နိုင်ငံက လက်နက်သစ်များခင်းကျင်းပြသပုံကို နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ပြသခဲ့သည်။

အသစ်ဖွဲ့စည်းလိုက်သည့် တရုတ်တောင်ပိုင်းတိုင်းတိုက်ခိုက်ရေးဌာနချုပ်သည် အမေရိကန်နှင့်ဖြစ်ပွားလာနိုင်ဖွယ်ရှိသော မည်သည့်စစ်ရေးထိပ်တိုက်ရင်ဆိုင်တွေ့ဆုံနိုင်မှုမျိုးကိုမဆို ရင်ဆိုင်နိုင်ရန် ကောင်းစွာပြင်ဆင်ထားပြီးဖြစ်ကြောင်း စစ်လက်နက်သစ်များကို အများပြည်သူတို့အား ရှားတောင့်ရှားခဲထုတ်ဖော်ပြသခြင်းဖြစ်ကြောင်း ဟောင်ကောင်အခြေစိုက်တောင်တရုတ်နံနက်ခင်းသတင်းစာက ဖော်ပြသည်။

လက်နက်သစ်များထုတ်ဖော်ပြသပွဲသည် အဆိုပါစစ်ဌာနချုပ်သို့ တရုတ်ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဖန်ချောင်လောင်း လာရောက်ချိန်နှင့်တိုက်တိုက်ဆိုင်ဆိုင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် တရုတ်သမ္မတရှီကျင့်ဖျင်ပြီးလျှင် တရုတ်စစ်ဘက်တွင် ရာထူးအမြင့်မားဆုံး တာဝန်ရှိသူဖြစ်သည်။ တရုတ်သမ္မတရှီကျင့်ဖျင်သည် ဗဟိုစစ်ရေးကော်မရှင်(စီအမ်စီ)၏ဥက္ကဋ္ဌရာထူးအပြင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ)၏စစ်ဦးစီးချုပ်တာဝန်ကိုပါ ထမ်းဆောင်လျက်ရှိသည်။

**ပီတီအိုင်။**

# ခိုးယူခံခဲ့ရသော နှစ်ပေါင်း ၁၈၀၀ သက်တမ်းရှိ ဗုဒ္ဓကျောက်ဆင်းတုတော် အိန္ဒိယသို့ ဩစတြေးလျ ပြန်လည်ပေးအပ်မည်



**ကင်ဘာရာ ဇူလိုင် ၂၂**

ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့တော် ဩစတြေးလျ အမျိုးသားပြတိုက်(NGA)၌ ခင်းကျင်းပြသထားသော နှစ် ၁၈၀၀ သက်တမ်းရှိ ဗုဒ္ဓကျောက်ဆင်းတုတော်တစ်ဆူကို တရားမဝင် ရှေးဟောင်းပစ္စည်းမှောင်ခိုကူးသူတစ်ဦးထံမှ ဝယ်ယူခဲ့ကြောင်းတွေ့ရှိရပြီးနောက် အိန္ဒိယနိုင်ငံသို့ ပြန်လည်ပေးအပ်မည်ဖြစ်သည်။

ဒုတိယရာစုမှ အဆိုပါဗုဒ္ဓကျောက်ဆင်းတုမှာ အမြင့် ၁ ဒသမ ၃ မီတာရှိပြီး ၂၀၀၇ ခုနှစ်တွင် NGA ကိုယ်စား ဘီလျံနာ ရော့စ်ပတ်ကားက အာရှအနုပညာပစ္စည်း အထူးကျွမ်းကျင်သူ နန်စီဝီနာထံမှ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော် ယင်းကျောက်ဆင်းတုတော်ကို အမှန်တကယ်အားဖြင့် အိန္ဒိယနိုင်ငံ ဥတ္တရပရာဒေ့ရှ်ပြည်နယ် မာသူရာကျေးရွာရှိ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုမှ ခိုးယူလာခဲ့သည်ဆိုသည်ကို သတိမမူမိဘဲ နန်စီဝီနာထံမှ လက်ခံခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းမှတ်ရာများက ဆိုနေသည်။

စက်တင်ဘာလအတွင်းကျင်းပမည့် အိန္ဒိယယဉ်ကျေးမှုပွဲတော်တစ်ခုသို့ တက်ရောက်ရန် အိန္ဒိယအစိုးရ တာဝန်ရှိသူများ ဩစတြေးလျနိုင်ငံသို့ လာရောက်သည့်အချိန်တွင် အဆိုပါကျောက်ဆင်းတုကို ၎င်းတို့ထံ ပြန်လည်ပေးအပ်ဖွယ်ရှိသည်ဟုNGA ညွှန်ကြားရေးမှူး ဂျာရတ် ဗောက်ဂန်က ပြောကြားသည်။

“စက်တင်ဘာ လမှာ အိန္ဒိယအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လာရောက်မှာဖြစ်တဲ့အတွက် အဲဒီဗုဒ္ဓကျောက်ဆင်းတုတော်ကို သူတို့ထံ ပြန်လည်ပေးအပ်ဖို့ ကျွန်တော်တို့ဆွေးနွေးနေပါတယ်” ဟု ၎င်းက ဆိုသည်။

ဗောက်ဂန်၏အဆိုအရ NGA က ရှေးဟောင်းပစ္စည်းရောင်းဝယ်သူများ၏ နောက်ခံသမိုင်းကြောင်းကို စစ်ဆေးရန် ပျက်ကွက်ခဲ့မှုကြောင့် ပြတိုက်အတွင်းစုဆောင်းထားသည့် အာရှဒေသမှ ရှေးဟောင်းပစ္စည်း ၅၀၀၀ ကို ပြန်လည်ဆန်းစစ်သွားမည်ဟု သိရသည်။ ယခုကဲ့သို့ အိန္ဒိယနိုင်ငံသို့ ဗုဒ္ဓကျောက်ဆင်းတုတော် ပြန်လည်ပေးအပ်မည့်သတင်းမှာ တရားမဝင် ရှေးဟောင်းပစ္စည်းမှောင်ခိုကူးမှုဖြင့် တရားစွဲဆိုခံခဲ့ရသော NGA ၏ အဓိက ရှေးဟောင်းပစ္စည်းပေးသွင်းသူများအနက် တစ်ဦးဖြစ်သည့် ဆူ ဗက်ရှ်ကပူးအား ပြီးခဲ့သည့်လက ဖမ်းဆီးပြီးနောက် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ။**

# မြောက်ကိုရီးယား၏မသင်္ကာဖွယ်ရာ နျူစခန်းကို ရှာဖွေတွေ့ရှိရဟုဆို

**ဝါရှင်တန် ဇူလိုင် ၂၂**

နျူကလီးယားလက်နက်များထုတ်လုပ်နိုင်ရေးအတွက် ယူရေနီယမ်သန့်စင်သည့် အစီအစဉ်၏ကနဦးအဆင့်တွင်ရှိသော လျှို့ဝှက်စခန်းတစ်ခုကို မသင်္ကာဖွယ်ရာ ရှာဖွေတွေ့ရှိရကြောင်း၊ အကယ်၍ ယင်းစခန်းနှင့်ပတ်သက်၍ မှန်ကန်ကြောင်း အတည်ပြုနိုင်မည်ဆိုပါက အနာဂတ်ကာလတွင် ယင်းနိုင်ငံနှင့်မည်သို့သော နျူကလီးယားသဘောတူညီချက်တစ်ရပ်ရပ် ရယူရန်ခဲယဉ်းမည်ဖြစ်ကြောင်း အမေရိကန်သိပ္ပံနှင့်နိုင်ငံတကာလုံခြုံရေး လေ့လာရေးတက္ကသိုလ်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစက်ရုံများ သိုသိုသိပ်သိပ်ရှိမှုနှင့်ပတ်သက်၍ အမြဲတစေသံသယပွားခဲ့ကြရကြောင်း အဆိုပါတက္ကသိုလ်၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံ ယုံဗြွန်းမြို့ရှိ နျူကလီးယားစက်ရုံမှ ၂၇ မိုင် (၄၃ ကီလိုမီတာ)အကွာတွင် လျှို့ဝှက်စခန်းတစ်ခုတည်ရှိသည်ဟု ယူဆရကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယင်းစခန်းတွင် ယူရေနီယမ် သန့်စင်ခြင်း ပြုလုပ်ခြင်းရှိ၊ မရှိ အတည်ပြုနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း အဆိုပါတက္ကသိုလ်၏ဥက္ကဋ္ဌ ဒေးဗစ်အော်ဘရိုက်က ပြောကြားသည်။

**ရိုက်တာ။**

# တူရကီတပ်မတော်ကို အလျင်မြန်ဆုံး ပြုပြင်ပြောင်းလဲမည်ဟု သမ္မတအာဒိုဂန်ပြော



**အန်ကာရာ ဇူလိုင် ၂၂**

တူရကီနိုင်ငံ၌ ဇူလိုင် ၁၅ ရက်က အာဏာသိမ်းရန် ကြိုးပမ်းမှု ပေါ်ပေါက်ခြင်းမရှိမီ အာဏာသိမ်းမည့်အခြေအနေနှင့် ပတ်သက်၍ ထောက်လှမ်းရေးသတင်းများ မရရှိခဲ့ကြောင်း၊ နိုင်ငံတော်၏ တပ်မတော်ကို အလျင်မြန်ဆုံး ပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း သမ္မတ တေယက်စ်အာဒိုဂန်က ရိုက်တာသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

မအောင်မြင်သော အာဏာသိမ်းပွဲအပြီး အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီးနောက် သမ္မတ အာဒိုဂန်က ပထမဆုံးအကြိမ် လူတွေ့မေးမြန်းခန်းတွင် အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခြင်းဖြစ်သည်။

နောက်ထပ်အာဏာသိမ်းရန် ကြိုးပမ်းမှု ပေါ်ပေါက်နိုင်ဖွယ်ရှိသော်လည်း အာဏာသိမ်းရန် လွယ်ကူလိမ့်မည်မဟုတ်ကြောင်း၊ မိမိတို့အနေဖြင့် ပိုမို၍ သတိမလစ်လေ့လာစောင့်ကြည့်သွားမည်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားသည်။

တူရကီနိုင်ငံ၏ တပ်မတော်တွင် မျိုးဆက်သစ် စစ်အရာရှိများ ပါဝင်စေမည်ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားသည်။

**ရိုက်တာ။**

# စာရွက်တွေများ ပိနေသလား

## ဦးဟန်ညွန့်(ဥပဒေ)

**အမြဲတမ်းအတွင်းဝန်တစ်ဦး**

"အလုပ်တွေများလွန်းလှတယ်ဆရာ။ အမှုတွဲတွေဖတ်ရတာ တစ်နေ့တည်း မပြီးဘူး။ အိမ်ပြန်တိုင်းအိမ်အလုပ်တွေ ယူသွားရတယ်။ အိမ်ပြန်ရောက်တော့လည်း အိမ်အလုပ်တွေက စောင့်ကြိုနေပြန်ရော။ နောက်တစ်နေ့ ကားပေါ်မှာ အမှုတွဲတွေ ပြန်ပါလာပြန်ပြီ။ စာရွက်တွေ၊ အမှုတွဲတွေပိနေလို့ ဆရာ့ဆီ မလာဖြစ်တာခွင့်လွှတ်ပါ"ဟု တပည့်ဟောင်းဖြစ်ခဲ့ဖူးသူ အမြဲတမ်းအတွင်းဝန်တစ်ဦးက ဖုန်းဆက်၍ ကျွန်တော်ပြုံးမိသည်။ သြော် စာရွက်တွေ ပိနေရှာသော အတွင်းဝန်လေးပါလား။

**အလုပ်တွေက များလှသည်**

မှန်သည်။ အလုပ်တွေကများလှသည်။ ဘာတွေ ရှုပ်နေပါလိမ့်။ လက်ချိုးရေတွက်စရာ၊ ပြစရာမရှိ။ သို့သော်ငြား အလုပ်များနေသည်ကတော့ အသေအချာ။ လူကြီးကို တာဝန်ခံရ၊ ရေးရ၊ မှတ်ရ၊ အချိန်ဘယ်လိုကုန်သွားမှန်းမသိ။ တယ်လီဖုန်းက တဂွမ်ဂွမ်။ လူကြီးအခန်းက ခေါ်၍ ပြေးလွှားသွားရသေး။ မှတ်စုစာအုပ် (note book) ပင်မေ့ကျန်ခဲ့ရ။ အလိုက်မသိသော ငယ်သူငယ်ချင်း ဧည့်သည်ကလည်း ကိုယ့်စားပွဲရှေ့က မထ။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောချင်သေးသည်။ အမှုတွဲတွေက တစ်ပုံတစ်ပင်။ "နောက်မှ လာကွာ" ပြောရသည်အထိ ဧည့်သည်နှင်ချရ၏။ မပြီးသေးသော ပန်းချီကားတွေ (စာရွက်တွေ၊ အမှုတွဲတွေ)။

**စာရွက်စာတမ်းများလွန်းခြင်း**
**(TOO MUCH PAPER WORK)**

ရုံးလုပ်ငန်းတွေမှာ စာရွက်စာတမ်းများလွန်းခြင်း (Too Much Paper Work)ရောဂါ ရှိနေပါသလား။ ရှိမှာပေါ့။ ပါးစပ်နှင့် အလုပ်လုပ်တာမဟုတ်။ စာရွက်နှင့်အလုပ်လုပ်တာကိုး။ စာရွက်စာတမ်းရှိရမည်။ ဤအချက်ကို မငြင်းပယ်နိုင်ပါ။ သို့သော်ငြား. . ။

**ရှည်လျားသော အစီရင်ခံစာ**

ရှည်လျားသော အစီရင်ခံစာတွေ များနေသလား။ စဉ်းစားကြပါ။ လိုတိုရှင်းမရေးကြပါ။ ရှည်ရှည်ရေးမှ၊ ရှည်ရှည် အစီရင်ခံမှ ကြိုက်ကြသည်။ ဘယ်ခေတ်၊ ဘယ်အခါမဆို၊ တိုတိုရေးရင် သဘောမကျ။ တကယ်ကျတော့ လိုတိုရှင်းရေးတာ အကောင်းဆုံး။ အထိမိဆုံး။ အချိန်ကုန်အသက်သာဆုံး။ ပုံစံတည်ထွင်ပြီး "လိုတိုရှင်းအစီရင်ခံစာပုံစံ" ပြုစုကြရင် မကောင်းဘူးလား။ အချို့ရုံးဌာနများ တီထွင်နေကြပြီ။ အသုံးပြုနေကြပြီ။

**သံအမတ်ကြီး (ငြိမ်း)ဦးဘသွင်**

သံအမတ်ကြီး (ငြိမ်း) ဦးဘသွင်ရေးသော ဆောင်းပါးတစ်ပုဒ်။ "အမှတ်တရ ပုံရိပ်ဦးဘသွင်"ခေါင်းစဉ်ဖြင့် နိုင်ငံ့ဝန်ထမ်းဂျာနယ် (၂၀၁၀၊ မတ်လထုတ်) မှာပါသည်။ ခြောက်နှစ်ကျော်ပြီ။ မမေ့နိုင်သေး။ တစ်နေ့က ပြန်ဖတ်ကြည့်တော့ အမြဲတမ်းအတွင်းဝန်တွေ ကြုံသည့်အတွေ့အကြုံများဖြစ်နေသည်။ မှတ်သားထိုက်သည်။ ဝန်ထမ်းအားလုံး သတိပြုထိုက်သည်။ အရေးကြီးလှသည့်အချက်များ မျှဝေထားတာပါ။

**အချက် (၅)ချက်**

(၁) ရုံးလုပ်ငန်းတွင် စာရွက်စာတမ်းဖြင့် ရေးသားပြုစုရသည်များအပေါ် "ပိ" နေသည်များမရှိစေရန် Too Much Paper Work ကြောင့် နှောင့်နှေးနေခြင်း၊

(၂) ယခင်က မည်သို့ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းအပေါ် မှီခိုနေခြင်း (Over Precedent) ကိုဖြေလျှော့ရန်၊

(၃) ဌာနတစ်ခုနှင့်တစ်ခုညှိနှိုင်းရန် လိုအပ်သည့်အခါတွင်လည်း ဘော်လီဘောပုတ်သည့် လုပ်ငန်းနည်းမျိုးကို ရှောင်ရှားရန်၊

(၄) မိမိဌာန၏ အရေးပါမှုကို ပြသလိုသည့် စိတ်မစွဲစေရန် (Departmenta Lism)၊

(၅) တာဝန်ခွဲဝေမှုဖြင့် ဆုံးဖြတ်လုပ်ကိုင်တတ်ကြပြီး ချုပ်ကိုင်ထားမှုကို ဖြေလျှော့မှုရှိရန် (Centra Lisation Verses Decentralisation) တို့မှာ Balance ဖြစ်ရန် ကြိုးစားလုပ်ဆောင်ပါ။

ဝန်ထမ်းတွေ မှတ်သားစရာ ကောင်းသည်။ လက်တွေ့လုပ်ကိုင်ကျင့်ကြံဖို့လည်းလိုမည်။ ဒီအချက် (၅)ချက်ကို လက်တွေ့လုပ်ကြရင်းဖြင့် စာရွက်စာတမ်းတွေ "ပိ"တဲ့အခက်အခဲပြေလည်တန်သလောက် ပြေလည်မည်။ မျှဝေတာပါ။

**စီမံခန့်ခွဲမှုစွမ်းဆောင်ရည်**

ကျွန်တော့်မှတ်စုမှ "စီမံခန့်ခွဲမှုစွမ်းဆောင်ရည်အကြောင်း" မှတ်သားထားသည်များမှာ အောက်ပါအတိုင်း ဖြစ်သည်။ ဥပဒေအရာရှိဘဝက မှတ်စုပါ။

**၁။ အမြော်အမြင်ရှိမှု**

ရုံးဌာန၏ မဟာဗျူဟာဘာလဲ။ အခွင့်အလမ်းဘာလဲ။ ဘာတွေစွန့်စားရမှာလဲ။ ဘာတွေဖော်ထုတ်ရမှာလဲ။ ရည်မှန်းချက်ကဘာလဲ။ ဘယ်သူတွေနဲ့ ချိတ်ဆက်ရမှာလဲ။ အနာဂတ်အလားအလာဘာလဲ။ စိတ်အားထက်သန်မှု အမြန်ဆုံးထုတ်ဖော်ပြသပါ။

**၂။ ခေါင်းဆောင်မှု**

စံနမူနာပြ ခေါင်းဆောင်ပြပါ။ လုပ်ပိုင်ခွင့် ခွဲဝေပေးပါ။ အလုပ်တွေစုပြီး ချုပ်ကိုင်မထားနှင့်။ ငါတစ်ယောက်သာ လုပ်တတ်တယ်ဟု ဘယ်အခါမှ မတွေးနှင့် ။ထန်းပင်တက်လက်မှတ် ရထားသူဟု အထင်မကြီးနှင့်။ တာဝန်ခွဲပေး။ တက်တက်ကြွကြွခေါင်းဆောင်ပါ။ ပေါင်းသင်းဆက်ဆံရေးခိုင်မြဲပါစေ။ သဘောကွဲလွဲမှု ဘယ်လိုဖြေရှင်းပေးမည်လဲ။ တရားမျှတရဲ့လား။ အပြောင်းအလဲကို အမြဲဆင်ခြင်။ ရဲရဲဝံ့ဝံ့ဆောင်ရွက်။

**၃။ အခြားသူအား လုပ်ပိုင်ခွင့်ပေးပါ**

အခြားသူကို တာဝန်ခွဲပေးပါ။ မျှော်မှန်းချက်သိပါစေ။ လုပ်ကြည့်မှသိမှာ။ သူများကိုယ်ချည်းအားကိုးမနေစေနှင့်။ ရလဒ်ကောင်းဖြစ်ဖို့တော့ တာဝန်ယူနိုင်ရမယ်။ သူ့ကျွမ်းကျင်မှုကို လေးစားပါ။ အသိအမှတ်ပြုပါ။ ချီးမြှောက်ပါ။ ဆုံးဖြတ်ချက်ထဲမှာ သူတို့လုပ်အား၊ သူတို့အကြံဉာဏ်ပါဝင်ပါစေ။ သူတို့ ကိုယ်ချင်းစာတတ်သွားပြီ။

**၄။လုပ်ငန်းခွင်စီမံခန့်ခွဲမှု**

တာဝန်ခွဲပေးသောကြောင့် သူတို့ဘဝသိသွားပြီ။ လုပ်ငန်းအောင်မြင်အောင် ဘာလုပ်ရတယ်ဆိုတာ သူတို့အတွေ့အကြုံရသွားပြီ။ လုပ်ငန်းတွေ ကျွမ်းကျင်မှု လိုအပ်တယ်ဆိုတာလည်း နားလည်သွားပြီ။ စောင့်ကြည့်ကြီးကြပ်ရသည့် အဓိပ္ပာယ်ဆိုသည်ကိုလည်း သဘောပေါက်ပြီ။ ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ တုံ့ပြန်ခြင်း၊ ထောက်ကူခြင်း၊ သင်ကြားပြသပေးခြင်း၊ တီထွင်ဖန်တီးခြင်း၊ လှိုက်လှိုက်လှဲလှဲရှိလာခြင်း၊ တရားမျှတခြင်း၊ ဆန်းစစ်ခြင်း၊ အကဲဖြတ်ခြင်းတွေပါ တစ်စတစ်စသိမြင်လာပြီ။ ကိုယ်ချင်းစာတတ်လာပြီ။

**၅။ ယုံကြည်မှု တည်ဆောက်ရယူမှု**

ကြောက်ရွံ့မှု၊ စိုးရိမ်မှုတွေနည်းသွားပြီ။ ပတ်ဝန်းကျင်ကို မျှော်ကြည့်တတ်ပြီ။ ဂရုစိုက်တတ်လာပြီ။ စဉ်းစားဆင်ခြင်တတ်လာပြီ။ ကြိုတင်မှန်းဆရသော နည်းလမ်းတွေက ဘာတွေလဲ။ ကွယ်ဝှက်ထိမ်ချန် စရာရှိသေးသလား။ ထင်ထင်လင်းလင်းပွင့်လင်းမြင်သာရှိလာပြီ။ အားလုံးကို ယုံကြည်မှုထား။ အင်အားအပြည့်။ တခြားလူကိုလည်း အသိအမှတ်ပြုတန်ကောင်းရဲ့။ လျှို့ဝှက်ချက်ကတော့ ထိန်းထားရဦးမည်။ ယုံကြည်မှုရယူ တည်ဆောက်ပါ။

**၆။ဆုံးဖြတ်ချက် ချမှတ်မှု**

ရှုပ်ထွေးမှုတွေရှင်းပါ။ အဓိကပြဿနာတွေ့ပြီ။ အကြောင်းအရင်းကို ဖော်ထုတ်။ အပြုသဘော၊ အဖျက်သဘော၊ ကွဲပြားခွဲခြားတတ်ပါပြီ။ ဆင်ခြင်မည်။ သုံးသပ်မည်။ ဆုံးဖြတ်မည်။ အဆိုပါပြုခြင်း၊ ထောက်ခံခြင်း၊ နှိုင်းယှဉ်ခြင်း။ "ဒါအဖြေပါပဲ"ဟု ရဲရဲဆုံးဖြတ်ခြင်း။ သတ္တိရှိပြီ။ မှန်သော ဆုံးဖြတ်ချက်။

**အမှားကို မကြောက်နှင့်**

အလုပ်လုပ်သည့်သူတိုင်း မှားတတ်စမြဲ။ အမှားကိုမကြောက်နှင့်။ စေတနာအမှား၊ ဝေဒနာအမှား။ ခွဲခြားတတ်ပါသည်။ လူကြီးက သိပြီးသားပါ။ သိ၍ လူကြီးဖြစ်နေတာ. . ။

**တစ်ချိန်က**

တစ်ချိန်က လူကြီးလည်း သင့်နေရာမှာနေခဲ့ဖူးသူပါ။ သန့်ရှင်းတာ၊ ညစ်ပတ်တာ၊ စေတနာ၊ ဝေဒနာ သိပါတယ်ဗျာ။ ရိုးသားမှုကို အဝေးကြီးကမြင်နိုင်သည်။ ညစ်ပတ်မှု၊ စိတ်ကောင်းမရှိမှုကိုတော့ နီးနီးကလေးမှာ တွေ့နိုင်သည်။ အားနာ၍ မပြောတာ။ နားမလည်၍ မပြောတာ မဟုတ်။

**ခေတ်သစ်ချိန်ခါနေ့တစ်နေ့မှာ**

(၁) ကွန်ပျူတာခေတ်၊ e.government ခေတ်ရောက်ပါပြီ။ ခေတ်သစ်ချိန်ခါပါ။

(၂) စာရွက်တွေနှင့် ပိနေမှုကို ဖြိုခွင်းရင်းဖြင့် အလုပ်တွေပိုလုပ်နိုင်ကြတော့မှာပါ။

(၃) နှစ်ပေါင်း (၅၀)နီးပါး ခေတ်ဟောင်းစာရွက်ပုံတွေကြားထဲမှာ တာဝန်ထမ်းခဲ့ရသော ကျွန်တော်ကတော့ ကွန်ပျူတာခေတ်ကို အားကျမိသည်။

(၄) အလုပ်အားသော နေ့တစ်နေ့မှာ အမြဲတမ်းအတွင်းဝန် တစ်ယောက်၊ ကျွန်တော့်အိမ်သို့ အလည်ရောက်ပါစေ။

# စားသောက်ကုန်ဈေးနှုန်းများကြီးမြင့်လာပါက မြန်မာနိုင်ငံစားသုံးသူများအသင်းသို့ တိုင်ကြားနိုင်

**ရန်ကုန် ဇူလိုင် ၂၂**

စားသောက်ကုန်ဈေးနှုန်း ကြီးမြင့်လာပါက မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းကို တိုင်ကြားစေလိုသည်ဟု ဇူလိုင် ၂၁ ရက်က ရန်ကုန်မြို့ ကြို့ကုန်းလမ်းဆုံရှိ ညောင်ကန်အေး သာသနာ့ရိပ်သာ၌ ပြုလုပ်သော မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း၏ သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး အသင်းဥက္ကဋ္ဌ ဦးဗအုပ်ခိုင်က ပြောသည်။




အာဆီယံဒေသတွင်းနိုင်ငံများ၏ ကုန်ဈေးနှုန်းများအတိုင်း ပြည်တွင်း စားသောက်ကုန်လုပ်ငန်းရှင်များအနေဖြင့် မတိမ်းမယိမ်း ရောင်းချသင့်ပြီး ပြည်တွင်း၌ အခြေခံစားသုံးကုန်ဈေးနှုန်းများ အဆမတန်ကြီးမြင့်လာပါက အခြေခံပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာနိုင်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

"လက်ရှိအချိန်မှာ အသားငါးဈေးနှုန်းတွေက အင်မတန်မြင့်နေတယ်။ ပြည်သူလူထုဆင်းရဲသားတွေ တော်တော်ဒုက္ခရောက်တယ်။ ဒါကို အစိုးရအဆက်ဆက်က မကိုင်တွယ်နိုင်ခဲ့ဘူး"ဟု ဦးဗအုပ်ခိုင်က ပြောသည်။

ဒေသတွင်းနိုင်ငံများထက် မြန်မာနိုင်ငံတွင် စားသောက်ကုန်ဈေးနှုန်းများ ကြီးမြင့်လျက်ရှိသည်။ တရားမဝင်လမ်းကြောင်းများက ဝင်ရောက်လာသည့် စားသောက်ကုန်များကို စိစစ်၍ တရားဝင်အောင်လုပ်ခြင်းသည် ဈေးနှုန်းသက်သာစွာဖြင့် ပြည်သူများ စားသုံးနိုင်မှာဖြစ်သည်။ ယင်းကြောင့် ပြည်ပမှဝင်ရောက်လာသည့် စားသောက်ကုန်များကို တရားဝင်သည့်နည်းလမ်းဖြင့် ရောင်းချနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဟု အဆိုပါရှင်းလင်းပွဲတွင် ဖွင့်ကထပ်မံပြောသည်။

ယင်းအပြင် စားသုံးသူများအတွက် ရေးဆွဲထားသည့် စားသုံးသူကာကွယ်ရေးဥပဒေသည် လက်တွေ့၌ စားသုံးသူများကို အကာအကွယ်မပေးနိုင်ခြင်းကြောင့် ယခုအစိုးရသစ်လက်ထက်တွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်တွေ့ဆုံပြီး ဥပဒေအသစ်ပြန်လည်ရေးဆွဲသွားမည်ဟုလည်း သိရသည်။

"ဘယ်လို ရေးဆွဲသင့်သလဲဆိုတော့ တကယ်စားသုံးသူကို ကာကွယ်ပေးနိုင်တဲ့ ဥပဒေပဲဖြစ်သင့်တယ်"ဟု ဦးဗအုပ်ခိုင်က ယခုကဲ့သို့ ပြောသည်။

"ဥပဒေအဟောင်းမှာက မီဒီယာကနေဖြစ်စေ၊ လုထုဆက်သွယ်ရေး နည်းလမ်းကဖြစ်စေ လုပ်ငန်းရှင်ကိုထိခိုက်အောင် မလုပ်ရဘူးဆိုတဲ့အချက်ပါတယ်။ ဒါကဘယ်နိုင်ငံရဲ့ စားသုံးသူ ကာကွယ်ရေးဥပဒေမှာမှ မပါဘူး။ ဒါကလုံးဝကို မပါသင့်တဲ့အချက်ပဲ ဖြစ်တယ်။ စားသုံးသူကာကွယ်ရေး အသင်းအနေနဲ့ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးမှာ ကျွန်တော်တို့ကအဖွဲ့ဝင် အဖြစ်ပါပေမယ့် ဘာမှလုပ်ပိုင်ခွင့်မရှိဘူး။ ညှိနှိုင်းပြီး ဥပဒေတွေကို ဖတ်သင့်တယ်"ဟု ဦးဗအုပ်ခိုင်က ပြောသည်။

လက်ရှိအချိန်တွင် ပြည်တွင်း၌ သက်တမ်းကုန်ဆုံးသည့် စားသောက်ကုန်များ၊ စားသုံးရန်မသင့်သည့် ကုန်များနှင့် ပတ်သက်ပြီး ဈေးကွက်အတွင်း၌ စဝရာခိုင်နှုန်းခန့်ရှိသည်။ ယင်းကြောင့် ရောင်းချသူများကိုအရေးယူနိုင်ရန်အတွက် စားသုံးသူကာကွယ်ရေးအသင်းအနေနှင့် ဥပဒေအဟောင်းတွင် လုပ်ဆောင်ရန် မရနိုင်သော်လည်း ဥပဒေအသစ်တွင်မူ ယင်းကဲ့သို့ မမှန်မကန်ရောင်းချသူများကို စားသုံးသူများ ကာကွယ်ရေး အသင်းအနေဖြင့် တရားစွဲဆိုနိုင်သည်အထိရအောင် လုပ်ဆောင်သွားမည်ဟု သိရသည်။

**သတင်း-ခင်ဇာလီ၊**
**ဓာတ်ပုံ-ကိုစ**

# ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်

**ထားဝယ် ဇူလိုင် ၂၂**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်နှင့် ဝန်ထမ်းများသည် Norwegian Refugee Council (NRC) နှင့် ပူးပေါင်း၍ ဇူလိုင် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် လောင်းလုံးမြို့နယ် သကျက်တောရွာအထက(ခွဲ)ကျောင်းနှင့် မြို့ဟောင်း ရွာအထက(ခွဲ)ကျောင်းရှိ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေပုဒ်မ-၅နှင့် အကျုံးဝင်သော ကျောင်းသားကျောင်းသူများအား အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဌာန၏ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် နေ့ချင်းပြီး အခမဲ့ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ (NRC)အဖွဲ့၊ ကျောင်းအုပ်ကြီးများက ပူးပေါင်းကူညီဆောင်ရွက်ပေးပြီး ကျောင်းသားကျောင်းသူ ၄၃ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

၀

# ပြောင်းလဲဖို့လိုနေပါသေးတယ်

## ဘဏ်ဝန်ထမ်းတစ်ဦး

၂၀၁၆ ခုနှစ်ဇွန်လ ၁၃ ရက်နေ့နံနက် ၉နာရီမှာ ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းမှာရှိတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနဲ့ လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပါတယ်။ ဝန်ကြီးဌာနအောက်က ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်တို့မှတာဝန်ရှိသူများလည်း အဲဒီတွေ့ဆုံဆွေးနွေးပွဲကို တက်ရောက်ခဲ့ကြပါတယ်။ အဲဒီတွေ့ဆုံဆွေးနွေးပွဲနဲ့ ပတ်သက်လို့ (၁၇-၆-၂၀၁၆) ရက်နေ့ထုတ် ကြေးမုံသတင်းစာထဲမှာ ဖော်ပြထားတဲ့ ဆောင်းပါးရှင် ခင်မောင်ညို(ဘောဂဗေဒ)ရဲ့ဆောင်းပါးအရ အခုလို ရေးသားပြန်ကြားအပ်ပါတယ်။

ဆရာညိုရဲ့ ဆောင်းပါးထဲမှာ ရေးသားထားတဲ့အချက်တွေထဲက ဘဏ်မှာလုံလောက်တဲ့ ငွေလက်ကျန်မရှိဘဲ ချက်လက်မှတ်တွေ ထုတ်ပေးတာကို အရေးယူရေး လုပ်ထုံးလုပ်နည်းတွေရှိနေပေမယ့် အရေးယူသံမကြားရပါဘူးလို့ ဖော်ပြထားတာ မှန်ကန်သင့်သလောက် မှန်ကန်ပါတယ်။ ဘဏ်တွေဟာ ချက်လက်မှတ်ထုတ်ပေးသူ (Customer)ရဲ့ မြန်မာကျပ်ငွေစာရင်းမှာ စာရင်းလက်ကျန်ငွေ မလုံလောက်တဲ့အခါ အဲဒီချက်လက်မှတ်ကို ငွေထုတ်ပေးဖို့ ငြင်းဆိုပြီး ချက်လက်မှတ်ကို Return ပြုလုပ်ခြင်းသာ ပြုလုပ်ပေးနေကြပါတယ်။ ဒီလိုဆောင်ရွက်ရတာလည်း ချက်လက်မှတ်တွေ ကိုင်တွယ်အသုံးပြုနေကြတဲ့ Customer တွေအနေနဲ့ မရိုးဖြောင့်တဲ့သဘောနဲ့ ဆောင်ရွက်ခြင်းမဟုတ်ဘဲ စေ့စပ်သေချာမှုအားနည်းခြင်းကြောင့်သာ ယခုလိုကိစ္စရပ်မျိုးတွေ ပေါ်ပေါက်လေ့ရှိတာကြောင့် ဖြစ်ပါတယ်။ တကယ်လို့ ချက်လက်မှတ်ကို ကိုင်တွယ်အသုံးပြုတဲ့ Customer တွေဘက်က ရည်ရွယ်ချက်ရှိရှိနဲ့ ဆောင်ရွက်ခြင်းဖြစ်ခဲ့ရင်တော့ ဘဏ်တွေဘက်က ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ အရေးယူသွားမှာဖြစ်ပါတယ်။

> **သတိပြုရမယ့်တစ်ချက်က အခုလို နိုင်ငံပိုင်ဘဏ် သုံးခုကို SDN List ကနေ ပယ်ဖျက်ပြီးဖြစ်ပေမယ့် မပယ်ဖျက်ရသေးတဲ့ Burmese Sanction Regulation ကို ဆက်လက်လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ SDN List မှာ မပါဝင်တဲ့ လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီအဖွဲ့အစည်းများအနေနဲ့ ငွေလွှဲပြောင်းပေးချေရာမှာ Purpose of Payment တွေက Sanction Regulation တွေနဲ့ မငြိစွန်းခဲ့ရင် မူအားဖြင့် အမေရိကန်ဒေါ်လာနဲ့ လုံခြုံချောမွေ့စွာလွှဲပို့ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။**

နောက်တစ်ချက်အနေနဲ့ နိုင်ငံပိုင်ဘဏ်တွေကို အမေရိကန်နိုင်ငံကယခင်က ပိတ်ဆို့ကန့်သတ်မှုအနေနဲ့ (Specially Designated National List -SDN List) ထဲ ထည့်သွင်းထားရှိမှုကို ယခုနှစ် မေ ၁၇ ရက်ကစပြီး ပယ်ဖျက်ပေးတဲ့အခြေအနေကို ရေးသားလိုပါတယ်။ အဲဒီပိတ်ဆို့ရေးကာလအတွင်းက ထိန်းချုပ်ခြင်းခံခဲ့ရတဲ့ နိုင်ငံခြားငွေတွေရှိနေခဲ့ရင် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်နဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်စတဲ့ သက်ဆိုင်ရာနိုင်ငံပိုင်ဘဏ်များနဲ့ ဆက်သွယ်ပြီး ပြန်ရအောင် လုပ်ငန်းရှင်များဘက်က မျက်ခြည်မပြတ်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း ဖော်ပြလိုပါတယ်။ ဒါတင်မက SDN List မှ ပယ်ဖျက်ပြီးနောက်ပိုင်းမှာ တောင်ကိုရီးယားနိုင်ငံမှာ အခြေစိုက်တဲ့ KEB Hana ဘဏ်ရဲ့ ကမ်းလှမ်းချက်အရ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်ရဲ့ အမေရိကန်ဒေါ်လာစာရင်းကို အဲဒီဘဏ်မှာ ပြန်လည်ဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် ကိုရီးယားသို့ အမေရိကန်ဒေါ်လာနဲ့ ငွေလွှဲပြောင်းပေးချေမှုများကို ပြန်လည်စတင်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း အသိပေးလိုပါတယ်။

သတိပြုရမယ့်တစ်ချက်က အခုလို နိုင်ငံပိုင်ဘဏ် သုံးခုကို SDN List ကနေ ပယ်ဖျက်ပြီးဖြစ်ပေမယ့် မပယ်ဖျက်ရသေးတဲ့ Burmese Sanction Regulation ကို ဆက်လက်လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ SDN List မှာမပါဝင်တဲ့ လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီအဖွဲ့အစည်းများအနေနဲ့ ငွေလွှဲပြောင်းပေးချေရာမှာ Purpose of Payment တွေက Sanction Regulation တွေနဲ့ မငြိစွန်းခဲ့ရင် မူအားဖြင့် အမေရိကန်ဒေါ်လာနဲ့ လုံခြုံချောမွေ့စွာလွှဲပို့ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

Burmese Sanction Regulation နဲ့ပတ်သက်လို့ ပိုမိုသိလိုတာတွေရှိရင် www.treasury.gov/resource-center/sanctions/Programs/pages/burma.aspx မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါတယ်။ Sanction အရ သိမ်းဆည်းခံထားရတဲ့ မြန်မာနိုင်ငံဘက်က လုပ်ငန်းရှင်များနဲ့ လူပုဂ္ဂိုလ်များရရန်ရှိတဲ့ငွေတွေကို ဘယ်လိုပြန်ရအောင်လုပ်ရမလဲမသိကြလို့ လမ်းညွှန်ပေးဖို့ အဲဒီတွေ့ဆုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံ ဂျုံလုပ်ငန်းရှင်များအသင်းက တောင်းဆိုထားတာကိုလည်း ရှင်းပြလိုပါတယ်။ Sanction ကြောင့် သိမ်းဆည်းခြင်းခံထားရတဲ့ ငွေများကို ငွေပြန်လည်ရရှိမယ့် သက်ဆိုင်ရာပိုင်ရှင်များအနေနဲ့ Release of Blocked fund ကို www.treasury.gov/resource center/sanctions/pages/licensing.aspx မှာ ဝင်ရောက်ပြီး လျှောက်ထားရမှာဖြစ်ပါတယ်။ လျှောက်ထားရာမှာ ငွေလွှဲပေးပို့မှုနဲ့ပတ်သက်တဲ့ အချက်အလက်တွေ၊ သိမ်းဆည်းခဲ့တဲ့ OFAC (Office of Foreign Assets Control) နဲ့သက်ဆိုင်ရာ ဘဏ်အဖွဲ့အစည်းတွေရဲ့ အထောက်အထားအချက်အလက်တွေကို ပြည့်စုံစွာဖော်ပြပြီး ပုံစံမှာဖြည့်စွက်လျှောက်ထားရမှာဖြစ်ပါကြောင်း ရှင်းပြလိုပါတယ်။ ဘဏ်လုပ်ငန်းနှင့်ပတ်သက်ပြီး ထပ်မံသိလိုတာတွေရှိရင်လည်း နိုင်ငံပိုင်ဘဏ်တွေရှိရာကို အမြဲတမ်းလာရောက်မေးမြန်းနိုင်ပါကြောင်း ဖိတ်ခေါ်လိုပါတယ်။

ဒါ့အပြင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်အနေနဲ့ မရွှေ့မပြောင်းနိုင်တဲ့ မြေနှင့် အဆောက်အအုံကို အာမခံရယူပြီး ခိုင်မာသောလုပ်ငန်းတွေကို ဘဏ်ချေးငွေများထုတ်ချေးလျက်ရှိတဲ့အပြင် နိုင်ငံခြား ငွေကြေးနဲ့ အာမခံရယူပြီး ပို့ကုန်၊ သွင်းကုန်လုပ်ငန်းရှင်များကို ငွေလွှဲစာတမ်း စနစ်ပါ စည်းကမ်းသတ်မှတ်ချက်များနဲ့အညီ ငွေထုတ်ချေးတဲ့လုပ်ငန်း (Trade Financing) ကိုလည်း ဝန်ဆောင်မှုအသစ်အနေနဲ့ ဆောင်ရွက်ပေးနေပါတယ်။ ငွေချေးယူသူတွေဘက်ကလည်း ချေးငွေကို စည်းကမ်းချက်များနှင့်အညီ စေ့ရောက်ရက်တွေမှာ ခြွင်းချက်မရှိပြန်လည်ပေးဆပ်ရမယ့် ခံယူချက်ရှိဖို့ လိုအပ်ပါတယ်။ ဒါမှလည်း နောင်ထပ်မံလိုအပ်မယ့်လုပ်ငန်းရှင်များကို ဘဏ်မှ ဆက်လက်၍ ငွေကြေးအထောက်အပံ့ပေးနိုင်မှာဖြစ်ကြောင်း အသိပေးလိုပါတယ်။

နောက်တစ်ချက်အနေနဲ့ ဆရာညိုရေးသားထားသလို အထည်ချုပ်လုပ်ငန်းတွေကို CMP လက်ခစား လုပ်ငန်းကနေ သင်္ဘောပေါ်အရောက်တာဝန်ယူရတဲ့ FOB စနစ်ကိုဖြစ်စေ၊ ကုန်ဝယ်သူရဲ့ ဆိပ်ကမ်းရောက်တဲ့အထိတာဝန်ယူရတဲ့ CIF စနစ်ကိုဖြစ်စေ ဆောင်ရွက်သင့်တာ မှန်ကန်ပါတယ်။ CIF စနစ်နဲ့ဆောင်ရွက်မယ်ဆိုရင် အထည်ချုပ်လုပ်ငန်းတွေအတွက် နိုင်ငံခြားက CMP ကုန်ကြမ်းပစ္စည်းတွေကို ရန်ကုန်ဆိပ်ကမ်းရောက်အထိ တာဝန်ယူတင်ပို့ရပါမယ်။ မြန်မာနိုင်ငံရဲ့ အထည်ချုပ်လုပ်ငန်းများဘက်ကလည်း CMP ကုန်ချောတွေကို နိုင်ငံခြားကကုန်မှာသူတွေရဲ့ ဆိပ်ကမ်းရောက်တဲ့အထိ တာဝန်ယူတင်ပို့ရပါမယ်။ FOB ဈေးနှုန်းနဲ့ဆောင်ရွက်ရင် အထည်ချုပ်တင်သွင်းသူဘက်က အာမခံစရိတ်နဲ့ ကုန်ပစ္စည်းသယ်ပို့စရိတ်တွေသက်သာနိုင်မှာဖြစ်ပေမယ့် အပ်ကုန်စနစ်နဲ့ချုပ်ထားတဲ့ အထည်များ နိုင်ငံခြားကကုန်မှာသူတွေထံကို မရောက်ရှိခဲ့ရင် အထည်ချုပ်လက်ခကို ရရှိနိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့ အထည်ချုပ်လုပ်ငန်းများအနေနဲ့ ပြည်ပမှာရှိနေတဲ့ အထည်ချုပ်မှာကြားသူတွေနဲ့ အပြန်အလှန်ညှိနှိုင်းပြီး ဆုံးရှုံးမှုမရှိရအောင် ဆောင်ရွက်တတ်တဲ့ လုပ်နည်းလုပ်ဟန်တွေကိုလည်း လုပ်ငန်းရှင်များဘက်က ပြုပြင်ပြောင်းလဲဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

နိုင်ငံပိုင်ဘဏ်များအနေနဲ့ ပြောင်းလဲဖို့လိုအပ်နေတာတွေကို အချိန်မီသိရှိပြီး လုပ်ထုံးလုပ်နည်းနဲ့အညီ ပြုပြင်ပြောင်းလဲခွင့်ရဖို့အတွက် လုပ်ငန်းရှင်အစုအဖွဲ့တွေ၊ ကုမ္ပဏီတွေသာမက လူပုဂ္ဂိုလ်တစ်ဦးချင်းကိုလည်း အမြဲထာဝရ လှိုက်လှဲစွာကြိုဆိုနေပါတယ်။ ဆရာညိုရဲ့ "ပြောင်းလဲဖို့မလိုသေးဘူးလား" ဆောင်းပါးမှာ ရေးသားထားတဲ့အချက်အလက်တွေကို လှိုက်လှဲစွာလက်ခံကြိုဆိုပါကြောင်းနဲ့ လုပ်ငန်းရှင် (customer) များအနေနဲ့လည်း ပြောင်းလဲဖို့ လိုနေသေးသည်မှာ အမှန်ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။ ။

## မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂) တည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်သည့် မြေယာ၊ သီးနှံနှင့် အဆောက်အအုံများအတွက် လျော်ကြေးငွေနှင့် နှစ်နာကြေးများပေးအပ်

**မြဝတီ ဇူလိုင် ၂၂**

ကရင်ပြည်နယ် မြဝတီမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)တည်ဆောက်ရေးစီမံကိန်း ဧရိယာ(BCF)ဇုန်အတွင်း ပါဝင်သွားသော တောင်သူ ၁၈ ဦးအား မြေဧရိယာ၊ သီးနှံနှင့်အဆောက်အအုံများအတွက် လျော်ကြေးငွေနှင့်နစ်နာကြေးပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကရင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းဟန်စိုးက အမှာစကားပြောကြားပြီး မြဝတီခရိုင်ဥပဒေအရာရှိက



မြေယာဥပဒေနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က မြေယာ၊သီးနှံနှင့် အဆောက်အအုံများအတွက် လျော်ကြေးနှင့် နစ်နာကြေးပေးအပ်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ကရင်ပြည်နယ် လမ်းဦးစီးဌာနမှူး ဦးသောင်းဟန်စိုးနှင့် တာဝန်ရှိသူများက လျော်ကြေးငွေများ ပေးအပ်သည်။

ထိုသို့ပေးအပ်ရာ လျော်ကြေးငွေပေးအပ်ရန် ဖိတ်ကြားထားသည့် တောင်သူ ၁၈ ဦးအနက် သုံးဦးမှာ အခမ်းအနားတက်ရောက်ရန် ပျက်ကွက်ခဲ့ပြီး စုစုပေါင်း တောင်သူ ၁၅ ဦးသာ တက်ရောက်ခဲ့ရာ တောင်သူ ၁၂ ဦးမှ လျော်ကြေးငွေရယူရန် လက်ခံခဲ့သည့်အတွက် အဆိုပါ ၁၂ ဦးအတွက် စုစုပေါင်းလျော်ကြေးငွေကျပ် ၅၇၀၄၃၆၉၄၂ ကျပ်အား ပေးအပ်ခဲ့သည်။ ပျက်ကွက်ခဲ့သည့် တောင်သူသုံးဦးအနက် တစ်ဦးမှာ အခမ်းအနားပြီးမှ လျော်ကြေးငွေအား လာရောက်လက်ခံခဲ့ပြီး ခရီးလွန်ပျက်ကွက်တောင်သူနှစ်ဦးနှင့် လျော်ကြေးငွေလက်မခံသည့် တောင်သူနှစ်ဦးတို့၏ စုစုပေါင်းလျော်ကြေးငွေကျပ် ၄၂၉၅၆၃၀၅၈ ကျပ်အား မြဝတီမြို့နယ် လမ်းဦးစီးဌာနမှ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ကရင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ကရင်ပြည်နယ် လမ်းဦးစီးဌာနမှူး ဦးသောင်းဟန်စိုး၊ ကရင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး ဦးနိုင်အောင်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**



# ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကာတာသံအမတ်ကြီးနှင့် ဂျပန်နိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးတို့အား တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၂**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းသည် ကာတာသံအမတ်ကြီး H.E. Mr. Hassar Bin Mohamed Rafel Al-Emadi အား ယနေ့နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ ဂျပန်နိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီး Mr. Ro MANABE ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ သီးခြားစီတွေ့ဆုံသည်။

ကာတာနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံခဲ့ရာတွင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေး၊ သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ အပြန်အလှန် သတင်းဖလှယ်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

ဂျပန်နိုင်ငံ ဒုတိယကာကွယ်ရေးဝန်ကြီးနှင့် တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်အချင်းချင်း ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ရေး၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။**(သတင်းစဉ်)**

# ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ(အခြေခံပညာကဏ္ဍ) ဒုတိယနေ့ ကျင်းပ





**နေပြည်တော် ဇူလိုင် ၂၂**

ပညာရေးဝန်ကြီးဌာန ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အားကစားကျေးရွာ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ ဟောင်ကောင်တက္ကသိုလ်မှ Prof. Mark Bray က "Shadow Education and Community Participation" စာတမ်းနှင့် JICA Curriculum Teamမှ"Introduction to New Grade၊ Curriculum and text-book" စာတမ်းတို့ကို ဖတ်ကြားဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ) ဦးညွန့်စိုးက "လုပ်ငန်းစွမ်းဆောင်ရည်အပေါ် အခြေခံ၍ ရာထူးတိုး/ပြောင်းခြင်းဆိုင်ရာအဆိုကို လေ့လာသုံးသပ်ခြင်း" စာတမ်းကိုလည်းကောင်း၊ မန္တလေးမြို့ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဒေါက်တာတင်တင်အေးက "မိဘဆရာအသင်း ပူးပေါင်းပါဝင်မှုဖြင့် အခြေခံပညာကျောင်းများ အရည်အသွေးမြင့်မားရေးဆိုင်ရာ လေ့လာသုံးသပ်ခြင်း" စာတမ်းကိုလည်းကောင်း၊ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံကိန်း) ဦးတိုးဝင်းက "ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ဆောင်ရွက်နေသော အခြေခံပညာကဏ္ဍဆိုင်ရာ စီမံကိန်းများအကျဉ်းချုပ်"စာတမ်းကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြရာ စာတမ်းအလိုက် အဖွဲ့ငယ်အသီးသီးက ပြန်လည်တင်ပြခြင်း၊ ဆွေးနွေးညှိနှိုင်းစုစည်းခြင်း၊ မှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားကာ ၂၀၁၆ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) ဒုတိယနေ့အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

■

# ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ် ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကြီးမှူး၍ ကမ္ဘောဇဘဏ်လီမိတက်မှ အဓိကကူညီပံ့ပိုးပြီး ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယပွဲစဉ်ကို မန္တလေးတိုင်းဒေသကြီး ရေတံခွန်တောင်ဂေါက်ကွင်း၌ ဩဂုတ် ၁၁ ရက်မှ ၁၄ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ (H'cap 0 -12)၊ အမျိုးသမီး (H'cap 0 - 18)များသာ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး (St. Andrew) ဂေါက်စည်းမျဉ်းများအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဇွန် ၂၇ ရက်မှ ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ပညာရှင်အဆင့် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့် တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဖြင့် ဖုန်း-၀၉-၄၂၁၁၃၄၁၁၁၊ ၀၉-၄၂၁၀၀၂၂၅၉ တို့သို့ စာရင်းပေးသွင်းနိုင်သည်။

ယင်းပြိုင်ပွဲအတွက် ဝါသနာရှင်အဆင့်ပြိုင်ပွဲဝင် အားကစားသမား ဦးရေ ၁၁၀ သတ်မှတ်ထားသည်။ မြဝတီဘဏ်လီမိတက်ပြိုင်ပွဲမှ cut ဝင်သူ ၂၅ ဦး၊ Sponsorဘက်မှ ကစားသမား ၁၀ ဦး၊ လက်ခံကျင်းပသော ရေတံခွန်တောင်ကွင်းမှ ကစားသမား ၁၀ ဦး စုစုပေါင်း ၄၅ ဦး အပါအဝင် အားကစားသမား စုစုပေါင်း ၁၁၀ ဖြစ်သည်။ သို့ဖြစ်ပါ၍ ၁၁၀ မှ ကျန်ရှိသော အရင်ဆုံးစာရင်းပေးသူ ၆၅ ဦးကိုသာ လက်ခံပေးမည်ဖြစ်သည်။ စာရင်းပေးသွင်းထားပြီး ပြိုင်ပွဲဝင်ကြေးပေးသွင်းပြီးသူများသည် ဩဂုတ် ၈ ရက်နှင့် ၉ ရက်တို့တွင် (Official Practice Round) ကစားနိုင်သည်။ အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲမဝင်နိုင်ပါက ဩဂုတ် ၆ ရက် မွန်းလွဲ ၂ နာရီ မတိုင်ခင် အကြောင်းကြားပေးရန်ဖြစ်သည်။ အကြောင်းကြားခြင်းမပြုနိုင်ပါက နောက်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပါ။

အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲဝင်ကြေး အချိန်မီပေးသွင်းခြင်းမပြုပါက ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

**(ဖိုးသော်ဇင်)**

# ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းများမှ မွန်နှင့် ကရင်ပြည်နယ်တို့ရှိ ဒေသခံသင်တန်းသားပေါင်း ၁၅၀၀ ကျော်ပို့ချခဲ့

**ရန်ကုန် ဇူလိုင် ၂၂**

ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းလုပ်ငန်းစဉ်(LVT) သည် မွန်နှင့် ကရင်ပြည်နယ်များရှိ အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်း အခွင့်အရေးကို လက်လှမ်းမမီသော ဒေသခံအမျိုးသားများနှင့် အမျိုးသမီးများအတွက် သုံးလတာအခြေခံအဆင့် သက်မွေးပညာသင်တန်းများ အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် မေလမှ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၂ ရက်အထိ သင်တန်းသားအရည်အတွက် ၁၅၁၉ ဦးအား သင်ကြားပို့ချပေးနိုင်ခဲ့ကြောင်း အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာဖွံ့ဖြိုးမှုအစီအစဉ် Swisscontact Myanmar ရုံးမှ သိရသည်။

ကျေးလက်အခြေပြု သက်မွေးပညာသင်တန်းမှ အဝတ်အထည်ချုပ်သင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းသင်တန်း၊ ဆံပင်နှင့်မိတ်ကပ်အလှပြုပြင်သင်တန်းနှင့် ကျေးလက်စက်ပြင်သင်တန်းများ ပို့ချပေးခဲ့ကာ ဘဝအတွက် သိမှတ်စရာ ကျွမ်းကျင်မှုများကိုလည်း ထည့်သွင်းသင်ကြားပေးခဲ့ကြောင်း၊ သင်တန်းများ၌ စာတွေ့ထက်လက်တွေ့ ကျွမ်းကျင်မှုကို အသားပေးသင်ကြားပေးခဲ့ကြောင်း သိရသည်။

LVT အဖွဲ့အနေဖြင့် သင်တန်းများပို့ချနိုင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာဖွံ့ဖြိုးမှုအစီအစဉ် Swisscontact Myanmar ရုံးမှ ဆက်သွယ်ပြန်ကြားရေး မန်နေဂျာ ဒေါ်အေးသဥ္စာအောင်က ပြောသည်။

"လာမယ့် စက်တင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၂၅ ရက်အထိ စတုတ္ထအကြိမ်မြောက် သင်တန်းကိုဖွင့်လှစ်သွားဖို့စီစဉ်နေပါတယ်။ ဒီသင်တန်းကနေစပြီးတော့ လက်ရှိသင်တန်းလေးမျိုးအပြင် ပိုက်ဆက်ပိုက်ပြင်သင်တန်း၊ ပန်းရံသင်တန်းတွေကိုပါ ထည့်သွင်းပို့ချဖို့ရှိပါတယ်။ သင်တန်းအားလုံးက အခမဲ့ဖွင့်လှစ်တာဖြစ်ပြီး သင်တန်းတစ်တန်းကို ဦးရေ ၂၀ လက်ခံပါတယ်"ဟု ၎င်းက ပြောသည်။

ကျေးလက်ဒေသ အခြေပြုသက်မွေးပညာသင်တန်းလုပ်ငန်းစဉ်(LVT) သည် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု အတတ်ပညာဖွံ့ဖြိုးမှုအစီအစဉ်



(VSDP)၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဆွစ်နည်းပညာပူးပေါင်းဆောင်ရွက်ရေးဖောင်ဒေးရှင်း (Swisscontact)နှင့် နိုင်ငံတကာရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ အဖွဲ့အစည်း (IOM)တို့မှ မွန်နှင့် ကရင်ပြည်နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။ ဤအစီအစဉ်ကို မြန်မာနိုင်ငံရှိ ဆွစ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC) မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံးမှထောက်ပံ့ပေးထားသည်။ အစီအစဉ်ကို အကောင်အထည်ဖော်သည့် ကာလမှာ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီအထိဖြစ်ကြောင်း သိရသည်။

ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများကို မွန်ပြည်နယ်ရှိ မော်လမြိုင်၊ သထုံ၊ ဘီးလင်း၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်များတွင်လည်းကောင်း၊ ကရင်ပြည်နယ်ရှိ ဘားအံ၊ လှိုင်းဘွဲ့၊ မြဝတီ၊ သံတောင်ကြီးနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များတွင်လည်းကောင်း ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ စိတ်ဝင်စားသူများအနေဖြင့် သင်တန်းဆိုင်ရာအချက်အလက်များကို သိရှိလိုပါက IOM ဘားအံရုံး ဖုန်း-၀၉-၂၅၂၃၈၆၅၃၇ နှင့် IOM မော်လမြိုင်ရုံး ဖုန်း-၀၉-၂၅၂၄၃၀၂၆၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

**ဓာတ်ပုံ - swisscontact**

# လိုင်စင်သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇူလိုင် ၂၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ဖားကန့် |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ဆားလင်းကြီး |
| ၄။ | ပဲခူးတိုင်းဒေသကြီး | အုတ်ဖို |
| ၅။ | မကွေးတိုင်းဒေသကြီး | ရေစကြို၊ နတ်မောက်၊ စေတုတ္တရာ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | မြစ်သား၊ ငါန်းဇွန် |
| ၇။ | ရခိုင်ပြည်နယ် | ကျောက်တော်၊ မြောက်ဦး၊ မင်းပြား |
| ၈။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး |
| ၉။ | ရှမ်းပြည်နယ် | ညောင်ရွှေ၊ မိုင်းတိုင်၊ နောင်ချို၊ တာလေ |
| ၁၀။ | ဧရာဝတီတိုင်းဒေသကြီး | ငပုတော၊ ညောင်တုန်း၊ ကျိုက်လတ်၊ မြန်အောင်၊ကြံခင်း |

**(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ ဆီယမ်ဘွန်ဗက်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**





# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးတို့ တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး မစ္စတာ ဆီယမ်ဘွန်ဗက်အား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## အခေါက်ရွှေတစ်ကျပ်သား ရှစ်သိန်းလေးသောင်းဝန်းကျင်ရှိ ဝယ်လိုအားရောင်းလိုအားမျှတ

**ရန်ကုန် ဇူလိုင် ၂၂**

ယနေ့နံနက်တွင် မြန်မာအခေါက်ရွှေတစ်ကျပ်သား ငွေကျပ် ၈၃၈၅၀၀ ဖြင့် ဈေးဖွင့်ခဲ့ပြီး ကမ္ဘာ့ရွှေတစ်အောင်စလျှင် အမေရိကန် ဒေါ်လာ ၁၃၂၄ ဒေါ်လာရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေအသင်းအတွင်းရေးမှူး ဦးဝင်းမြင့်က ရွှေဈေးကွက်မှာ ဝယ်လိုအား ရောင်းလိုအား မျှတလျက်ရှိပြီး ရွှေဝယ်ယူစုဆောင်းမည်ဆိုပါက မိုးနှောင်းပိုင်းကာလတွင် ဝယ်ယူသင့်ကြောင်း ပြောသည်။

၁၅ ပဲရည်ရွှေတစ်ကျပ်သား ငွေကျပ် ၇၈၇၀၀၀ ဝန်းကျင်ရှိခဲ့ပြီး ပြင်ပငွေဈေးမှာ အမေရိကန် တစ်ဒေါ်လာ ၁၁၈၅ ဒေါ်လာဖြင့် ယနေ့ ညနေ ၃ နာရီတွင် မြန်မာအခေါက်ရွှေ တစ်ကျပ်သား ငွေကျပ် ၈၃၈၄၀၀ ရှိခဲ့ကြောင်း သိရသည်။

**မောင်အေး(သတင်းစဉ်)**

**❐ ရွှေ့ဖုံးမှ**

နိုင်ငံတော်သီချင်းကို မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဖွင့်လှစ်လျက်ရှိသည်။ ထိုအချိန်တွင် ပြည်သူများ၊ ဝန်ထမ်းများ၊ ခရီးသွားများ၊ နိုင်ငံခြားသားများအားလုံး ရောက်ရှိရာနေရာ၌ မတ်တတ်ရပ်၍ ဂါရဝပြုကြသည့်အပြင် သွားလာနေသော မော်တော်ယာဉ်များပါရပ်ပြီး ၎င်းတို့၏နိုင်ငံတော်သီချင်းကို ဂါရဝထားအလေးပြုခဲ့သည်မှာ မဲဆောက်-မြဝတီ ချစ်ကြည်ရေးတံတားအမှတ်(၁)မတည်ဆောက်မီ ၁၉၉၇ ခုနှစ် မတိုင်မီကတည်းက ဖြစ်သည်။

ဇူလိုင် ၂၂ ရက်တွင် အတုယူဖွယ်ကောင်းသည့် အလေ့အကျင့်တစ်ခုကို မြဝတီမြို့ဘက်ကလည်း ပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း တံတားတာဝန်ကျဝန်ထမ်းများနှင့် မြို့မိမြို့ဖများထံမှ သိရသည်။

အဆိုပါနိုင်ငံတော်သီချင်းဖွင့်လှစ်သည့်အစီအစဉ်ကို နေ့စဉ်နံနက် ၉ နာရီတွင် တစ်ကြိမ်၊ ညနေ ၃ နာရီခွဲတွင်တစ်ကြိမ် တစ်နေ့နှစ်ကြိမ် ဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာမီအချိန်တွင် ထိုင်းနိုင်ငံကဲ့သို့ ခုံတိုင်များတွင်ပါ အသံချဲ့စက်များ တစ်မြို့လုံးအတိုင်းအတာဖြင့် တပ်ဆင်ဖွင့်လှစ်သွားနိုင်ရေး ကြိုးစားသွားမည်ဖြစ်ကြောင်း မြို့မိမြို့ဖတစ်ဦးထံမှ သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

**✱ ကျောဖုံးမှ**

နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေတိုး

**ကျောင်းကုန်း ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ငါးစိမ်းတန်းအတွင်း ရေစတင်ဝင်ရောက်နေပြီ ဖြစ်သည်။ နေပူလျှင် ရေမတိုး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မိုးရေတိုးခြင်းဖြစ်သည်။ ဟင်္သာတမြို့နှင့် ငါးသိုင်းချောင်းမြို့ဘက်မှ စီးဆင်းမှုမရှိသေးသော်လည်း အောက်ရေအခံက ဤမျှအထိမြင့်နေလျှင် မတွေးရဲစရာဖြစ်နေသည်။

ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ကျောင်းကုန်းမြို့ မြို့မဈေး ငါးစိမ်းတန်းအတွင်း ရေဝင်ရောက်မှုမှာ လေးလက်မခန့်သာရှိသေးသော်လည်း မိုးရွာသွန်းစဲဖြစ်နေရာ မြစ်ကမ်းအနီး နေထိုင်သူများ ကြိုတင်ပြင်ဆင်ထားကြရန်လိုကြောင်း၊ အနိမ့်ပိုင်းဒေသများ ရေနစ်မြုပ်နေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၂**

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲများကို ဝဏ္ဏသိဒ္ဓိ Sports Complex ရှိ TC(1)၌ ယနေ့နံနက် ၈ နာရီမှစ၍ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

အမျိုးသားဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဆက်လက်၍ မွန်းလွဲပိုင်း အမျိုးသမီးဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက သုံးပွဲပြတ်ဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ဘော်လီဘောပြိုင်ပွဲများ၏ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ရုံတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကို ညနေ ၃ နာရီတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

## ချင်းတွင်းမြစ်ရေ ကလေးဝမြို့တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကလေးဝမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

**(ကြေးမုံ)**

## မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**ရမ်းဗြဲ ဇူလိုင် ၂၂**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများဖြစ်သော အဝတောင်၊ တိန်ပြင်၊ သင်းပေါင်းချောင်း၊ သပြေကျွန်း၊ သလူဗြိန်၊ မှော်ရုံနှင့် ငု/ညိုကိုင်းကျေးရွာများသို့ ဇူလိုင်လ တတိယပတ်က ကျေးလက်မြို့နယ်ဦးစီးမှူး ဦးအောင်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်စီမံကိန်းကို မိတ်ဆက်ရှင်းလင်းပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးကာ ကျေးရွာသူကျေးရွာသားများ၏ မေးမြန်းချက်များကို မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ပြီး မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို အဆင့်ဆင့်ရွေးချယ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၅၂၂)**

■

# ကြေးမုံ ဖတ်ကြည့်

**မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှု ရှိစေရေးအတွက် "ကြေးမုံဖတ်ကြည့်"ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချင်ခြင်းကို တစ်ဖက်တစ်လမ်း ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း၊ ကြေးမုံဖတ်ကြည့်ကဏ္ဍဟု ထင်ရှားစွာလိပ်မူ၍ အမှတ်(၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလ လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ကြေးမုံသတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။**

## ကျော်စောမင်း

**၁။စကားပြေအရေးအသား**

စကားပြေအရေးအသားအကြောင်းမပြောမီမှာ ကဗျာဖွဲ့ခြင်းမှစ၍ပြောရပါလိမ့်မည်။ ဂန္ထဝင်ဂိုဏ်းခေါ် ခေတ်ဟောင်းဂိုဏ်း Old School တွင် ကဗျာတစ်ပုဒ်၏ကောင်းခြင်းကို ဂုဏ်၊ ရသ၊ အလင်္ကာ၊ ဒေါသ၊ ဆန်းတို့ဖြင့် ဦးစွာအကဲဖြတ်ပါသည်။ ဒေါသလွတ်လျှင် ဖတ်ထိုက်သော ကဗျာဖြစ်ပါပြီ။ သို့သော် ဂုဏ်၊ ရသ၊ အလင်္ကာ၊ ဆန်းတို့ဖြင့် ထပ်စစ်ရသေးသည်။ အလင်္ကာမှာ အဓိကဖြစ်သည်။ အရေးအဖွဲ့တော်၍ အလင်္ကာကြွယ်ဝလျှင် ဂုဏ်ကအလိုလို မြောက်ပါသည်။ ရသအလိုလိုပေါ်ပါသည်။ အရေးအဖွဲ့မတော်သဖြင့် ဘာဝကိုလည်း မသိ၊ ဝိဘာဝ၊ အနုဘာဝ တို့ကိုလည်းမသိလျှင် စည်ယွန်းပြီး လွမ်းနေသလိုသာ ရှိမည်။ ဂုဏ်၊ ရသ၊ အလင်္ကာစသည်တို့ကို အဟောင်းဟု ထင်ကြသည်။ ဟောင်းသဖြင့် လွှင့်ပစ်ရမည်ဟုလည်း ထင်ကြသည်။ တကယ်တမ်းလေ့လာကြည့်လျှင် Imagery ခေါ် နိမိတ်ပုံ၊ symbolism ခေါ် သင်္ကေတနှင့် signification အညွှန်းတို့မှာ အလင်္ကာသဘောများမျှသာ ဖြစ်သည်။ ဥပမေကို/မြှုပ်သွေထားချန်/ဥပမံမျှ/ အကျဉ်းပြက/သမာသအလင်္ကာတို့သည် သမာသ (သမာသ်)ကို ကြည့်ပါ။ မျက်နှာငွေလသည် ရုပ်တူကိုပြ၊ ရူပက ဟူသော အဆိုအရ ရူပကအလင်္ကာဖြစ်သည်။ စက်ခန်းဆောင်မှာ၊ ငွေလသာသည်ဆိုသောဝါကျတွင် မျက်နှာဟူသော အညွှန်းခံ aigrified ကိုမြှုပ်ထားပြီး ငွေလဟူသော signifier ကိုသာပြလိုက်သဖြင့် သမာသအလင်္ကာ ဖြစ်သွားပါသည်။ ကျွန်တော်တို့၏ ဟောင်းအိုသော အလင်္ကာကျမ်းသည် ခေတ်မီနေဆဲဟု သိနိုင်ပါ၏။

ဆန်းကိုကျွန်တော်တို့ ပစ်ပယ်ခဲ့ကြပြီ၊ ဆန်းစစ်သည် ဟူသော စကားမှာ ဂါထာတို့၊ ကဗျာတို့ကို ဆန်းနည်းဖြင့် စစ်ခြင်းဟု မူရင်းအဓိပ္ပာယ်ရှိသည်။ ဆန်းသည် စာလုံး (ဝဏ္ဏ)တို့၏ "တာ" (duration)ကို စစ်ခြင်းဖြစ်သည်။ ဆန်းစစ်ပြီးဂိုဏ်းဖွဲ့ရသည်။ ဣဋ္ဌဂိုဏ်းလေးခုနှင့် အနိဋ္ဌဂိုဏ်းလေးခုရှိသည်။ ဝဏ္ဏတို့၏ မတြာကိုယူပြီး ဂိုဏ်းဖွဲ့ခြင်းဖြစ်သည်။ အစသုံးလုံးကိုသာယူရသည်။ သဲသာသောင်မြေဆိုပါစို့။ သဲသာသောင်၏ မတြာမှာ ၂-၂-၂ ဖြစ်သည်။ အကျယ်ကို ကဗျာ့ဗန္ဓသာရမှအစ ကဗျာ့စွယ်စုံကျမ်းအထိ ကဗျာဖွဲ့နည်းများတွင် ကြည့်နိုင်ကြပါသည်။

ဆန်းကိုကျွန်တော်တို့ ပယ်ခဲ့ကြသည်။ ပါဠိဂါထာများ အတွက်သာအသုံးကျပြီး မြန်မာကဗျာနှင့် စကားပြေ အတွက် သိပ်အသုံးမဝင်သည့်အပြင် အလင်္ကာနှင့်လည်း ဘာမျှမဆိုင်သောကြောင့်ဖြစ်၏။ လဝန်းသော်တာ အစချီ ပိုဒ်စုံရတုဆိုပါစို့။ မတြာအရ ၁-၂-၂ ဖြစ်သည်။ မတ်ဘုံ ဇေဟုအတိုမှတ်ချက်အရ မဂိုဏ်း၊ ဘုမ္မစိုးနတ်စောင့်၊ ဇေဋ္ဌနက္ခတ်ဟုသိရသည်။ ထိုသို့သိရခြင်းသည် ကဗျာ၏ အားအင်ကိုမည်သို့မျှ အထောက်အကူမပြုပေ။ အသုံးချတန်ဖိုး ဘာမျှမရှိ။

စာရေးရာတွင် လောကအမြင်နှင့်စကားပြေအလှတို့ အရေးကြီးသည်။ လောကအမြင်သည် ဆင်ခြင်မှုမှ လာသော်လည်း ခံစားမှုနှင့်သာဆိုင်သည်။ စကားပြေ အတတ်ပညာကား သိမှတ်မှု၊ ကျွမ်းကျင်မှုတို့နှင့်ဆိုင်သည်။ နောက်တစ်မျိုးဆိုရလျှင်လောကအမြင်သည် နှလုံးသား၏ ပင်ကိုစွမ်းရည် (ပါရမီ)ဖြစ်ပြီး စကားပြေအတတ်ပညာ ကား ဖြည့်ဆည်းလေ့ကျင့်မှုနှင့် ဆိုင်သည်။

စကားပြေအတတ်ပညာကို stylistics ဟုခေါ်ပါသည်။ ရှည်ရှည်ဝေးဝေးရှင်းမပြဘဲ အတိုချုပ်ရလျှင် ထို"ရေး ဟန်ဗေဒ" ကျမ်းမှာ စကားပြေအတွက်ရော ကဗျာအတွက်ပါ သုံးစွဲနိုင်သော ခေတ်ပေါ်အလင်္ကာ ကျမ်းဖြစ်သည်။ ရိုးရိုးရှင်းရှင်းနှင့် ခပ်ကျဉ်းကျဉ်းပြောထားသော ကျမ်းများရှိသကဲ့သို့ ခန့်ခန့်ထည်ထည်ကျမ်းကြီး တစ်ဆူအဖြစ် ပြုစုထားသည်များလည်းရှိသည်။ ဘယ်လိုပင်ရှိစေ ရေးဟန်ဗေဒမှာ အလင်္ကာမြောက်မှုများကို ရှင်းပြဖွင့်ဆိုခြင်းဟု ပြောနိုင်သည်သာ။

စာကိုဂရုတစိုက်ရေးသားလေ့ရှိသူများသည် "ခြိမ့်၊ ဖြင့်၊ တွင်၊ ၏ ၊ပိမ့်၊ လှည့်၊ မည်၊ အံ့၊ လော့၊ တုံ၊ မုံ့၊ သား" အစရှိသောကြိယာ ၆၀ ကိုအလွန်ဂရုစိုက်ပါသည်။ မြင်မိ၊ မြင်လိုက်၊ မြင်ရ၊ တွေ့ပေသည်၊ ကြားချေသည်၊ နာယူရပေသည်ဆိုသော အရေးအသားမျိုးကို အရမ်းမရေး။ ရန်ကုန်ဘဆွေ၏ စကားနက်ကို ဖတ်ဖူးလျှင်ပို၍ဂရုစိုက်တတ်လာပါမည်။

ရေးဟန်ပညာကိုသိလိုသူ၊ စာရေးခြင်းပညာကိုတိုးမြှင့်ကြိုးစားလိုသူများအတွက်(၁)ရန်ကုန်ဘဆွေ၏ စာအုပ်သုံးအုပ်ဖြစ်သော (က)သီကုံးပန်းသွင်ရေးဖွဲ့ချင်သော်၊ (ခ) ပန်းသွင်သီကုံးရေးနည်းထုံးကားနှင့် (ဂ)စာရေးခြင်းအတတ်ကျမ်း သုံးအုပ်ကိုညွှန်းလိုပါသည်။ ခေတ်ပေါ်ချဉ်းကပ်မှုများ အတွက် မောင်ခင်မင်(ဓနုဖြူ)၏ ရေးဟန်ပညာနိဒါန်းကို ညွှန်းလိုပါသည်။

**၂။ ကဗျာ**

ခေတ်ပေါ်ကဗျာကို အမျိုးသားစာပေဆုတွင် ထည့်သွင်းချီးမြှင့်သင့်ပြီဟု ကျွန်တော်တပ်လှန့်ခဲ့ပါသည်။ အမျိုးသားအဆင့်ဖြစ်နေ၍ ကောင်းလိုက်တာ၊ ကြိုက်လိုက်တာ ဆိုရုံလေးနှင့်မရ။ ဘယ်လိုကြီးမြတ်မှုတွေ၊ နက်နဲမှုတွေ ပါဝင်နေ၍ ကောင်းရကြောင်းကို ရှင်းပြနိုင်မှုဖြစ်သည်။ ထို့ကြောင့် မူချမှတ်ရမည်။ မူဆိုသည်မှာ ဤနေရာတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းပြည်အကျိုးပြုရေး၊ စာရိတ္တမြင့်မားအောင် အထောက်အကူပြုရေး စသော ရေခဲရိုက်ပုံစံခွက်များကို မဆိုလိုပါ။ ထိုမူဟောင်းဘောင်ဟောင်းများသည် အနုပညာစံမဟုတ်။ အနုပညာနှင့်မဆိုင်။ အကျိုးပြုကဗျာ ပြိုင်ပွဲဝင်စည်းကမ်းများသည် ဒီလိုရေးလျှင် ဒီဆုရမည်ဟုသာ ပြောသည်။ ကဗျာဖြစ်လာလိမ့်မည်ဟု အာမမခံ။ ခေတ်ပေါ်ကဗျာကျတော့ "ကဗျာဖြစ်ခြင်းနှင့် အနုပညာမြင့်မားခြင်း" က အဓိကဖြစ်သည်။ ထိုအချက်နှစ်ချက်ကို အကဲဖြတ်ဖို့ ပညာလိုပါသည်။ ရှေးရိုးအလင်္ကာကျမ်းတွေမှာ နှံ့စပ်နေရုံနှင့်မရ၊ ရေးဟန်ပညာ Stylistics၊ ဘာသာဗေဒ Linguistics တို့မှာပါ ကျွမ်းကျင်နေရမည်။ ထိုသို့ကျွမ်းကျင်ရုံနှင့်လည်း မပြီးပါ။ ခေတ်ပေါ်ကဗျာကို ချစ်မြတ်နိုးပြီး စေတနာသုံးစွဲ၍ အလှရှာဖွေနိုင်မှုလည်း လိုပါသည်။

ခေတ်ပေါ်ကဗျာကို ပထမဆုံးမိတ်ဆက်ပြခဲ့သည်မှာ ဇင်နိုးကြူးခေတ် (၁၉၇၀ တစ်ဝိုက်) က ဖြစ်သည်။ နောက်ပိုင်းတွင် ဇော်ဇော်အောင် ထင်ရှားလာသည်။ ထို့နောက် မျိုးသန့်၊ နရီမင်း။ ယနေ့ကာလမှာတော့ ကဗျာချစ်ပညာရှင်တို့၏ အားထုတ်မှုက အားကောင်းလာခဲ့ပါပြီ။

အစောပိုင်းကာလများမှ ရေးသားချက်တချို့ကို ကျွန်တော်သဘောတွေ့လှသည်မဟုတ်။ နိုင်ငံခြားပညာရှင်များ၏ ဝေဖန်စာများကို ဘာသာပြန်ခြင်း၊ ပုံတူကူးဆွဲယူပြခြင်းတို့ကို နတ်လမ်းညွှန်လောက်မျှသာဟု ယူဆပါ၏။ နည်းတော့ရမည်။ သို့သော် မြန်မာ့ခေတ်ပေါ်ကဗျာကို ထိုနည်းသစ်များ သုံးစွဲချဉ်းကပ်ပြခြင်းမျိုးက မရှိသလောက်ရှားသည်။ ၁၉၉၅ နောက်ပိုင်းတွင်တွေ့ရသော တစ်ဦးတလေကမူ ဟုတ်နိုးယောင်ထင်ရအောင် လိမ္မာစွာရေးသည်။ "ဒီနေရာမှာ ဒီကွန်စထရပ်ရှင်း လုပ်ထားတာ ကျေးဇူးတင်စရာ ကောင်းလှပါတယ်" ဆိုသော အရေးအသားမျိုးဖြင့်ရေးခြင်းဖြစ်သည်။ ဘယ်လို deconstruction လုပ်သွားသည်ကို ဆုံးဆုံးပြတ်ပြတ် ဆုံးဖြတ်မပြ။

ထင်ထင်ရှားရှားတွေ့ရသော လိုအပ်ချက် deficiency တစ်ခုမြန်မာဘာသာစကား၏ အသံအင်အားကို စိစစ်မှုဖြစ်သည်။ ကဗျာဆရာအစစ်သည် ဘာသာစကားနှင့်အသံဖွဲ့စည်းမှုတွင် မွေးရာပါ ပါရမီရှိသည်။ ဥပမာများစွာကို မပြတော့ဘဲ ဒဂုန်တာရာ၊ ကြည်အေးနှင့် မောင်ချောနွယ်တို့ကိုပဲ ဥပမာပေးပါမည်။ သူတို့၏ တချို့သောစာကြောင်းများတွင် အသံသစ်အတွဲအစပ်နှင့် ထိုအသံသစ်ကြောင့်ပေါ်ထွက်လာသော အင်အားများဖြင့် ဝေစည်နေသည်ကို ခံစားရပါသည်။ ကြုံလျှင်လူငယ်ကဗျာဆရာများ၏ ပါရမီများကိုလည်း ထပ်ပြပါဦးမည်။ ခေတ်ပေါ်ကဗျာကို ဖတ်ရာတွင် အခံရှိမှရသည်ဟု ကျွန်တော်ရေးခဲ့ဖူးပါသည်။ ဖတ်ရန်အတွက်ပင် ပညာလိုအပ်နေပါလျှင် အကဲဖြတ်ဖို့အတွက် ဘယ်လောက်ပညာ ဖြည့်ဆည်းထားရမလဲ ဆိုသည်ကို စဉ်းစားနိုင်ကြမည်ထင်ပါသည်။

ခေတ်ပေါ်ကဗျာလေ့လာရာတွင် မြန်မာဘာသာဖြင့် ရေးထားသော ကဗျာများကိုပါ အကဲဖြတ်ပြထားသည့် စာအုပ်တစ်အုပ်ထွက်ပါသည်။ ဇော်ဇော်ထွန်းနှင့် ကျော်ဇောခိုင်တို့၏ နှင်းမြူရိပ်ကိုမြင်လျှင် (၂၀၁၁+ စာအုပ်တိုက်) ဖြစ်ပါသည်။

**၃။ ကြည့်**

MRTV-4မှ ချစ်သူပေးတဲ့ကတိစကား အမည်ရှိ ဇာတ်လမ်းတွဲအသစ်သည် ထာဝရချစ်သူသည်သာ ပြီးသွားခဲ့ပြီ။ ထိုဇာတ်လမ်းတွဲမှ ဂန်ဆယ်နာသည် အလွန်ကောက်ကျစ်သည်။ သူကကောက်ကျစ်သလောက် ဂျင်းဆုန်းအာက ရိုးအလှသည်။ ရိုးလိုက်သမှ တုံးသည့်အဆင့်ရောက်အောင် ညံ့ဖျင်းသည်။ ယခုဇာတ်လမ်းတွဲတွင် ယူဂျင်းအမည်ရှိ စိတ်ပုပ်မသည် ကောက်ကျစ်လှသည်။ ခပ်ညံ့ညံ့ ကိုရီးယားဇာတ်လမ်းတွဲတွေမှာ တွေ့ရတတ်သော လူသားမဆန်လောက်အောင် စိတ်ပျက်စရာကောင်းသော စရိုက်များဖြစ်သည်။

ဤသို့ စရိုက်မျိုးကို ပရိသတ်ကြိုက်မည်ထင်၍ ကြိုးကြိုးစားစားရိုက်ကူးနေကြသော လူ့အဖွဲ့အစည်းသည်

(က) ပညာရည်မမြင့်သည့် ခပ်ပေါပေါနိုင်ငံသားတွေက အများစုဖြစ်နေလိမ့်မည်။

(ခ) ဖန်တီးသူများက လူကြိုက်များပြီး ဝင်ငွေရလျှင် ပြီးရောဟု သဘောထားနေကြခြင်း (ဝါ) ငွေနောက်လိုက်နေပြီး ငွေမှလွဲ၍ကျန်တာဘာမှဂရုမစိုက်ကြခြင်းဖြစ်မည်။

(ဂ) ဤလို ခပ်ညံ့ညံ့ခပ်ပေါပေါ အနုပညာတွေကို "ဖန်တီးထုတ်လုပ်ခြင်းဖြင့် ကိုယ့်လူမျိုးတစ်မျိုးလုံးသည် ဤလိုအောက်တန်းစားအပြုအမူ အတွေးအခေါ်များရှိသောလူမျိုးအဖြစ် ကမ္ဘာက အမြင်စောင်းသွားမည်ကို မစိုးရိမ်တတ်သော အနုပညာရှင်များ ရှိနေ၍ ဖြစ်သည်။

(ဃ) သို့တည်းမဟုတ် ထိုလူ့အဖွဲ့အစည်းတွင် ငွေမက်ခြင်း၊ ကုလားထိုင်အတွက် ကောက်ကျစ်ခြင်း၊ ကိုယ်ချင်းစာတရားခေါင်းပါးခြင်း၊ တစ်ကိုယ်ကောင်းစိတ်လွန်ကဲခြင်းတို့ လွှမ်းမိုးလွန်းနေ၍ဖြစ်မည်။

မြန်မာပြည်၏ ရုပ်မြင်သံကြားတွင်လည်းကောင်း၊ ဗီဒီယိုဈေးကွက်တွင်လည်းကောင်း တွင်ကျယ်နေသော ဇာတ်လမ်းအများစုတွင်လည်း ဇာတ်နာအောင် ကောက်ကျစ်စိတ်ပုပ်ပြခြင်းများ၊ သည်းမခံနိုင်လောက်အောင် ပေါသော ကြောင်တောင်တောင် ဟာသကွက်များကိုတွေ့နေရပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်တို့၊ ဗီဒီယိုကားတို့အတွက်တာဝန်ရှိပါသည်။ သို့သော် ယဉ်ကျေးမှုဝန်ကြီးဌာနကရော စွက်ဖက်ပိုင်ခွင့်မရှိဘူးလား။ ခေတ်ဟောင်းယဉ်ကျေးမှုကမှ ယဉ်ကျေးမှုမဟုတ်ပေ။ ခေတ်ဟောင်းယဉ်ကျေးမှုသည် သမိုင်းဖြစ်၏။ အမျိုးသားပိုင်ခွင့်ဖြစ်၏။သို့သော် ကမ္ဘာနှင့် ရင်ဆိုင်နေရသည်က ခေတ်ပေါ်ယဉ်ကျေးမှုဖြစ်သည်။ ခေတ်ပေါ်ယဉ်ကျေးမှုဖြင့် မြန်မာသည် ကမ္ဘာကိုပြရသည်။ မြန်မာဆိုတာ ဒါပဲဟေ့ဟု ကိုယ်စားပြုရသည်။ ဘယ်လိုဝတ်ပုံစားပုံ၊ တွေးပုံခေါ်ပုံကို မြန်မာဟုခေါ်မည်လဲ။ ဘယ်လိုယဉ်ကျေးမှုဖြင့် မြန်မာကို ကိုယ်စားပြုမည်လဲ။







ယဉ်ကျေးမှုတစ်ခုကို တည်ဆောက်ရသည်မှာ အချိန်ယူရပါသည်။ ပြိုပျက်သွားသော ယဉ်ကျေးမှုဟောင်းတစ်ခုကို ပြန်လည်တည်ဆောက်ယူရသည်မှာ ပိုမိုခက်ခဲသည့်အပြင် အချိန်လည်းပိုယူရပါသည်။ စေတနာကြီးကြီးလည်းထားရပါသည်။

**၄။ ဖတ်မိသမျှ**

(က) ငါတို့ခေတ်က တက္ကသိုလ်၊ ရွှေကူမေနှင်း၊ ရန်အောင်စာပေ(၂)၊ ၂၀၁၄ ဧပြီ ဒုတိယအကြိမ် (လွတ်လပ်မှုကို ခွဲခြားစဉ် အသိပညာ ဖြန့်ကြက်ရာဖြစ်သော တက္ကသိုလ်ဆိုသည့် အငွေ့အသက်တို့ ပျောက်ဆုံးသွားခဲ့သည်မှာ နှစ် ၅၀ နီးပါပြီ။ ၁၉၆၀ မတိုင်မီက တက္ကသိုလ် အငွေ့အသက်များကို လူငယ်များ ပြန်လည် ခံစားကြည့်စေချင်ပါသည်။)

(ခ) ဖြစ်ပျက်ရှာပုံတော်ခရီးသည်၊ မင်းဒင်၊ သက်ခိုင်စာပေ၊ မေ ၂၀၁၃။ (သက်ခိုင်ဝတ္ထု နှစ်အုပ်တွဲဖြင့် တစ်ဟုန်တိုးထင်ရှားလာပြီး သရော်စာများဖြင့်လည်း နာမည်ကြီးနေသော စာရေးဆရာ မင်းဒင်၏ ထူးခြားသော လက်ရာ၊ ဘာသာရေးကိုယ်တွေ့များ၊ အတွေးအမြင်များဖြစ်၍ မထူးဆန်းဟုထင်ရသော်လည်း သက်ခိုင်အကြောင်းသိနေကြသူများအဖို့ အဖျော့တွတ္တစူးစမ်းမှုတစ်ခုအဖြစ် ဖတ်ကြည့်လျှင် ဖတ်ထိုက်သောစာဟု သိနိုင်ပါလိမ့်မည်။

(ဂ) ပမာမခန့်စာတမ်းများ၊ တက္ကသိုလ်ဘုန်းနိုင် အပါအဝင် ၁၆ ဦး၊ မန်းချောင်းစာပေ၊ ဩဂုတ် ၂၀၁၃ (အက်ဆေးသည် ရေးရန်အခက်ဆုံး စာပေအမျိုးအစားထဲတွင်ပါသည်။ ပမာမခန့်ဟု အမည်ပေးထားခြင်းကပင် ထွင်းဖောက်ခြင်းကိုပြနေလေရာ ဇော်ဇော်အောင်၊ သိမ်းတင်သာ၊ မင်းခတ်ရဲ အစရှိသော ဆရာများ၏ လောကအမြင်ကို မြည်းစမ်းနိုင်ကြမည်ထင်ပါသည်။ ။

❑

# ကရင်ပြည်နယ် လွှတ်တော်စာကြည့်တိုက်သို့ စိုက်ပျိုးရေးနည်းပညာပေးစာစောင်များ လှူဒါန်း



**နေပြည်တော် ဇူလိုင် ၂၂**

ကရင်ပြည်နယ် လွှတ်တော်စာကြည့်တိုက်အတွက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင်ထွန်းနှင့်ဇနီး ဒေါက်တာငွေငွေစိုးမိသားစုက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ဧည့်ခန်း၌ ပြုလုပ်သည်။

လှူဒါန်းပွဲတွင် စိုက်ပျိုးနည်းပညာစာအုပ် ၆၈ အုပ်နှင့် လယ်ယာစီးပွားသတင်းဂျာနယ်စောင်ရေ ၇၀ ကို အလှူရှင်ဒေါက်တာရဲတင့်ထွန်းနှင့်ဇနီး ဒေါ်ငွေငွေစိုးတို့ကိုယ်စား လယ်ယာစီးပွားသတင်းဂျာနယ် အယ်ဒီတာချုပ် ဦးမြတ်စိုး(လှိုင်)က ပေးအပ်လှူဒါန်းရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းတို့က လက်ခံ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**သန်းဦး(လေးမျက်နှာ)**

# မိုးရှာမြို့ တိုင်းဒေသကြီးပြည်သူ့အားကစားကွင်းအတွင်းရှိ ပြေးလမ်းကို နိုင်ငံတကာအဆင့် Synthetic ပြေးလမ်းအဖြစ် အဆင့်မြှင့်တင်မည်

**မုံရွာ ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မီတာ ၄၀၀ ပြေးလမ်းကို နိုင်ငံတကာအဆင့် Synthetic (ရာဘာပြေးလမ်း-သို့-ဓါတုဗေဒပြေးလမ်း)အဖြစ် ဩဂုတ်လကုန်တွင် စတင်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းအောင်ထံမှ သိရသည်။

"တိုင်းဒေသကြီး ပြည်သူ့အားကစားကွင်းမှာ လက်ရှိပြေးလမ်းကို ချော်ခင်းထားတာဖြစ်ပြီး လာမယ့်ဩဂုတ်လကုန်မှာ ဓာတုဗေဒပြေးလမ်းလို့လည်းခေါ်သလို ရာဘာပြေးလမ်း မီတာ ၄၀၀ ကို ခင်းသွားမှာဖြစ်ပါတယ်။ ရာဘာပြေးလမ်းကို နေပြည်တော်၊ ရန်ကုန်နဲ့ မန္တလေးမှာသာခင်းထားပြီး ပြည်နယ်နဲ့တိုင်းဒေသကြီးတွေထဲမှာ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့အားကစားကွင်းမှာ ပထမဦးဆုံးခင်းဖို့ စီစဉ်တာဖြစ်ပါတယ်။ ကွင်းတစ်ပတ်မီတာ ၄၀၀ ရှိပြီး ရှစ်ယောက် ပြေးလမ်းမီတာ ၁၀၀ က ရှစ်လိုင်းပြေးလမ်းရှိမှာဖြစ်ပြီး မီတာ ၄၀၀ က ခုနစ်ယောက်ပြေးလမ်း ခုနစ်လိုင်းရှိမှာ ဖြစ်ပါတယ်"ဟု ဦးသန်းအောင်က ပြောသည်။

ပြည်သူ့အားကစားကွင်းအတွင်း မီတာ ၄၀၀ ပြေးလမ်း အဆင့်မြှင့်တင်ရန် ဇူလိုင်လကုန်ပိုင်းတွင် တည်ဆောက်မည့်ကုမ္ပဏီကို တင်ဒါခေါ်ယူ၍ ဩဂုတ်လကုန်တွင် စတင်ပြုလုပ်သွားမည်ဖြစ်ရာ ပြေးလမ်းသည် စတုရန်းပေ ၄၂၇၀၀ ရှိကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် ပြေးခုန်ပစ်အားကစားတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် ရှေ့မှဦးဆောင်ခဲ့သည့်စံချိန်ကို ပိုင်ဆိုင်ခဲ့ဖူးရာ အဆိုပါအစဉ်အလာကို မျိုးဆက်သစ်ပြေးခုန်ပစ်အားကစားသမားများ ထိန်းသိမ်းနိုင်ရန် နိုင်ငံတကာအဆင့်မီပြေးလမ်းကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း သိရသည်။ ပြေးခုန်ပစ်အားကစားသမားများ စီးသောဖိနပ်တွင် သံချောင်းလေးများစွာပါဝင်သည့်အတွက် လက်ရှိရိုးရိုးချော်ပြေးလမ်းထက် ရာဘာပြေးလမ်းက ပို၍သက်သက်သာသာ အန္တရာယ်ကင်းစွာ ပြေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း ပြေးလမ်းကိုအဆင့်မြှင့်တင်ခြင်းအပြင် စစ်ကိုင်းမြို့နယ် အားကစားကွင်းတွင် ဂါလန်တစ်သောင်းဆံ့ မြေအောက်ရေလှောင်ကန်နှင့် ဂါလန် ၁၆၀၀ဆံ့ သံကူကွန်ကရစ်ရေစင်တို့ကိုလည်း တည်ဆောက်သွားမည်ဖြစ်သည့်အပြင် ဘောလုံးကွင်းကိုမြေညှိကာ မြက်စိုက်၍ နှန်းဖွဲပြာထည့်ကာ သုံးပေအကျယ် ပေ ၁၃၀၀ အရှည်ရှိ Apron And Drain ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ဦးသန်းအောင်ထံမှ သိရသည်။ စစ်ကိုင်းမြို့ အားကစားကွင်းတွင် ဖူဆယ်အားကစားရုံကို တည်ဆောက်သွားမည့်အပြင် ဘုတလင်မြို့၊ ဆားလင်းကြီးမြို့၊ မြောင်မြို့၊ အရာတော်မြို့၊ ကနီမြို့၊ ပုလဲမြို့၊ ရေဦးမြို့၊ ကလေးဝမြို့၊ ပင်လည်ဘူးမြို့၊ မော်လိုက်မြို့၊ ကသာမြို့၊ မြင်းမူမြို့၊ ချောင်းဦးမြို့၊ ဗန်းမောက်မြို့၊ ခန္တီးမြို့၊ ဒီပဲယင်းမြို့၊ ထီးချိုင့်မြို့နှင့် ကောလင်းမြို့တို့ရှိ ပြည်သူ့အားကစားကွင်းများတွင် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာများကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ယင်းမာပင်မြို့ ပြည်သူ့အားကစားကွင်းအတွင်း အလျား ပေ ၁၂၀၊ အနံ ပေ ၉၀ ရှိ အားကစားရုံတည်ဆောက်သွားမည်ဖြစ်သလို ကန့်ဘလူမြို့ ပြည်သူ့အားကစားကွင်းအတွင်း ကာယဗလနှင့် အလေးမအားကစားရုံတို့ကို တည်ဆောက်ပေးသွားမည့်အပြင် မင်းကင်းမြို့ ပြည်သူ့အားကစားကွင်းအတွင်း အလျားပေ ၁၀၀၊ အနံ ၂၈ ပေရှိ ပွဲကြည့်စင်သစ်နှင့် မီတာ ၄၀၀ ပြေးလမ်းကို ဖော်ဆောင်ကာ Innerfencing ကို ကာရံပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# မန္တလေး-မူဆယ်လမ်းပိုင်းတွင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

**ကျောက်မဲ ဇူလိုင် ၂၂**

ရန်ကုန်- မန္တလေး- မူဆယ် ကုန်တင်ယာဉ်ကြီးများ လူမှုကွန်ရက်အဖွဲ့က ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့် ဒေသခံမီဒီယာသမားများ ပူးပေါင်းကျင်းပသည့် တာဝန်အပြင် စေတနာနှင့်အနစ်နာခံကာ ခရီးသွားပြည်သူများနှင့် ကုန်တင်ယာဉ်ကြီးများကို အချိန်အခါမရွေး နေပူမိုးရွာမရှောင် ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကျောက်မဲခရိုင်အမှတ်(၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ကျောက်မဲ၊ နောင်ချိုမြို့နယ်တို့မှ ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၂၁ ရက် မွန်းလွဲပိုင်းက ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ် အကြားရှိ ဂုတ်တွင်းတံတားထိပ်အနီးတွင် ကျင်းပရာ ကျောက်မဲမြို့နယ် (ခေတ္တ) ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းတင့်နှင့် နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေးတို့က ဂုတ်တွင်းလမ်းအခြေအနေနှင့် လမ်းကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့သည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး ရန်ကုန်- မန္တလေး- မူဆယ် ကုန်တင်ယာဉ်ကြီးများ လူမှုကွန်ရက်အဖွဲ့မှ ယာဉ်မောင်းကြီးများက ကျောက်မဲခရိုင်အမှတ် (၁၂၀) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် ကျောက်မဲ၊ နောင်ချိုမြို့နယ်များမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒု-ရဲမှူးချစ်စိန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

"မန္တလေး- မူဆယ်လမ်းက ကုန်သွယ်မှုအချက်အချာအကျဆုံးလမ်းဖြစ်ပြီး ပွင့်လင်းရာသီရောက်ရင် ကုန်သွယ်စီးဆင်းမှု များလာတဲ့အတွက် ဖြတ်သန်းသွားလာတဲ့ ယာဉ်စီးရေလည်း ပိုများလာပါတယ်။ ဒါကြောင့် ဒီလမ်းပိုင်းကို အလေးထားပြုပြင်ပေးစေချင်ပါတယ်"ဟု ယာဉ်မောင်းတစ်ဦးက ဆိုသည်။

ယာဉ်မောင်းကြီးများက ယာဉ်ထိန်းတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒု-ရဲမှူးချစ်စိန်က "ကျွန်တော့်လုပ်သက်တစ်လျှောက်မှာ ဒီလိုဂုဏ်ပြုချီးမြှင့်ခြင်းခံရတာ ဒါပထမဆုံးအကြိမ်ပါ။ လမ်းပိတ်ပြီဆိုတာနဲ့ ကျွန်တော်တို့အင်အားကုန်သုံးပြီး အမြန်ဆုံးလမ်းပွင့်အောင် ကူညီဆောင်ရွက်ပေးတယ်။ ဘယ်လောက်ပဲ ပင်ပန်းပင်ပန်း လမ်းပွင့်သွားပြီဆိုရင် ပျော်ကြရပါတယ်။ ဂုတ်တွင်းလမ်းက ကျဉ်းပါတယ်။ လမ်းပိတ်ပြီဆိုတာနဲ့ နှစ်ဖက်ယာဉ်ကြောတွေ ရပ်တန့်စေပြီးမှ အမြန်ဆုံးလမ်းပွင့်အောင် ဆောင်ရွက်ရပါတယ်။ လမ်းပွင့်ပြန်ရင်လည်း လမ်းကျဉ်းတဲ့အတွက် ယာဉ်ကြောတစ်ဖက်တည်းကိုသာ အလှည့်ကျစေလွှတ်ပေးရတယ်။ အဲဒီအချိန်မှာ စိတ်ရှည်သည်းခံကြဖို့ လိုပါတယ်။ အခုလို ခေတ်စနစ်ပြောင်းနေတဲ့ အချိန်မှာ ယာဉ်မောင်းတွေကို အကြောက်တရားနဲ့ ပြောဆိုဆက်ဆံတာထက် ယာဉ်မောင်းတွေကိုယ်တိုင် အသိတရားလေးနဲ့ လိုက်နာဆောင်ရွက်ကြဖို့ ပြောချင်ပါတယ်"ဟု ဆိုသည်။

မန္တလေး- မူဆယ်လမ်းပိုင်းတွင် နေ့စဉ်ယာဉ်စီးရေငါးထောင်ခန့် ဖြတ်သန်းသွားလာလျက်ရှိပြီး မတ်လဆန်းပိုင်းက ဂုတ်တွင်းလမ်းပိုင်း၌ သုံးရက်ခန့် အချိန်အကြာဆုံး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မလတ်(ကျောက်မဲ)**

# ငါ့သရောက်မြို့တွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစီမံချက် မိတ်ဆက်ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ငါ့သရောက် ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်အတွင်းရှိ အသက်မပြည့်သေးသည့်ကလေးသူငယ်များကို မတော်မတရားပြုမူခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့် အကြမ်းဖက်ခြင်း စသည့်အချက်များကို ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း စီမံချက် မိတ်ဆက်ရှင်းလင်း ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ငါ့သရောက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစီမံချက် မိတ်ဆက် ရှင်းလင်းဆွေးနွေးပွဲသို့ ငါ့သရောက်မြို့ အုပ်ချုပ်ရေးမှူး လွှမ်းထက်မောင်၊ ညောင်ဦးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ (လ/ထ)ကွင်းဆင်းကြီးကြပ်ရေးမှူး ဦးတင့်နိုင်ဝင်း၊ ရတနာ့မေတ္တာ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ ကွင်းဆင်းကြီးကြပ်ရေးမှူး ဒေါ်စိုးမိုးပိုင်နှင့်အဖွဲ့ဝင်များ၊ ငါ့သရောက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ငါ့သရောက်မြို့ အုပ်ချုပ်ရေးမှူး လွှမ်းထက်မောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ညောင်ဦးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ (လ/ထ)ကွင်းဆင်း ကြီးကြပ်ရေးမှူး ဦးတင့်နိုင်ဝင်းနှင့် ရတနာ့မေတ္တာ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှ ကွင်းဆင်းကြီးကြပ်ရေးမှူး ဒေါ်စိုးမိုးပိုင်တို့က ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစီမံချက် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည့် လုပ်ငန်းအခြေအနေများအား အသေးစိတ်ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ငါ့သရောက်မြို့ အမှတ်(၁)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူး ဦးတင်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဆေးဝါးရောင်းချရာတွင် စနစ်တကျသိုလှောင်ရောင်းချရေးဆွေးနွေး

**မန္တလေး ဇူလိုင် ၂၂**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေးဌာနခွဲ)နှင့် မန္တလေးခရိုင်အတွင်းရှိ ဆေးဝါးလက်လီ၊ လက်ကားရောင်းချသူများ၊ ဆေးကုမ္ပဏီများ၊ ပုဂ္ဂလိကဆေးရုံများမှ ဆေးရုံအုပ်ကြီးများ၊ အထွေထွေရောဂါကုဆရာဝန်များနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဒေါက်တာသိင်္ဂီဇင်က အများပြည်သူများ ဆေးဝါးသုံးစွဲရာတွင် လုံခြုံစိတ်ချစေရန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံဆေးဝါးဥပဒေအရ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါး၊ ရောနှောဆေးဝါးများ၊ ဘေးဥပဒ်ဖြစ်စေနိုင်သည့်ပစ္စည်းများဖြင့် ဖော်စပ်ထုတ်လုပ်ထားသော ဆေးဝါးများ၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရန်နှင့် လိုင်စင်ပါ စည်းကမ်းများလိုက်နာရန် ပျက်ကွက်ပါက ပြစ်မှုနှင့်ပြစ်ဒဏ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဒေါက်တာဇင်ဇင်နွယ်က ဆေးဝါး၏ အရည်အသွေးအာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှုသည် ဆေးဝါးသိုလှောင်သိမ်းဆည်းမှုစနစ်တွင် မူတည်နေ၍ သိုလှောင်သိမ်းဆည်းမှု မကောင်းပါက အရည်အသွေးပျက်ပြယ်နိုင်သည့်အပြင် ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်နိုင်၍ ဆေးဝါးများအားစနစ်တကျ သိုလှောင်သိမ်းဆည်းရောင်းချရေးကိုလည်းကောင်း ရှင်းလင်းပြောကြားရာ တက်ရောက်လာသည့် ဆေးကုမ္ပဏီများ၊ ဆေးဆိုင်ပိုင်ရှင်များက သိလိုသည်များကို မေးမြန်း ဆွေးနွေးကြသည်။

သုံးစွဲနေသော ဆေးဝါးများတွင် မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ်မပါရှိလျှင်သော်လည်းကောင်း၊ သုံးစွဲနေကျဆေးဝါးများ၏ အရည်အသွေးကို သံသယဖြစ်လျှင်သော်လည်းကောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ၃၅ လမ်း ၆၃ လမ်းနှင့် ၆၄ လမ်းကြား မဟာအောင်မြေမြို့နယ် ဖုန်း ၀၂၆၂၁၁၈ သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၂၂**

ရန်ကုန်(ရွှေဈေး) ၈၃၆၀၀၀ - ၈၃၆၀၀၀ မန္တလေး(ရွှေဈေး) ၈၃၆၀၀၀ - ၈၃၆၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၆၀ ကျပ်၊ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၄၅/၅၆၀ ကျပ်၊ | ၆၁၀/၆၃၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၈၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၂၇ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၅၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၁.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၀၂.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၆.၉၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၃.၇၇၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၁.၅၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၅၈၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၁၅.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃.၉၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၅.၆၇ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၁.၄၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၅- ၇ -၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆:၀၀ အဖွင့်
မိုးလေဝသအစီအစဉ်
ပြောင်မြောက်တဲ့ သူ့လက်ရာ
၆:၂၀ ကာတွန်းအစီအစဉ်
"Minuscule Valley of the Lost Ants"(အပိုင်း-၁)
၇:၁၀ -ကတ်ဆက်ဇာတ်လမ်း
"မတည့်အတူနေ"
၈:၂၀ MRTV-4 Entertainment Music
၈:၄၀ စာရေးဆရာ ချစ်ဦးညို (အပိုင်း-၁)
၉:၀၀ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉:၁၀ ရိုးရာဝလေ့နဲ့မိုးနဲ့
၉:၃၀ တေးဂီတအစီအစဉ်
၉:၅၀ မြန်မာရုပ်ရှင်
"အိုင်အိုဒင်းကိုကိုကြီးနှင့် ဝိတိုရိယားဘုရင်မ"
၁၂:၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါမည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆:၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၃၅ Hyper Sports
၈:၃၅ ပန်းပျိုးခင်း(အပိုင်း-၂)
၈:၅၀ "လင်းလက်လာတော့မည့် မျှော်လင့်ချက်ရောင်ခြည်များ"
၉:၃၅ Business News
၁၀:၃၅ ကဗျာရိပ်မြုံ"ဇာတ်လိုက်များ"
၁၁:၁၅ "ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး" (ကြက်ဟင်းခါးသီးနှင့် ကြက်ဟင်းခါးရွက်)
၁၁:၃၅ ချစ်စရာ့အရွယ်ကစားကြမယ်
၁:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၆၇)
၂:၁၅ "လူတိုင်းအခွန်ပေးဆိုင်တိုင်း အခွန်ကောက်ခံ"
၂:၃၀ အနုပညာသတင်းအစီအစဉ်
၃:၁၅ Ooredoo MNL-1 2016ဘောလုံး ပြိုင် ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ချင်းယူနိုက်တက် FCနှင့် Horizon FC)
၅:၃၅ NHK Program "ဂျပန်လောင်စာဆဲလ် ထုတ်လုပ်မှု နည်းပညာ"
၅:၅၀ "ရန်ကုန်တိုင်းဒေသကြီး၊ ငါးလုပ်ငန်းစခန်း(လှော်ကား)
၆:၃၅ Tadsy Trip
၇:၁၅ "သူ" (အပိုင်း-၆)(ပြေဇင်၊ မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုံနှံ့သာ) (ဒါရိုက်တာ- ဘိုသန့်)
၈:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၈:၃၅ "၂၀၁၆ ခုနှစ်၊ မုန်တိုင်းအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခန်း"
၉:၀၀ ပြည်တွင်းသတင်း
-ဂီတတံခါးလေးဖွင့်ပါဦး
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား"(အပိုင်း-၂၀)
-ဂီတသမား၊ ဂီတစကား "ဗောဓိပင်နှင့် ရွှေပင်လွင်" (ဂီတစာဆို ဦးမောင်မောင် လတ်၊ ဦးဝင့်အောင်)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### MRTV- 4

၅:၀၀ ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၄၀ "ဓမ္မစကြာ အနတ္တလက္ခဏသုတ်" တရားတော် [ဆရာတော်အရှင် အရဝိန္ဒာဘိဝံသ(ရွှေလင်းယုန်ဆရာတော်)]
၉:၀၀ Drive It
၉:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Mingalar Cineplex ရုပ်ရှင်ရုံသစ်ဖွင့်ပွဲ)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၅၇)
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၀၅ Star တို့ရဲ့လက်ရာ
၁၁:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၁+၂)
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [အဆိပ်ပင် (အပိုင်း-၃)]
၅:၀၀ မြန်မာ့အရသာစစ်စစ် အသင့်စားခေါက်ဆွဲတစ်ခု မွေးဖွားလာခြင်း
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ ကတိစကား" (အပိုင်း-၁၁)
၇:၁၅ Let's Talk
၇:၅၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး"[ရန့်ပြယ်နှင်းဆီ (အပိုင်း-၁)]
၈:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၅၈)
၉:၃၅ MUSIC LIVE Tonight
၁၀:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၃+၄)

### မြဝတီရုပ်မြင်သံကြား

၆:၀၃ တရားတော်
၇:၀၀ မေတ္တာပို့
၇:၁၀ ဓမ္မပူဇာတေး
၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈:၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၉:၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
၉:၃၅ ခရီးလည်းသွားစကားလည်းဆို
၉:၅၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၀:၁၅ စာပေအလင်းစာပေသတင်း
၁၀:၃၀ Cooking Art
၁၀:၄၅ Happy Time
၁၁:၁၀ English For Myanmar
၁၁:၀၇ မျိုးချစ်တပ်မတော်
၁၁:၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂:၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
-မာန၏နောက်ကွယ်
ပြေတီဦး၊မိုးဟေကိုနှင့် သရုပ်ဆောင်များ
ဒါရိုက်တာ မိုက်တီး
၁၂:၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မေတ္တာအသချေ
အပိုင်း(၈၀)
၁၄:၃၀ သံစဉ်များနှင့်ကမ္ဘာ
၄:၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၅၀ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ Run & Cook
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဖေဖေကြီးကိုချစ်တယ်
အပိုင်း(၄၀)
၅:၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆:၁၀ စားဖိုဆောင်ချစ်သူ
၆:၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မြစ်တစ်စင်းရဲ့အလကာ်
အပိုင်း(၃၀)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- လူ့ရှင်တော်စတား
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အနားမညီတြိဂံ
အပိုင်း(၁၇)

## မိသားစုဘဝသရုပ်ဖော် အန်နီမေးရှင်းကာတွန်းကား Finding Dory



Finding Dory ဇာတ်ကားဟာ Dory လို့ခေါ်တဲ့ မျက်လုံးပြူးပြူးနဲ့ အပြာရောင် ခန္ဓာကိုယ်ရှိပြီး မကြာခဏ မေ့လျော့တတ်တဲ့ရောဂါရှိတဲ့ငါးမလေး တစ်ကောင်အကြောင်းကို ပုံဖော်ထားတဲ့ သရီးဒီအန်နီမေးရှင်းဇာတ်ကား တစ်ကားဖြစ်ပါတယ်။

Dory ငါးမလေးဟာ မှတ်ဉာဏ် မကောင်းဘဲ မကြာခဏမေ့လျော့တတ် ပေမယ့် ငယ်စဉ်ကတည်းက ကွဲကွာခဲ့တဲ့ မိဘတွေကို အကြောင်းတိုက်ဆိုင်ပြီး သတိရလာတာကြောင့် သူငယ်ချင်း တွေဖြစ်တဲ့ နီမိုတို့ရဲ့ အကူအညီနဲ့ ရှည်လျားတဲ့ ခရီးစဉ်ကိုဖြတ်သန်းပြီး ရှာပုံတော်ဖွင့်ပါတော့တယ်။

အဲဒီလိုလိုက်လံရှာဖွေရင်းနဲ့ ပင်လယ် ရေသတ္တဝါမျိုးစုံကို ထိန်းသိမ်းမွေးမြူထားတဲ့ Marine Life Institute ဌာနကိုရောက်လာပါတယ်။ Dory ငါးမလေးရဲ့မိဘတွေဟာ အဲဒီဌာနမှာ ရောက်နေခဲ့ပြီး သူရဲ့မိဘတွေနဲ့ ပြန်လည်ဆုံတွေ့ဖို့အခွင့်အရေးဟာ မိဘနှစ်ပါးကို ရေနေသတ္တဝါဌာနကနေ လွတ်မြောက်အောင်ကြိုးစားလုပ်ပေး နိုင်မှသာ ဖြစ်မှာမို့ Dory ငါးမလေးဟာ သူ့သူငယ်ချင်းမိတ်ဆွေတွေရဲ့ အကူအညီနဲ့ မိဘနှစ်ပါးကို လွတ်မြောက်အောင် လုပ်ပေးပုံကို ဝေ့ါဒစ်စနေးမှ ရိုက်ကူးတင်ဆက်ထားသော မိသားစုဘဝ သရုပ်ဖော်အန်နီမေးရှင်း ကာတွန်းကားတစ်ကား ဖြစ်ပါတယ်။

Finding Dory ဇာတ်ကားသည် ၂၀၀၃ ခုနှစ်က ထွက်ရှိခဲ့သည့် Finding Nemo ဇာတ်ကား၏နောက်ဆက်တွဲ ဇာတ်ကားလည်းဖြစ်ပြီး အမေရိကန် သရုပ်ဆောင် Ellen DeGeneres နှင့် Albert Brooks တို့က အသံသရုပ်ဆောင်များအဖြစ် ပါဝင်ထားသည်။

ဒီဇာတ်ကားကို ဇွန် ၈ ရက်က အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မှာရှိတဲ့ El Capitan Theatre မှာ စတင်ပြသခဲ့တာဖြစ်ပြီး ရုံဝင်ငွေအနေနဲ့ အမေရိကန်ဒေါ်လာသန်း ၇၂၀ကျော် ရရှိနေပြီဖြစ်တယ်လို့လည်း သိရပါတယ်။ နောက်ပြီး Finding Dory အန်နီမေးရှင်းဇာတ်ကားဟာ မြောက်အမေရိကရဲ့အန်နီမေးရှင်းဇာတ်ကား သမိုင်းမှာ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ပြီး ပူးတွဲထုတ်လုပ်ခဲ့တဲ့ Pixarရဲ့ တရုတ်နိုင်ငံမှာ အအောင်မြင်ဆုံးဖြစ်နေတဲ့ ဇာတ်ကားတစ်ကားလည်း ဖြစ်ပါတယ်။

## ဘရာဇီးတွင် ကျင်းပမည့် ရီယိုအိုလံပစ်ပွဲတော်တွင် ဘရာဇီးမော်ဒယ် အန်ဒရီယာလီမာ ပါဝင်ကူညီဆောင်ရွက်မည်




ဩဂုတ် ၅ ရက်မှ ၂၁ ရက်အထိ ဘရာဇီးနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ရီယိုအိုလံပစ်ပွဲတော်(၂၀၁၆ ခုနှစ်နွေရာသီအိုလံပစ်ပွဲတော်)တွင် ဘရာဇီးနွယ်ဖွား မော်ဒယ်တစ်ဦးဖြစ်သည့် အန်ဒီရာလီမာက Food and Culture Correspondents အဖြစ် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ဘရာဇီးနိုင်ငံသူ နိုင်ငံသားတွေရဲ့ သွေးထဲမှာ အားကစားစိတ်ဓာတ်အပြည့်ရှိတဲ့ သွေးတွေစီးဆင်းနေတာပါ။ ဒီလိုကြီးကျယ်ခမ်းနားတဲ့ အားကစားပွဲကြီးကို ကျွန်မတို့နိုင်ငံမှာ ကျင်းပခွင့်ရတာကိုပဲ ဂုဏ်ယူမဆုံးဖြစ်နေတာပါ။ ဒါ့မှ ဒီပွဲကိုလာတဲ့ ကမ္ဘာတစ်ဝန်းက အားကစားပရိသတ်တွေကို ကျွန်မတို့ရဲ့ ယဉ်ကျေးမှုတွေကို ပြသခွင့်ရမှာပါ" ဟု ဗစ်တိုးရီးယား၏ မော်ဒယ်တစ်ဦးဖြစ်သူ အန်ဒီယာလီမာက People မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

## The Purge series ၏ တတိယမြောက် နောက်ဆက်တွဲဇာတ်ကား The Purge: Election Year

ရွေးကောက်ပွဲတစ်ခုကိုအခြေခံထားပြီး Purgenignt ဟုခေါ်သည့် အကြမ်းဖက်ညပွဲတော်ကို မလိုလားသူတစ်ဦးနှင့် ပွဲတော်ဆင်နွှဲသူများအကြား ဖြစ်ပွားသည့်ဖြစ်စဉ်တစ်ခုကိုရိုက်ကူးပုံဖော်ထားတဲ့ The Purge: Election Year ဇာတ်ကားသည်လည်း ယခုရက်သတ္တပတ်အတွင်း အသစ်ရုံတင်ပြသမည့် ဇာတ်ကားများတွင် အပါအဝင်ဖြစ်ပါတယ်။

ဒီဇာတ်ကားဟာ The Purge series ရဲ့ တတိယမြောက်နောက်ဆက်တွဲ




ဇာတ်ကားဖြစ်ပြီး ၂၀၁၄ ခုနှစ်က ထွက်ရှိခဲ့တဲ့ The Purge: Anarchy ရဲ့ နောက်ဆက်တွဲဇာတ်လမ်းတစ်ပုဒ်လည်း ဖြစ်ပါတယ်။ ဇူလိုင် ၁ ရက်မှာ အမေရိကန်မှာ စတင်ဖြန့်ချိပြသခဲ့တာဖြစ်ပြီး ယခုအချိန်ထိ ရုံဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ကျော်ရရှိနေပြီလို့လည်း သိရပါတယ်။

ဇာတ်လမ်းအကျဉ်းကို တင်ပြရရင် ရဲတပ်ကြပ်တစ်ဦးဟာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ Purgeလို့ခေါ်တဲ့ အကြမ်းဖက်တဲ့ညမှာ အရက်မူးသမားတစ်ဦးမောင်းတဲ့ ကားကြောင့် မမျှော်လင့်ဘဲ သားဖြစ်သူကို ဆုံးရှုံးလိုက်ရလို့ ပူဆွေးသောက ဖြစ်နေရပေမယ့် လက်စားချေဖို့အစီအစဉ်ကိုတော့ စွန့်လွှတ်လိုက်ပါတယ်။

လက်ရှိမှာ ရဲတပ်ကြပ်ကြီးဟာ လာမယ့်ရွေးကောက်ပွဲမှာသမ္မတအဖြစ် အရွေးခံမယ့်အမျိုးသမီးအမတ်ရဲ့လုံခြုံရေးအကြီးအကဲဖြစ်နေပါတယ်။

အမျိုးသမီးအမတ် Roan ဟာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ Purge ပွဲတော်မှာ အကြမ်းဖက်လုပ်ရပ်တွေပြုလုပ်တဲ့ လုပ်ရပ်တွေကို ဆန့်ကျင်သူတစ်ဦးဖြစ်ပြီး အပြစ်မဲ့ပြည်သူတွေသေဆုံးရတာကို ရပ်တန့်စေချင်တာကြောင့် သမ္မတအဖြစ် ရွေးကောက်ခံရပါက အဆိုပါပွဲတော်ကို ရပ်တန့်စေရမယ်လို့ မဲဆွယ်စည်းရုံး ပါတော့တယ်။ Roan ရဲ့ ခင်ပွန်းဟာလည်း လွန်ခဲ့တဲ့ ၁၈ နှစ်က အဲဒီပွဲတော်မှာ အသက်ဆုံးရှုံးခဲ့ရတာကြောင့် သူရဲ့ဆုံးဖြတ်ချက်က ခိုင်မာနေခဲ့ခြင်းဖြစ်ပါတယ်။

ဒါပေမယ့် အစိုးရအဖွဲ့ဝင်အတော်များများကတော့ Roan ရဲ့မဲဆွယ်မှုကို ဆန့်ကျင်နေကြပြီး ပြန်ဒုက္ခပေးဖို့စီစဉ်နေကြပါတယ်။ ဒီလိုနဲ့ အကြမ်းဖက် ပွဲတော်ကို ဆန့်ကျင်သူ သမ္မတလောင်း Roan နဲ့ ရဲတပ်ကြပ်ကြီးတို့ဟာ သူတို့နဲ့ ခံယူချက်တူ အကြမ်းဖက်ပွဲတော်ကိုဆန့်ကျင်တဲ့အဖွဲ့သားတွေနဲ့ ဆုံတွေ့မိတဲ့အခါ ဘာတွေဆက်ဖြစ်ကြမလဲဆိုတာတော့ ရင်သပ်ရှုမောဖွယ်ခံစားနိုင်မယ့် သည်းထိတ်ရင်ဖို စိတ်ကူးယဉ်အက်ရှင်ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။

မျိုးစန္ဒာမောင် - စုစည်းသည်

# တိုက်စစ်မှူး ဂေါ့ဇီအား ဒေါ့မွန်အသင်း ပြန်လည်ခေါ်ယူ


ဒေါ့မွန်အသင်းသည် တိုက်စစ်မှူးဂေါ့ဇီအား ဘိုင်ယန်မြူးနစ်အသင်းထံမှ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုကာ ပြန်လည်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂေါ့ဇီသည် ၂၀၁၃ ခုနှစ်အတွင်း ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသို့ မပြောင်းရွှေ့မီက ဒေါ့မွန်အသင်းနှင့်အတူ ပွဲပေါင်း ၈၃ ပွဲ ပါဝင် ကစားပေးထားခဲ့သည်။

“ဒေါ့မွန်အသင်းကနေ ထွက်ခွာသွားတဲ့ ၂၀၁၃ ခုနှစ်ကတည်းက တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒေါ့မွန်အသင်းကို ပြန်လာလိမ့်မယ်ဆိုတာ မျှော်လင့်ထားခဲ့ပြီးသားပါ” ဟု ဒေါ့မွန်အသင်း အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဟန်ဂျို အာချင် ဝက်ဇ်ကီက အသင်း၏ ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်။

တိုက်စစ်မှူး ဂေါ့ဇီသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဘွန်ဒက်လီဂါဖလားသုံးကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သည့်အပြင် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဂျာမနီအသင်း ဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်သည်။

တိုက်စစ်မှူး ဂေါ့ဇီသည် ၂၀၁၃ ခုနှစ်အတွင်းက ဒေါ့မွန်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၃၁ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ယင်းအချိန်က ဂျာမန်အပြောင်းအရွှေ့ဈေးကွက်တွင် ဈေးအကြီးဆုံးလည်းဖြစ်ခဲ့ရသည်။ **(ငွေကြယ်)**



# အပြောင်းအရွှေ့ဘုရင် ရီးယဲလ်မက်ဒရစ်ကို နောက်ကောက်ချမယ့် မန်ယူ

**မေလွဲ့သင်း**






**ရီးယဲလ်မက်ဒရစ်အသင်းဆိုတာ ကမ္ဘာပေါ်မှာရှိတဲ့ အကောင်းဆုံးဆိုတဲ့ ကစားသမားတွေကိုရဖို့ အမြင့်ဆုံးပြောင်းရွှေ့ကြေးသုံးစွဲလာနေတာ (၁၅) နှစ်ကျော်ကာလကို ချဉ်းနင်းလာတာကြောင့် “အပြောင်းအရွှေ့ဘုရင်” လို့ အားလုံးက လက်ခံထားလာတဲ့အသင်းဖြစ်ပါတယ်။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်ရဲ့ ၁၀ စုနှစ်ကျော် လွှမ်းမိုးလာမှုကို မန်ယူအသင်းက ချိုးဖျက်မယ့် အလားအလာတွေကို မြင်တွေ့လာရပါပြီ။ ဂျူဗင်တပ်ကွင်းလယ်လူ ပေါလ်ပေါ့ဘာအတွက် မန်ယူက ပြောင်းရွှေ့ကြေး ပေါင်သန်း၁၀၀ ပေးချေဖို့ သဘောတူထားပြီး ဖြစ်ပါတယ်။ ပေါ့ဘာ မန်ယူကို ရောက်လာပြီလို့ အတည်ပြုချက် မထုတ်ပြန်နိုင်သေးပေမယ့် နောက်ဆုံးအဆင့်အဖြစ်ဆေးစစ်ဖို့သာ ကျန်တော့တယ်လို့ သိရပါတယ်။ ပေါ့ဘာသာ မန်ယူကိုရောက်လာလျှင် ပေးချေရမယ့် ပြောင်းရွှေ့ကြေးဟာ ကမ္ဘာ့စံချိန်ဖြစ်လာမယ့်အပြင် ရီးယဲလ်မက်ဒရစ်ရဲ့ အပြောင်းအရွှေ့ဈေးကွက်မှာ (၁၀) စုနှစ် တစ်ခုကျော် လွှမ်းမိုးထားမှုကို အဆုံးသတ်မယ့်ကြေးလည်း ဖြစ်လာပါလိမ့်မယ်။**

ဒီတော့ ရီးယဲလ်မက်ဒရစ်ရဲ့ ခြေလှမ်းတွေကို ပြန်ပြီး နောက်ကောက်ဆွဲကြည့်ကြရအောင်ပါ။ ကမ္ဘာပေါ်မှာရှိတဲ့ ကြေးအမြင့်ဆုံးဆိုတဲ့ ကစားသမားတွေဟာ ရီးယဲလ်မက်ဒရစ်ရဲ့ ဂျာစီအဖြူရောင်ကိုသာ ဝတ်ဆင်လာခဲ့ရတာ တိတိကျကျပြောရရင် (၁၆) နှစ်နီးပါး ကြာမြင့်လာခဲ့ပါပြီ။ ၂၀၀၀ ပြည့်နှစ် ရီးယဲလ်ဥက္ကဋ္ဌကြီး ဖလော်ရန်နိုပီရက်ဇ်က ဥက္ကဋ္ဌ မဲဆွယ်ပွဲမှာ “ကျွန်တော့်ကို မဲပေးကြပါ။ ကျွန်တော် ဘာစီလိုနာက လူးဝစ်ဖီဂိုကို ရအောင်ခေါ်ပေးပါ့မယ်”လို့ ပြောခဲ့ပြီး တကယ်ပဲ ခါးသီးတဲ့ ပြိုင်ဘက်အသင်း ဘာစီလိုနာက ထိပ်တန်းကစားသမားကို ရအောင်ခေါ်ပေးခဲ့ပါတယ်။ ပီရက်ဇ်ဟာ အဲဒီအချိန်တုန်းက ဖီဂိုအတွက် ဘာစီလိုနာကို ပြောင်းရွှေ့ကြေး ပေါင် ၃၇ သန်း(ယူရို ၆၂သန်း) သုံးစွဲပြီး ရအောင်ခေါ်ပေးခဲ့ပြီး ရွေးကောက်ပွဲကတိကို တည်စေခဲ့ပါတယ် (မှတ်ချက်ယူရိုငွေကြေး ပမာဏကို စာဖတ်သူတွေ မြင်သာအောင်သာ ရေးသားဖော်ပြတာဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်ဝန်းကျင်မှာ ယူရိုငွေ မပေါ်သေးပါဘူး)။ ဒါ့ကြောင့်လည်း ဘာစီလိုနာ ပရိသတ်တွေဟာ အယ်လ်ဂလက်စီကို ပွဲစဉ်တွေမှာဆိုရင် ဖီဂိုကို ပစ်မှတ်ထားပြီး လှောင်ပြောင်တာမျိုး၊ ပီရက်ဇ်ရဲ့နာမည်ကို အော်ပြီး မကျေနပ်တာကို ပြသတာမျိုးတွေကို လုပ်ဆောင်ပြလေ့ရှိပါတယ်။

ဖီဂိုအတွက် ရီးယဲလ်မြှုပ်နှံခဲ့တဲ့ ပေါင် ၃၇ သန်းဟာ အဲဒီအချိန်က တစ်နှစ်တည်းမှာ လာဇီယိုက တိုက်စစ်မှူး ဟာနန်ခရစ္စပိုအတွက် ပါးမားအသင်းကို ပေးချေခဲ့ရတဲ့ ပြောင်းရွှေ့ကြေး ပေါင် ၃၅ ဒသမ ၅သန်းကို ကျော်တက်သွားခဲ့ပြီး ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ဖီဂိုကို ခေါ်ယူခဲ့မှုဟာ ပီရက်ဇ်ရဲ့ အိပ်မက်ဖြစ်တဲ့ ကြယ်စင်စုကစားသမားတွေနဲ့ အသင်းကို တည်ဆောက်ဖို့ ခြေလှမ်းအစဖြစ်ခဲ့ပြီး နောက်တစ်နှစ်အကြာမှာ ဂျူဗင်တပ်ကွင်းလယ်လူ ဇီနက်ဒင် ဇီဒန်းကို ပေါင် ၄၆ ဒသမ ၆ သန်း (ယူရို ၇၅ သန်း) အသုံးပြုပြီး ထပ်မံခေါ်ယူပြခဲ့ပြန်ပါတယ်။ အဲဒီနောက် ဘရာဇီးတိုက်စစ်မှူး ရိုနယ်လ်ဒို၊ ဘက်ခမ်းစတဲ့ ကမ္ဘာကျော်ကစားသမားတွေကိုခေါ်ယူပြီး ရီးယဲလ်ရဲ့ ဈေးကွက်ကို ထပ်တိုးချဲ့ထွင်ခဲ့တယ်။

ရီးယဲလ်ရဲ့ ရလဒ်ကျဆင်းမှုတွေကြောင့် ဝေဖန်ခံခဲ့ရတဲ့ ပီရက်ဇ်တစ်ယောက် ၂၀၀၆ ခုနှစ်မှာ ဥက္ကဋ္ဌရာထူးက နုတ်ထွက်သွားခဲ့ပြီး ၂၀၀၉ ခုနှစ်မှာတော့ နောက်တစ်ကြိမ် ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးချယ်ခံခဲ့ရပြန်ပါတယ်။ ပီရက်ဇ်ဟာ ဥက္ကဋ္ဌနေရာကို ပြန်ရောက်လာပြီဆိုတာနဲ့ ဥရောပမှာ အောင်မြင်မှုတွေနဲ့ ဝေးကွာနေတဲ့ ရီးယဲလ်ကို ပြန်လည်တည်ဆောက်ဖို့ ခြေလှမ်းပြင်ပါတော့တယ်။ သူ့ရဲ့ အတွေးအခေါ်ကတော့ အရင်တုန်းကအတိုင်း လူငယ်အကယ်ဒမီက ပေါ်ထွက်လာတဲ့ ကစားသမားသစ်လေးတွေကို နေရာပေးဖို့ထက် နာမည်ကြီးကစားသမားတွေကို စံချိန်တင်ကြေးနဲ့ခေါ်ယူပြီး ဒုတိယမျိုးဆက် ကြယ်စင်စုအသင်းကို တည်ဆောက်ဖို့ဖြစ်ပါတယ်။

၂၀၀၉ ခုနှစ်မှာ အေစီမီလန်ကွင်းလယ်လူ ကာကာကို ပေါင် ၅၆ သန်း( ဇီဒန်းရဲ့ ပြောင်းရွှေ့ကြေးကျိုးပျက်ခဲ့တဲ့ စံချိန်)နဲ့ ခေါ်ယူခဲ့ပြီး ရက်သတ္တပတ်အနည်းငယ်အကြာ မန်ယူတောင်ပံတိုက်စစ်မှူး စီရိုနယ်လ်ဒိုကို ပေါင်သန်း ၈၀ နဲ့ ထပ်မံခေါ်ယူပြကာ စံချိန်သစ်တွေစိုက်ထူခဲ့ပါတယ်။ ၂၀၀၉ နောက်ပိုင်း ရီးယဲလ်မက်ဒရစ်မှာ စီရိုနယ်လ်ဒို၊ ကာကာစတဲ့ နာမည်ကျော်ကစားသမားတွေ လာရောက်ပူးပေါင်းကြသလို အိုဇေးလ်၊ ခီဒီရာစတဲ့ ဂျာမနီနဲ့ ခြေစွမ်းတောက်ပလာတဲ့ ကစားသမားတွေနဲ့အသင်းကို တည်ဆောက်ခဲ့ပေမယ့် ပီရက်ဇ်နဲ့ ရီးယဲလ်ပရိသတ်တွေ အလိုအရှိဆုံး ချန်ပီယံလိဂ်ဖလားကိုတော့ မရရှိခဲ့ပါဘူး။

ဒီတော့ ၂၀၁၃ ခုနှစ်မှာ ရီးယဲလ်ဟာ စပါးကစားသမား ဂါရတ်ဘေးလ်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၈၆ သန်း(ယူရိုသန်း ၁၀၀) ထပ်မံပေးချေပြီး ခေါ်ယူခဲ့ရာ ဒီစံချိန်ကို သုံးနှစ်အတွင်း ဘယ်သူတစ်ဦးတစ်ယောက်ကမျှ ချိုးဖျက်နိုင်ခြင်း မရှိခဲ့ပါဘူး။ ဘာစီလိုနာက နေမာကို ဆန်းတို့စ်က ခေါ်ယူစဉ်က တကယ်ပေးရတဲ့ ပြောင်းရွှေ့ကြေးဟာ ယူရိုသန်း ၁၀၀ အထက်ရှိခဲ့ပေမယ့် အခွန်ပြဿနာကို ရှောင်လွှဲလိုတာကြောင့် ယူရို ၅၇ သန်းလို့သာ ကြေညာခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ၂၀၀၀ ပြည့်နှစ်ကစပြီး ၂၀၁၅ ခုနှစ်အတွင်း ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့တဲ့ ကစားသမားတိုင်းဟာ ရီးယဲလ်ဂျာစီဝတ် ကစားသမားတွေသာ ဖြစ်ခဲ့တယ်ဆိုတာတော့ သေချာပါတယ်။ ဒါပေမယ့်အခု ပေါ့ဘာအတွက် မန်ယူနဲ့ ဂျူဗင်တပ်တို့ သဘောတူညီခဲ့တယ်လို့ သတင်းကြီးနေတဲ့ ပေါင်သန်း ၁၀၀ ဟာ အရင်က စံချိန်တွေကို ချိုးဖျက်မယ့် ကမ္ဘာ့စံချိန်သစ်ဖြစ်လာမှာဖြစ်ပါတယ်။ နောက်ထပ်စကားတစ်ခုနဲ့ပြောရရင် ပီရက်ဇ် လွှမ်းမိုးလာခဲ့တဲ့ ဘောလုံးအပြောင်းအရွှေ့ဈေးကွက်ကို မန်ယူအသင်းက နောက်ကောက်ချပြနိုင်ခြင်းလို့လည်း ပြောလို့ရပါတယ်။

## ဗလင်စီယာကွင်းလယ်လူ အန်ဒရီဂိုးမက်စ်ကို ဘာစီလိုနာ ခေါ်ယူ

ဘာစီလိုနာအသင်းသည် လာလီဂါပြိုင်ဘက် ဗလင်စီယာအသင်းမှ ကွင်းလယ်လူ အန်ဒရီဂိုးမက်စ်ကို အပြီးသတ်စာချုပ် ချုပ်ဆိုခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ဂိုးမက်စ်သည် ပေါ်တူဂီကလပ် ဘင်ဖီကာမှ ဗလင်စီယာသို့ လွန်ခဲ့သည့် နှစ်ရာသီက ပြောင်းရွှေ့လာခဲ့ပြီးနောက် စုစုပေါင်းပွဲစဉ်(၇၇)ပွဲ ဝင်ရောက်ကစားပေးခဲ့သည်။ ၎င်းမှာ ၂၀၁၆ ယူရိုချန်ပီယံ ပေါ်တူဂီအသင်း၏ အစိတ်အပိုင်းအဖြစ် ပါဝင်ခဲ့သူဖြစ်ပြီး ဒန်းနစ်ဆွာရက်ဇ်၊ ဆင်မြူရယ် အမ်တီတီ၊ လူးကပ်စ်ဒင်နေတို့နောက် ယခုနှစ်နွေတွင် ဘာစီလိုနာ၏ စတုတ္ထမြောက်ခေါ်ယူသော ကစားသမားလည်း ဖြစ်လာခဲ့သည်။ ပြောင်းရွှေ့ကြေးမှာ ပေါင် ၄၅ ဒသမ ၈ သန်းဖြစ်ကြောင်း စပိန်မှလာသော သတင်းများအရ သိရသည်။ **(မေလွဲ့သင်း)**

## တိုနီခရူးစ်ကို ခေါ်ယူဖို့ မန်စီးတီးပြင်ဆင်

မန်စီးတီးအသင်းသည် ရီးယဲလ်မက်ဒရစ် ကွင်းလယ်လူ တိုနီခရူးစ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ အသုံးပြုခေါ်ယူရန် ပြင်ဆင်နေပြီဖြစ်သည်။ မန်စီးတီးအနေဖြင့် ဒေါ့မွန်မှ ခေါ်ယူထားသည့် ကစားသမားသစ် ဂန်ဒိုဂန် ဒူးဒဏ်ရာပြဿနာကြုံတွေ့နေရ၍ စက်တင်ဘာလလယ်အထိ အနားယူရမည်ဖြစ်ရာ ရာသီအစ ကွင်းလယ်ပိုင်းပြဿနာ မကြုံတွေ့စေရေးအတွက် ခရူးစ်အား ပစ်မှတ်ထားလာခြင်းဖြစ်သည်။ ယခုနောက်ပိုင်းနှစ်များတွင် ရီးယဲလ်ကွင်းလယ်၌ ခြေစွမ်းပိုမိုတောက်ပြောင်လာသော လူကာမိုဒရစ်ကြောင့် ခရူးစ်၏ အခန်းကဏ္ဍ အနည်းငယ်မှေးမှိန်လာရာ ကစားသမားကိုယ်တိုင်ကလည်း ရီးယဲလ်မှထွက်ခွာရန် စဉ်းစားနေသည်။ရီးယဲလ်မက်ဒရစ်သည် ခရူးစ်အား ဘိုင်ယန်မှ ခေါ်ယူစဉ် ပြောင်းရွှေ့ကြေး ပေါင် ၂၄ သန်းကျော်သာ သုံးစွဲခဲ့ရရာ မန်စီးတီးဘက်မှ ကမ်းလှမ်းလာသည့် ပေါင်သန်း ၅၀ ဆိုသော ပမာဏကြောင့် အကျိုးအမြတ်နှစ်ဆခန့်ရရှိမည်ဖြစ်ရာ ထုတ်ရောင်းနိုင်ကြောင်း သိရသည်။ **(မေလွဲ့သင်း)**

# ဥရောပစူပါဖလားအမီ စီရိုနယ်လ်ဒိုပြန်လာရန် မာဆယ်လိုမျှော်လင့်




ဥရောပစူပါဖလားပြိုင်ပွဲကို ချန်ပီယံလိဂ်ဖလားချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယူရိုပါလိဂ်ဖလားချန်ပီယံ ဆီဗီလာအသင်းတို့ အပြိုင်လုရမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲအမီ ရီးယဲလ်မက်ဒရစ်အသင်းသို့ တိုက်စစ်မှူးစီရိုနယ်လ်ဒို ပြန်လာရန် မျှော်လင့်ထားကြောင်း ရီးယဲလ်မက်ဒရစ်အသင်း၏ ဗဟိုခံစစ်မှူးဖြစ်သူ မာဆယ်လိုက ပြောကြားလိုက်သည်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ပေါ်တူဂီအသင်းအား ယူရို ၂၀၁၆ ဆုဖလားကြီးကိုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် ကစားသမားတစ်ဦးဖြစ်ပြီး အိမ်ရှင်ပြင်သစ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် နောက်ဆုံးဗိုလ်လုပွဲတွင်မူ ပထမပိုင်းပွဲကစားချိန် ၂၃ မိနစ်မှာပင် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

သို့ရာတွင် ချန်ပီယံလိဂ်ချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းနှင့် ယူရိုပါလိဂ်ချန်ပီယံဆီဗီလာအသင်းတို့ ဩဂုတ် ၉ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဥရောပစူပါဖလားပြိုင်ပွဲတွင်မူ တိုက်စစ်မှူးစီရိုနယ်လ်ဒိုအား အသင်းနှင့်အတူ ပြန်လည်ပါဝင်လာလိမ့်မည်ဟု မာဆယ်လိုက မျှော်လင့်ထားသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဂျူဗင်တပ်အသင်းသို့ ရောင်းချခဲ့သည့် မိုရာတာကိုလည်း မက်ဒရစ်မြို့အရောက် ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီး မိုရာတာသည် နည်းပြဇီဒန်း၏ ရီးယဲလ်မက်ဒရစ်အသင်းအတွက်လည်း အသုံးဝင်မည့်ကစားသမားတစ်ဦးဖြစ်ကြောင်း မာဆယ်လိုက ဆိုသည်။

**(ငွေကြယ်)**

## ဆယ်မာအူးလ်အွန်ဒို စီမံကိန်းဖြင့် စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်

**ချောင်းဦး ဇူလိုင် ၂၂**

ကိုရီးယား-မြန်မာ ဆယ်မာအူးလ်အွန်ဒို စီမံကိန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် ရွှေဒါးကျကျေးရွာ ပုဗ္ဗာရုံကျောင်းဓမ္မာရုံ၌ ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေးနည်းပညာဆိုင်ရာ သင်တန်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သန်းလှက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

"ရွှေဒါးကျကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုရီးယား-မြန်မာ ဆယ်မာအူးလ်အွန်ဒို (SMU) ကျေးရွာသစ် လှုပ်ရှားမှု စီမံကိန်းမှ ငွေကျပ် ၂၃၃ သိန်း ထောက်ပံ့ပေးထားကြောင်း၊ ဒီစီမံကိန်းကနေ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများ၊ လူနေမှုဝန်းကျင် တိုးတက်ကောင်းမွန်ရေးလုပ်ငန်းများ၊ ဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်ရမှာဖြစ်ပြီး ဒီနေ့ဖွင့်လှစ်တဲ့ စိုက်ပျိုးရေးနည်းပညာဆိုင်ရာ သင်တန်းသည် စွမ်းဆောင်ရည် မြှင့်တင်ရေး ကဏ္ဍအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ရွှေဒါးကျကျေးရွာရဲ့လူနေမှုဝန်းကျင်တိုးတက်ကောင်းမွန်ရေး လုပ်ငန်းများကဏ္ဍအနေဖြင့် ရွာလယ်လမ်းမကြီးကို ပြုပြင်နေပြီဖြစ်ပြီး ဝင်ငွေတိုးပွားရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး စရိတ်ချေးငွေများ ထုတ်ချေးထားကြောင်း" မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်သန်းလှက ပြောသည်။

အဆိုပါသင်တန်းတွင် တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချိုချိုမာ၊ မုံရွာခရိုင်မှ မြေအသုံးချရေးတာဝန်ခံ ဒေါ်အေးအေးသန်း၊ ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်မာမာဆွေ၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်သောင်းဌေးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်သန်းလှတို့က သင်တန်းပို့ချကြသည်။ သင်တန်းကာလမှာ ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်ထိ သုံးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက် (ချောင်းဦး)**

## ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်းအလုပ်သမား အာမခံဥပဒေ ပြဋ္ဌာန်းပေးရန် ပဏာမအစည်းအဝေး၌ သဘောတူညီမှု ရရှိခဲ့

**ဘန်ကောက် ဇူလိုင် ၂၂**

ထိုင်းနိုင်ငံ အလုပ်အကိုင်ရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူး မစ်တာအာရက်ဖရုန်မနီမှ ရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံသို့ ဝင်ရောက်အလုပ်လုပ်ကိုင်ခြင်းနှင့် ပတ်သက်၍ ရွှေ့ပြောင်းအလုပ်သမားအာမခံဥပဒေ ပြဋ္ဌာန်းပေးရန် ပဏာမအစည်းဝေးမှာ သဘောတူညီမှုရရှိခဲ့ပြီး မကြာမီ ဝန်ကြီးများအဖွဲ့ ထံတင်ပြ၍ ဝန်ကြီးများအစည်းအဝေး၌ အတည်ပြုဆုံးဖြတ်နိုင်ဖွယ်ရှိကြောင်း ဇူလိုင် ၁၉ ရက်က ထိုင်းနိုင်ငံသတင်းများအရ သိရသည်။

ယင်းဥပဒေသစ်သည် အလုပ်သမားများကို တိုက်ရိုက်ကာကွယ်ပေးနိုင်ရန် ပထမဆုံး ပြဋ္ဌာန်းသည့်ဥပဒေဖြစ်ကြောင်း မစ်တာအာရက်ဖရုန်မနီကပြောဆိုကြောင်း၊ လက်ရှိခြေအနေတွင် ရွှေ့ပြောင်းအလုပ်သမားများကို တိတိကျကျကာကွယ်ပေးနိုင်သည့် ဥပဒေ မရှိသေးသည့်အတွက် အလုပ်သမားများကို ခေါ်ဆောင်လာသော အေဂျင်စီများ (ပွဲစားများ)သည် အလုပ်သမားပြဿနာ တစ်စုံတစ်ရာရှိလျှင် တာဝန်မယူဘဲ ရှောင်ကြဉ်နေကြကြောင်း၊ ဤဥပဒေသစ်အရ ရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းနိုင်ငံသို့ခေါ်ဆောင်လာရာတွင် လုပ်ငန်းရှင်များက ခွင့်ပြုချက်စာရွက်စာတမ်းများနှင့် အာမခံရန်ပုံငွေများ ထည့်သွင်းရမည်ဖြစ်ကြောင်း၊ သို့မှသာ ထိုင်းငံသို့ရောက်ရှိလာသော ရွှေ့ပြောင်းအလုပ်သမားများ အခက်အခဲ ပြဿနာတစ်စုံတစ်ရာရှိလျှင် ၎င်းငွေဖြင့် ကူညီစောင့်ရှောက်နိုင်မှာဖြစ်ကြောင်း ပြောကြားခဲ့ကြောင်းသိရသည်။

အလုပ်အကိုင်ရှာဖွေရေးဌာန ညွှန်ကြားရေးမှူးကလည်း ယင်းဥပဒေသည် ရွှေ့ပြောင်းအလုပ်သမားများ ထိုင်းနိုင်ငံသို့ တရားမဝင်ဝင်ရောက်ခြင်း၊ တရားမဝင်ငါးဖမ်းခြင်း ပြဿနာများအား ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအို စသည့်သုံးနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများ မှတ်ပုံတင်ဦးရေ စာရင်းသည် သန်းဂဏန်းအထိရှိကြောင်း ထိုင်းနိုင်ငံ ဖို့တူဒေးသတင်းဌာန၏ ထုတ်လွှင့်ချက်အရ သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ဆိပ်ဖြူမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာ ခုနစ်ရွာအတွက် အရင်းမပျောက် မတည်ငွေ ကျပ်သိန်း ၂၁၀၀ လွှဲပြောင်းပေးအပ်

**ဆိပ်ဖြူ ဇူလိုင် ၂၂**

မကွေးတိုင်းဒေသကြီးဆိပ်ဖြူမြို့နယ်၌ စိုက်ပျိုးရေး၊ ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးတို့က အမှာစကားပြောကြားခဲ့သည်။ ယင်းနောက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးရဲမင်းအောင်က မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြစိမ်းရောင်ကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာ ကော်မတီဝင်များသို့ တစ်ရွာလျှင် ကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆိပ်ဖြူမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ နှစ်ရွာ၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ ၁၀ ရွာ၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ ခုနစ်ရွာကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာရန်ပုံငွေများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်** (IPRD)

## မြစ်သားမြို့ ရွှေတောင်-၈ အထူးအထွက်တိုး ဝါမျိုးသစ် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**မြစ်သား ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ရွှေတောင်(၈) အထူးအထွက်တိုး ဝါမျိုးသစ် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ထနောင်းကုန်းကျေးရွာ ကွင်းအမှတ် (၅၀၇) ရှိ မိုးကြိုချည်မျှင်ရှည်ဝါ ခုနစ်ဧကတွင် ဇူလိုင် ၂၁ ရက် နံနက် ၉နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ကွင်းသရုပ်ပြပွဲတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဒေါ်အုန်းကြည်၊ ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ခရိုင်အဆင့် စိုက်/ကြပ် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် စိုက်/ကြပ် တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုခြောက်အုပ်စုမှ ဝါစိုက်တောင်သူ ၁၀၀ ကျော် တက်ရောက်လေ့လာကြောင်း သိရသည်။

တက်ရောက်လာသူများအား စိုက်ပျိုးရေးဦးစီးဌာန ဝါသီးနှံတာဝန်ခံ ဒေါ်စန္ဒာလင်းက သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ၊ စိုက်ပျိုးရေးဦးစီးဌာန (ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ) မှ ရောင်းချသော ငွေချည်(၆)၊ ရွှေတောင်(၈) နှင့် ငွေချည်(၉) တို့၏ စိုက်ပျိုးပုံအဆင့်ဆင့်၊ မျိုးစေ့အရည်အသွေး မှန်ကန်စွာဖြင့် တောင်သူများလက်ဝယ်သို့ နှစ်စဉ်ဖြန့်ဖြူးနိုင်ရေးအတွက် ဝါသုတေသနခြံကြီးများတွင် မျိုးသန့်အဆင့်အလိုက် အဆင့်ဆင့်ပွားများ ထုတ်လုပ်ထားခြင်းဖြစ်ပြီး မျိုးသန့်မျိုးပွား မျိုးစေ့အဆင့် (Registere Seed) များအား ဝါစိုက်တောင်သူများသို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် စီးပွားရေးတွက်ခြေကိုက်သော သီးနှံဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



ဝါစိုက်တောင်သူတစ်ဦးက မိမိတို့သည် ဝါကိုပိုမိုစိုက်လိုကြောင်း၊ သို့သော်လည်း စိုက်ဘဏ်ချေးငွေနည်းသောကြောင့် ဝါစိုက်ဧက တစ်ဧကလျှင် စိုက်/ဘဏ်မှ နှစ်သောင်းထက်ပိုမိုချေးပေးစေလိုကြောင်း ဆွေးနွေးခဲ့သည်။

**ရဲဝင်းထွန်း(မြစ်သား)**





## မိုင်းဖြတ်၌ ကျောင်းသား ကျောင်းသူ ၆၂ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြားများ အခမဲ့ပြုလုပ်ပေး

**မိုင်းဖြတ် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ရက် ၁၀၀ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သော အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက်က မိုင်းဖြတ် အခြေခံပညာ အထက်တန်းကျောင်းရှိ ခန်းမဆောင်၌ ကျင်းပခဲ့ကြောင်းသိရသည်။

ယင်းနေ့ကပြုလုပ်သည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ပွဲတွင် "ကျွန်တော်တို့ဌာနအနေနဲ့ ရက် ၁၀၀ သစ္စာစီမံချက်နဲ့ အခြေခံပညာအထက်တန်းကျောင်းများမှ အသက် ၁၀ နှစ်ပြည့်တဲ့ ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ ပြုလုပ်ပေးပြီး တစ်ဦးချင်းလာရောက် ထုတ်ပေးတာဖြစ်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းနိုင် က ပြောသည်။

ယင်းအခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ဦးချင်းထုတ်ပေးပြီး အိမ်ထောင်စု လူဦးရေစာရင်းတွင် နံပါတ်ရေးသွင်းခြင်း၊ လက်ဗွေနှိပ်ခြင်း၊ ရေစိုပျက်စီးမှု မရှိစေရေးအတွက် ပလတ်စတစ်လောင်းပေးခြင်းတို့ကိုပါ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"အခုလို ကျွန်တော်တို့ ကျောင်းတွေကို နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ လာရောက်ပြုလုပ်ပေးတာကို အလွန်ကျေးဇူးတင်ပါတယ်။ ကလေးတွေ စာသင်ကြားမှုလည်း မပျက်ဘူး။ အချိန်လည်းမကုန်ဘဲ မှတ်ပုံတင်တွေရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူများနဲ့ မိဘများကိုယ်စား ဝမ်းသာပါတယ်" ဟု ကျောင်းအုပ်ဆရာကြီး ဦးကျော်ဆန်းက ပြောကြားသည်။

ယင်းနေ့က အဆိုပါ အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၀နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၆၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မိုးသည်းထန်စွာ ရွာသွန်းခဲ့၍ ရေလျှံမှုဖြစ်ပွား

**ဝန်းသို ဇူလိုင် ၂၂**

ကသာခရိုင် ဝန်းသိုမြို့နယ်တွင် ဇူလိုင် ၂၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နမ်းခမ်းကျေးရွာ လူနေအိမ်အချို့၌ ရေများ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

နမ်းခမ်းကျေးရွာ ဘူတာစုရပ်နှင့် အောင်ဇာနည်ကုန်းရပ်ကွက်သို့ ဆက်သွယ်ဖောက်လုပ်ထားသော နမ်းခမ်းတံတားအနီးရှိ နေအိမ်အချို့တွင် မွန်းလွဲ ၁ နာရီခန့်က ရေများ စတင် ဝင်ရောက်ခဲ့သဖြင့် ဒေသခံပြည်သူများ၊ နေအိမ်များ၊ အိမ်မွေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှု မရှိစေရန် နမ်းခမ်းရဲကင်းမှူး ရဲအုပ်သန်းဝေဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ဂျိုးတောင်ကျေးရွာနှင့် မန်းကျည်းကုန်းကျေးရွာတို့တွင် လူနေအိမ်အချို့တွင် ရေများဝင်ရောက်ခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း သိရသည်။

**သုခ (မုံရွာ)**



# ချောင်းဆုံရွာက ဝါးနီးခမောက်လုပ်ငန်း မိသားစုအပိုဝင်ငွေများရရှိ

**ဝန်းသို ဇူလိုင် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် တပ်ကုန်းအုပ်စု ချောင်းဆုံကျေးရွာတွင် ဝါးနီးခမောက်လုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ အဆိုပါလုပ်ငန်းမှ မိသားစုအပိုဝင်ငွေများရရှိလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ရွာမှာ ဝါးနီးခမောက်လုပ်ငန်းကို ၂၀၁၀ ခုနှစ်လောက်က စတင်လုပ်ကိုင်လာခဲ့ကြတာပါ။ အိမ်ခြေ ၂၀ ကျော်က မိသားစုတွေ စပါးရိတ်၊ ကောက်စိုက်ချိန်မှအပ ကျန်အချိန်တွေမှာ ဒီဝါးနီးခမောက်တွေကိုပဲ ရက်လုပ်ကျပါတယ်။ နီးခမောက်ရက်လုပ်ပုံကတော့ ဝါးနီးအပြားကြီးနဲ့ ခမောက်အုံကြမ်းကတစ်ခုနှင့် နီးပြားသေးနဲ့ အနုစိတ်ရက်တဲ့ ခမောက်အုံကြမ်းအနုကတစ်ခု ရက်လုပ်ရပါတယ်။ သူတို့နှစ်ခုရဲ့ကြားမှာ ပလတ်စတစ်စ အပါးခံကာ ထပ်ပြီး အနားသတ်တွင် ဝါးများကိုခွဲစိတ်ပြီး ပြုလုပ်ထားတဲ့ သေးတံအချောင်းများခံကာ အပြင်ခွေအဖြစ်ရက်ထားတဲ့ နှစ်လက်မခန့်အပြားနဲ့ အနားသတ်ကို ချုပ်ရပါတယ်။ နောက်ပြီး ဦးခေါင်းပေါ်တွင် တင်ထားနိုင်ရန် ခမောက်အတွင်းပိုင်းတွင် အတွင်းခွေကို ချုပ်ရပါတယ်။ ပြီးမှထိပ်အုပ်ကလေးများတပ်ဆင်ပြီးပါက ခမောက်တစ်လုံးအဖြစ်အသုံးပြုနိုင်ပြီဖြစ်ပြီး ရလာတဲ့ ခမောက်တွေကိုတော့ မြစ်ကြီးနား၊ မိုးခေါင်း၊ မိုးညှင်းမြို့၊ ကောလင်း၊ ဝန်းသိုမြို့တို့မှလာသော ဖောက်သည်များထံ နီးခမောက်အချပ် ၁၀၀ ကို ကျပ် ၆၅၀၀၀ နှုန်းနဲ့ သွင်းရပါတယ်။ အနီးအနားရွာများသို့ ထမ်းရောင်းမယ်ဆိုရင် ခမောက်တစ်ချပ်ကို ကျပ် ၇၀၀၊ ၇၅၀ ဝန်းကျင်ရောင်းရပါတယ်" ဟု ချောင်းဆုံကျေးရွာမှ နီးခမောက်ရက်လုပ်သူ မစိုးခိုင်က ပြောသည်။

"ကျွန်မတို့ဒေသမှာ လွန်ခဲ့တဲ့နှစ်နှစ်က ဝါးသီးတွေသီးပြီး ဝါးတောတွေတုံးလာခဲ့တဲ့အတွက်ကြောင့် ကျွန်မတို့ရွာနဲ့နီးစပ်တဲ့ ဝါးတောတွေမှာ တင်းဝါးတွေ ရှားလာတယ်။ အခုဆို မင်းဝံတောင်ရိုးကလာတဲ့ ၁၂ တောင်အရှည်တင်းဝါးတစ်လုံးကို ကျပ် ၅၀၀ နှုန်းနဲ့ ဝယ်ရပါတယ်။ ဝါးတစ်လုံးကို နီးခမောက် ငါးချပ်ရပါတယ်။

'ပြာသိုလမှာခုတ်တဲ့ဝါးတွေကို နှစ်ပေါက်အောင် ဝယ်ယူစုဆောင်းကြပါတယ်။ ပြာသိုလမှာခုတ်တဲ့ဝါးက နီးသားထူထူရပါတယ်။ မိသားစုများပြီး လူငှားနဲ့အလုပ်လုပ်နိုင်သူတွေက တစ်နှစ်ကို ဝါးအလုံးရေ ၂၅၀ ဝန်းကျင်အထိစုဆောင်း လုပ်ကိုင်ကြပါတယ်။ တစ်နှစ်ကို ခြောက်သိန်း၊ ခုနစ်သိန်းဝန်းကျင်လောက် မိသားစုအပိုဝင်ငွေများ ရရှိပါတယ်" ဟု ချောင်းဆုံကျေးရွာမှ နီးခမောက်ရက်လုပ်သူ မမိုးပုလဲကပြောသည်။

**မောင်ချစ်လင်း**

# အမှိုက်ကန်မှ အမှိုက်များကုန်စင်အောင် သိမ်းဆည်းပေးရန် ဒေသခံများလိုလား

**ဟသ်ာတ ဇူလိုင် ၂၂**
ဟသ်ာတမြို့ ကျောက်တော်ကြီးကုန်း အလက-၁နောက်နှင့် ဟသ်ာတတက္ကသိုလ်ရှေ့ရှိ အမှိုက်ပုံများတွင် အမှိုက်များကုန်စင်အောင် မသိမ်းဆည်းသဖြင့် အနံ့အသက်များ ဆိုးရွားစွာခံစားနေရကြောင်း သိရသည်။

"ကျွန်တော်တို့ တက္ကသိုလ်ကျောင်းထောင့်မှာ အမှိုက်ကန်လုပ်ထားပါတယ်။ ဒါပေမယ့် ကုန်အောင်မသိမ်းဘူး။ မိုးရွာတော့ အညစ်အကြေးတွေကပုပ်ပြီး မခံနိုင်အောင်ဖြစ်နေပါတယ်။ ကျောင်းသွား ကျောင်းလာ ကျောင်းသားတွေ တော်တော်ခံစားနေရပါတယ်။ ဒါကို ရှင်းလင်းပေးစေချင်ပါတယ်"ဟု ကျောင်းသားတစ်ဦးက ပြောသည်။

အမှိုက်ကန်များ ပြုလုပ်ထားသော်လည်း အမှိုက်များကို ကုန်စင်အောင် မသိမ်းခြင်း၊ နေ့စဉ်မသိမ်းဆည်းခြင်းတို့ကြောင့် မိုးရေဖြင့်အပုပ်ခံသလိုဖြစ်နေပြီး အနံ့အသက်များထွက်နေခြင်းဖြစ်ကြောင်း သိရသည်။ **(၇၀၀)**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ဆူးပုတ်ကုန်းကျေးရွာတွင် ကျင်းပ

**ကသာ ဇူလိုင် ၂၂**
ကသာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ဆူးပုတ်ကုန်းကျေးရွာ၌ ကျင်းပသည်။

စီမံကိန်း၏အဓိကရည်ရွယ်ချက်မှာ ကျေးရွာပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကိုလျှော့ချရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန် ကျေးလက်အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန် လည်ပတ်ရန်ပုံငွေစနစ်တွင် အဖွဲ့မှ သဘောတူသော အတိုးငွေထည့်ဝင်ခြင်းအားဖြင့် ကျေးရွာဖွံ့ဖြိုးရေး၊ ကျေးရွာ၏လိုအပ်ချက်နှင့် အခက်အခဲများကို အောင်မြင်စွာဖြေရှင်းလာနိုင်စေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန်နှင့် မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များ ကျရောက်လာပါက တုန့်ပြန်မှုအားကောင်းသော လူမှုအဖွဲ့အစည်းများ ပေါ်ပေါက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ချေးငွေကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ကျေးလက်ဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တစ်ယူနစ်အဖြစ် တစ်ရွာလျှင် သိန်း ၃၀၀ နှုန်းဖြင့် ကျေးရွာငါးရွာအား စီမံကိန်းရန်ပုံငွေအဖြစ် လွှဲပြောင်းထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ မြစိမ်းရောင်ချေးငွေထုတ်ပေးခြင်းအား ကသာမြို့နယ်ရှိ ဆူးပုတ်ကုန်းကျေးရွာနှင့် နောင်ပင်ကျေးရွာတို့အား ဇူလိုင် ၂၀ ရက်က ထုတ်ချေးပေးခဲ့သည်။

ခတက်ချောင်ကျေးရွာနှင့် ကကာကျေးရွာတို့အား ဇူလိုင် ၂၁ ရက်တွင်လည်းကောင်း၊ ပေလမ်းကုန်းကျေးရွာအား ဇူလိုင် ၂၃ ရက်တွင်လည်းကောင်း ချေးငွေများ ထုတ်ချေးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

**မြင့်ကေခိုင်(ကသာပြန်/ဆက်)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ရှင်းလင်းပွဲကျင်းပ

**ပြည်ကြီးတံခွန် ဇူလိုင် ၂၂**
World Vision International Myanmar မှ ၂၀၁၆ ခုနှစ်အတွင်း ပြည်ကြီးတံခွန်မြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ ကနောင်ခန်းမ၌ ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး Vision Fund Myanmar မှ ဧရိယာမန်နေဂျာ ဒေါ်နော်ခူးခူးရှားက စီမံချက်လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် World Vision International Myanmar မှ စီမံချက်မန်နေဂျာ ဦးစိုင်းဇော်မွန်းက ပြည်ကြီးတံခွန်မြို့နယ်၏ ဒေသဖွံ့ဖြိုးရေး အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။ ၎င်းနောက် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ပြောကြားသည်။ ယင်းနောက် အစည်းအဝေး တက်ရောက်လာသော ပုဂ္ဂိုလ်များက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါအခမ်းအနားသို့ World Vision International Myanmar တာဝန်ရှိသူများ၊ Vision Fund Myanmar မှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



# ရွှေ့လျားဆေးခန်းဖွင့်၍ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုပေး

**ညောင်လေးပင် ဇူလိုင် ၂၂**
ညောင်လေးပင်မြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာန အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ကြူကြူအောင် ဦးဆောင်၍ မြို့ပေါ်ငါးရပ်ကွက်ရှိ ဘက်စုံသားဖွားဆရာမငါးဦးဖြင့် ညောင်လေးပင်မြို့ မြို့မ (၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီခွဲကစတင်၍ ရွှေ့လျားဆေးခန်းဖွင့်ပြီး ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရွှေ့လျားဆေးခန်းတွင် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သူမည်သူမဆို လာရောက်ပြသနိုင်ပြီး အထွေထွေကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးကုသပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝက်လက်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

**ဝက်လက် ဇူလိုင် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် ပင်းဇင်းကျေးရွာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇူလိုင်တတိယပတ်က ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။


ပညာပေးဟောပြောပွဲတွင် ဝက်လက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အကြောင်းအရာများကိုလည်းကောင်း၊ ကမ္ဘာလှည့်ရဲတပ်ဖွဲ့ ဟန်လင်းတပ်ဖွဲ့စုမှူး ဒုရဲမှူးလင်းနိုင်က ယာဉ်မတော်တဆဖြစ်ပွားသည့် မှုခင်းဖြစ်စဉ်များကိုလည်းကောင်း၊ မြို့နယ်တရားသူကြီး ဦးအောင်မြင့်သန်းက ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေသစ်မှ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ကြသည်။

ယင်းနောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲသို့ တက်ရောက်လာသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ဒီမိုကရေစီပတ်တ (၃ – နိဂုံးပိုင်း)

ဆူဒိုနင်

### (၇) အပေးအယူလုပ်ချင်တဲ့စိတ်၊ အပေးအယူလုပ်ပြီး ညှိယူတဲ့အပေါ်မှာ ယုံကြည်မှု

ပြောရင်တော့ ဒီအချက်တွေဟာ တစ်ခုနဲ့တစ်ခု သံကြိုးကွင်းဆက်လိုပဲ ဆက်စပ်နေပါတယ်။ ဒီမိုကရေစီမှာ သဘောထားတစ်ခုတည်းနဲ့ ကိစ္စမပြတ်ဘူး။ ဒီမိုကရေစီဟာ တစ်သွေး၊ တစ်သံ၊ တစ်မိန့်စနစ် မဟုတ်ဘူး။ ဒီမိုကရေစီဟာ မတူကွဲပြားမှုတွေကို အသာတကြည် လက်ခံနိုင်စွမ်း၊ ဆန့်ကျင်ဘက်အမြင်တွေကို နေရာပေးနိုင်စွမ်းရှိတဲ့စနစ်ပါ။ အလွယ်ဆုံးစကားလုံးနဲ့ ပြောရရင် ဒီမိုကရေစီဟာ "သဘောထားကြီးတဲ့ စနစ်"ပါ။ သဘောထားမမှန်သူတွေ၊ သဘောထားသေးသိမ်သူတွေဟာ ဒီမိုကရေစီနဲ့ မအပ်စပ်ဘူး။

သဘောထားကြီးရင် အပေးအယူလည်း လုပ်နိုင်လာပါလိမ့်မယ်။ သူလည်း ကျေနပ်၊ ကိုယ်လည်းအဆင်ပြေ၊ ကိုယ်လည်း စိတ်ချမ်းသာ၊ သူလည်း စိတ်အထာကျမယ့် နည်းလမ်းကိုရွေးလို့ရတယ်ဆိုတာ ယုံကြည်နေမှ ဒီမိုကရေစီစနစ် ရှင်သန်နိုင်ပါတယ်။ သူဖြစ်ချင်တာချည်းပဲ အကုန်လိုက်လျော အလျှော့ပေးဖို့ မလိုအပ်သလို ကိုယ်ဖြစ်ချင်တာ မဖြစ်ရရင်ဘဲ ဒေါသတွေထွက်၊ စိတ်တွေကောက်နေရမှာမျိုး မဟုတ်ဘူး။

တောင်အာဖရိကနိုင်ငံက နိုင်ငံရေးအသွင်ပြောင်းမှုမှာ ဒီအချက်ကို အတော်အလေးအနက်ထားခဲ့ကြတယ်။ လူဖြူတွေကချည်း ကြီးစိုးထားတဲ့ နိုင်ငံရေးအာဏာကို နယ်(လ်)ဆယ်(န်) မယ်(န်)ဒဲလားနဲ့ အာဖရိကန် နိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်တို့က အပေးအယူနည်းနဲ့ ဖြေရှင်းခဲ့ကြတာ အထင်အရှားပါပဲ။ အတိတ်က ကိစ္စတွေကို တာဝန်ရှိသူတွေဘက်က ဝန်ခံပေးပါ၊ ဒါဆိုရင် အားလုံးကို သင်ပုန်းချေပေးမယ်ဆိုတဲ့ အပေးအယူကို သူတို့ ကိုင်စွဲခဲ့ကြတယ်။ တစ်ဆက်တည်းမှာပဲ အတိတ်က ဘာမတရားမှုတွေပဲ လုပ်ခဲ့လုပ်ခဲ့ သင်ပုန်းချေပေးမယ်၊ ဒါပေမယ့် အနာဂတ်မှာတော့ တရားတာကိုပဲ ရှေးရှုကြေးဆိုတာကိုလည်း သူတို့ရဲ့ အပေးအယူထဲမှာ ထည့်သွင်းခဲ့ကြတယ်။

ဒီအချက်ဟာ အပေးအယူလုပ်ချင်တဲ့စိတ်ရှိကြောင်း ပြသခဲ့ရာ ရောက်သလို အပေးအယူလုပ်ပြီး ညှိနှိုင်းယူရင် ဖြစ်နိုင်တယ်ဆိုတဲ့ ယုံကြည်မှုအပေါ်မှာ အခြေခံခဲ့တာ အထူးပြောစရာ မလိုဘူး။ ဒါပေမယ့် တစ်ဖက်ကလည်း အမှတ်စဉ် ၆ မှာ ဖော်ပြထားတဲ့ လက်တွေ့ကျကျ ဆင်ခြင်သုံးသပ်နိုင်စွမ်းနဲ့လည်း သက်ဆိုင်နေတယ်။ လူဖြူတွေ မတော်မတရား လုပ်ခဲ့တာတွေကို ပြောရင် သမိုင်းနဲ့ချီပြီး ပြောလို့ရတယ်။ သွေးစွန်းခဲ့တာတွေလည်း တစ်ပုံတစ်ပင်။ အာဏာကို အလွဲသုံးစားလုပ်ပြီး မတရားရယူပိုင်ဆိုင်ထားတွေလည်း လက်ညှိုးထိုးမလွဲ။

ဒါတွေကို သင်ပုန်းမချေနိုင်သမျှ နိုင်ငံရေးပြေလည်မှုမရနိုင်ဘူး ဆိုတာကို သူတို့မြင်ခဲ့ကြတယ်။ လူသားတွေရဲ့ အခြေခံလိုအပ်ချက်တွေကို သူတို့ လက်တွေ့ကျကျ မြင်နိုင်ခဲ့ကြတယ်။ လူမှန်သမျှ ဘယ်သူမှ အပြစ်ဒဏ် မခံချင်ဘူး။ လူမှန်သမျှ ကိုယ့်ရဲ့ အသက်အိုးအိမ်စည်းစိမ်ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ကာကွယ်ချင်ကြတယ်၊ လူမှန်သမျှ ကိုယ့်ကို ရန်ပြုလာမယ်လို့ ယူဆသူမှန်သမျှကို အသက်ပေးပြီး တိုက်ခိုက်ချင်တယ်။ ဒါဟာ လူတိုင်းပဲ။ အဲဒီတော့ ကိုယ်တွေအပေါ် မတရားခဲ့သူတွေနဲ့ အပေးအယူမလုပ်သမျှ ကိုယ်လိုချင်တဲ့လမ်းကြောင်းပေါ် မရောက်နိုင်ဘူး။ အဲဒီ လမ်းကြောင်းပေါ် မရောက်ရင် ဘယ်သူနာမလဲ၊ တစ်ပြည်လုံးပဲ ထိခိုက်နစ်နာမယ်။ တစ်ပြည်လုံးရဲ့ အကျိုးစီးပွားကို လက်တွေ့ကျကျ စဉ်းစားမယ်ဆိုရင် ဟိုမောင်တွေအတွက် ဂယ်ပေါက်ပေးမှ ဖြစ်မယ်။ ဒီအခါမှာ သူ့ဘက်ကလည်း နည်းနည်းလျှော့၊ ကိုယ့်ဘက်ကလည်း နည်းနည်းလျှော့ဆိုတဲ့ လမ်းကြောင်းကို သူတို့ရွေးခဲ့ကြပါတယ်။

### (၈) ဟောပြောတင်ဆက်ရာမှာ ချင့်ဖွယ်ရာမှု

ပြောရတာ တော်တော်ခက်တယ်။ လူထုရဲ့ အကြိုက်ကိုလိုက်ပြီး လူထုကို ဖြားယောင်းတတ်တဲ့ ခေါင်းဆောင်တချို့က ဟောတဲ့ ပြောတဲ့အခါ အားနဲ့မာန်နဲ့၊ ဒေါ်နဲ့ မောနဲ့၊ ရုန့်ရင်းကြမ်းတမ်းတဲ့ အသုံးအနှုန်းနဲ့ ပြောတတ်ကြတယ်။ လူထုဆိုတာကလည်း သူတို့ ကြည်ညိုမိပြီဆိုရင် ဘာနဲ့မှ တားမရတော့ဘူး။ အဲဒီလူ လုပ်သမျှ အဟောဝတ ကောင်းလေစွချည်းပဲ မှတ်တတ်တဲ့ သဘာဝနဲ့။

အကောင်းဆုံးနမူနာကတော့ ကမ္ဘာကျော် ဖက်ဆစ်အာဏာရှင် ဟစ်တလာပါပဲ။ ဟစ်တလာ အာဏာရလာတာဟာ အဲသလို ပြောတတ် ဆိုတတ်လို့ပါ။ သူက ဘယ်တော့မှ ချေချေငံငံမပြောဘူး။ အသံပြာပြာနဲ့ ဒေါ်မာန်ပါပါ ပြောတာချည်းပဲ။ အဲဒီအချိန်က ဂျာမန်လူထုကလည်း စီးပွားရေး ချွတ်ခြုံကျနေတဲ့အချိန်။ အဲတော့ သူ့နောက်ကို တန်းစီပြီး ပါကုန်တော့တာပေါ့။ အမြော်အမြင်ရှိတဲ့ စာနယ်ဇင်းဆရာတွေက ဟစ်တလာ အဟုတ်မဟုတ်မှန်း သိတယ်။ သတိပေးတယ်။ ဒါပေမယ့်မရဘူး။ လူထုက ဟစ်တလာမှ ဟစ်တလာလုပ်ခဲ့ကြတဲ့အတွက် နောက်ဆုံးမှာ သူရော သူ့ပါတီပါ အာဏာရသွားတယ်။

ခွက်ခွက်လန်ကုန်တော့ လူထု ဘာမှ မတတ်နိုင်တော့ဘူး။ လူထုကို ကောင်းကောင်း နှိပ်ကွပ်ထားလိုက်ပြီလေ။ စောစောတုန်းက သတိပေးခဲ့သူတွေခမျာလည်း အသတ်ခံရသူ ခံရ၊ ထွက်ပြေးရသူ ပြေးရနဲ့။ ဆိုးချက်က ကမ်းကုန်။

အဲဒီတော့ ဟောပြောတင်ဆက်တဲ့အခါ၊ အကျယ်တဝင့်ပြောတဲ့ ဆိုတဲ့ အခါမှာ ချင့်ဖွယ်ရာမှုကိုပြောရင် တချို့နိုင်ငံရေးသမားတွေက မဲ့ကောင်း မဲ့ကြလိမ့်မယ်။ တချို့ဟောပြောသူတွေကလည်း ကြိုက်ကြမှာ မဟုတ်ဘူး။

အတူ ဟောဖူးသူ တစ်ယောက်ကိုဆို စာနာစိတ်နဲ့ သတိတောင်ပေးဖူးတယ်။ သူက ဟောပြောနေတာ မဟုတ်ဘူး၊ အော်ဟစ်နေတာ။ သူ့လည်ချောင်းက အတော်ကွဲနေပြီ။ အသံကလည်း အဲဒီလောက် ကုန်းကုန်းအော်ထားတော့ ကြာလေ ပြာလေဖြစ်နေပြီ။ နောက်ထပ် ငါးနှစ်လောက်သာ အဲဒီပုံအတိုင်း ဆက်အော်နေလို့ကတော့ သူ့လည်ချောင်းကို အသစ်လဲရတော့မယ့် သဘောရှိတယ်။ ဒါ့ကြောင့် သတိပေးမိတယ်။ ခေါင်းတော့ညိတ်သွားပါရဲ့။ သို့သော် အော်မြဲ အော်နေတာပဲ။ သို့သော် အဲဒီ ရှင်အာပြကိုမှ ဝက်ဝက်ကွဲ အားပေးတဲ့ ပရိသတ်ကလည်း မနည်းဘူး။ အဲဒီလူ လည်ချောင်းမကွဲကွဲအောင် ချောက်တွန်းနေသလိုပဲ။

အမှန်တော့ ဒီမိုကရေစီဆိုတဲ့ စနစ်ဟာ ယဉ်ကျေးတဲ့ လူ့ဘောင်မှာ ထွန်းကားတဲ့ စနစ်ပါ။ အော်ဟစ်ဆဲဆိုမောင်းမဲနေတာဟာ အာဏာရှင်စနစ်ပါ။ အဲလောက်လေး မြင်ရင်ကို ဟောပြောတင်ပြတဲ့အခါ၊ အကျယ်တဝင့် ပြောရဆိုရတဲ့အခါမှာ ချင့်ဖွယ်ရာဖို့ လိုတယ်ဆိုတာကို လက်ခံနိုင်ကြပါလိမ့်မယ်။

### (၉) တခြားသူများအပေါ် ယုံကြည်မှု

တခြားသူတွေဆိုတာ နိုင်ငံရေးမှာ ပါဝင်ပတ်သက်နေတဲ့ တခြားသူတွေကို ယုံကြည်ဖို့ပါပဲ။ တိုင်းပြည်ကို ကောင်းစေချင်တဲ့စိတ် ငါတို့မှာရှိသလို သူတို့မှာလည်း ရှိတယ်ဆိုတာလောက်ကလေးကိုတော့ အဖျင်းဆုံး ယုံကြည်ထားဖို့ လိုတာပါ။ ခံယူချက်တွေ၊ ချဉ်းကပ်ပုံတွေ၊ လုပ်နည်းလုပ်ဟန်တွေ ကွဲပြားနေမှာကတော့ ရှေ့ပိုင်းမှာ အဖန်ဖန်တင်ပြခဲ့သလို လူတွေပီပီ အများအပြား ရှိနေမှာပါပဲ။ သို့သော် ဘယ်သူ့မှာမှ တိုင်းပြည်အပေါ် စိတ်ယုတ်မာ မရှိဘူးဆိုတာလောက်ကို နားလည်ခံယူပေးနိုင်ဖို့၊ ယုံကြည်ပေးနိုင်ဖို့ လိုပါလိမ့်မယ်။

> တခြားသူတွေဆိုတာ နိုင်ငံရေးမှာ ပါဝင်ပတ်သက်နေတဲ့ တခြားသူတွေကို ယုံကြည်ဖို့ပါပဲ။ တိုင်းပြည်ကို ကောင်းစေချင်တဲ့ စိတ် ငါတို့မှာရှိသလို သူတို့မှာလည်း ရှိတယ်ဆိုတာလောက် ကလေးကိုတော့ အဖျင်းဆုံး ယုံကြည်ထားဖို့ လိုတာပါ။

ယုတ်စွအဆုံး အထက်မှာ နမူနာပြခဲ့တဲ့ ဖက်ဆစ်အာဏာရှင် ဟစ်တလာတောင်မှ သူ့တိုင်းပြည်ကို ပျက်စေချင်တဲ့ စေတနာဇောအဟုန်နဲ့ လျှောက်လုပ်ခဲ့တာ မဟုတ်မှာတော့ သေချာပါတယ်။ သူယုံကြည်တာ၊ သူခံယူတာ အလွဲကြီးလွဲနေတာ၊ သူ့လုပ်ပုံကိုင်ပုံတွေ အလွဲကြီးလွဲနေတာကြောင့် နောက်ဆုံးမှာ သူတင်မက သူ့တိုင်းပြည်ပါ အထိနာသွားခဲ့ရတာပါ။

သည်နေရာမှာ သူအာဏာမရခင်အခြေအနေက သူနဲ့ အတိုက်အခံတွေ၊ သူ့ကို ဝေဖန်သူတွေ၊ အမှန်ကို မြင်နိုင်သူတွေရဲ့ သဘောထားက အရေးကြီးပါတယ်။ အဲဒီလူတွေအားလုံးက သူ့ကို "ပြည်ဖျက်မယ့်သူ"လို့ မြင်ထားကြတယ်။

တစ်နည်းအားဖြင့် သူ့စေတနာကို မယုံကြည်ခဲ့ကြဘူး။ သည်တော့ သူ့ကို အတိုက်အခံ၊ အကြောက်အကန် ပြောကြတယ်၊ ငြင်းပယ်ခဲ့ကြပါတယ်။ အတိုက်အခံဖြစ်သွားကတည်းက သူကလည်း တစ်ဖက်ကို မယုံကြည်တော့ဘူး။ မယုံကြည်တော့ ပြောသမျှ နားမဝင်နိုင်တော့ဘူး။ သူ့ကို နှိပ်ကွပ်တာ၊ သူ့ကို နေရာမပေးတာ၊ သူ့ကို အပြတ်ရှင်းဖို့ ကြိုးစားနေကြတာလို့ပဲမြင်ပြီး သူက ပြန်ရန်လိုလာပါတော့တယ်။ တစ်ဖက်မှာလည်း သူအာဏာရအောင် မဖြစ်ဖြစ်တဲ့နည်းနဲ့ လုပ်ခဲ့တယ်။ အာဏာရတဲ့အခါမှာတော့ သူမယုံကြည်ခဲ့သူတွေ၊ သူ့ကိုလည်း မယုံကြည်သူတွေကို အပြတ်ရှင်းပစ်ပါတော့တယ်။

ဒါက ဒုတိယကမ္ဘာစစ်မတိုင်မီက ဆိုးရွားလွန်းတဲ့ နမူနာပါ။ မကြာသေးခင်က တောင်အာဖရိကမှာကျတော့ အဲဒီယုံကြည်မှုကို ပေးခဲ့ကြတယ်။ ရာစုနဲ့ချီပြီး အုပ်ချုပ်ခဲ့သူတွေအပေါ်မှာ အတိုက်အခံ လူမည်းအင်အားစုက ယုံကြည်မှုပြခဲ့ကြတယ်။ ယုံကြည်မှုဆိုတာ တစ်လမ်းသွား မဟုတ်ဘူး။ ကိုယ့်ကို ယုံစေချင်ရင် ကိုယ်ကလည်း သူ့ကို နှစ်နှစ်ကာကာ ယုံကြည်မှုဖြစ်မယ်ဆိုတာကို သူတို့ကောင်းစွာသဘောပေါက်တယ်။ သမိုင်းသင်ခန်းစာတွေလည်း သူတို့မှာ အများကြီး ရခဲ့ကြပြီးသား။ သည်တော့ နောက်ဆုံးမှာ ယုံကြည်ပေးတဲ့နည်းနဲ့ ချဉ်းကပ်နိုင်ခဲ့ကြတဲ့အတွက် ကနေ့တောင်အာဖရိကနိုင်ငံမှာ နှစ်ပေါင်းများစွာ ကြီးစိုးနေခဲ့တဲ့ အသားအရောင်ခွဲခြားပြီး နှိပ်ကွပ်မှုကြီး တစ်စတစ်စ အဆုံးသတ်သွားတာ တစ်ကမ္ဘာလုံး မျက်မြင်ပါပဲ။

### (၁၀) အာဏာပိုင်တွေအပေါ် ထိုက်သင့်တဲ့ သံသယစိတ် ထားရှိနိုင်စွမ်း

ဒါကလည်း ဒီမိုကရေစီမှာ အင်မတန် အရေးကြီးတဲ့ အချက်တစ်ချက်ပါပဲ။ အာဏာပိုင်တို့ ပြောသမျှ အကုန်ဟုတ်နေတယ်။ ဒါကြောင့် အာဏာပိုင်စေသမျှ လိုက်နာမယ်ဆိုတာမျိုးလည်း မဖြစ်သင့်ဘူး။ အဲသလို မဖြစ်သင့်တဲ့ နည်းတူပဲ။ အာဏာပိုင်တွေ လုပ်သမျှ ဘာဆိုဘာမှမကောင်းဘူး၊ အကုန်ငြင်းပယ်ရမယ်၊ ဆန့်ကျင်ရမယ်၊ မယုံကြည်ထိုက်ဘူးဆိုတဲ့ စိတ်မျိုးလည်း မမွေးမှ ဒီမိုကရေစီစနစ် ရှင်သန်လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။

ထိုက်သင့်တဲ့ သံသယထားနည်းကတော့ ကိစ္စရပ်တိုင်းမှာ မေးခွန်းထုတ်တတ်ဖို့ပါ။ ဘခြောက်လုံး မေးခွန်းပေါ့။ ဘယ်သူ၊ ဘယ်မှာ၊ ဘယ်တော့၊ ဘာကြောင့်၊ ဘယ်လို၊ ဘာဆိုတဲ့ မေးခွန်းတွေ ထုတ်ရတော့မှာပါ။ ဥပမာ ဆိုကြပါစို့။ အာဏာပိုင်က ယာဉ်ကြောတစ်ခုကို ပိတ်လိုက်တယ်။ ဘယ်သူ့အကျိုးအတွက် ပိတ်တာလဲ။ ဘယ်လောက်ကြာကြာ ပိတ်မှာလဲ။ ဘာကြောင့် ပိတ်တာလဲဆိုတဲ့ မေးခွန်းမျိုးတွေ ထုတ်ခြင်းဟာ ထိုက်သင့်တဲ့ သံသယနဲ့ ချဉ်းကပ်တာပါ။

သည်အခါမှာ အာဏာပိုင်က သည်မေးခွန်းကို ဖြေတယ်။ လူထုအကျိုးအတွက် ပိတ်တာပါလို့ ပြောတယ်။ ဒါ ဟုတ်ရဲ့လား။ လူထုအတွက် တကယ်ရော အကျိုးရှိရဲ့လားဆိုတာ ဆန်းစစ်ဖို့လည်း တာဝန်ရှိပါတယ်။ ဒါမှ ထိုက်သင့်တဲ့ သံသယထားတာ ဖြစ်လာပါလိမ့်မယ်။

သည်လို မေးခွန်းတွေ ထုတ်ခြင်းဟာ လက်ခံခြင်း၊ ငြင်းပယ်ခြင်း ဘောင်ထဲမှာ မပါဝင်တော့ပါဘူး။ ဖြစ်သင့်ဖြစ်ထိုက်ခြင်း ရှိ၊ မရှိကို ဝေဖန်ဆန်းစစ်ရာ ရောက်လာပါတယ်။ သည်အခါမှာ ဒီမိုကရေစီစနစ်က ဖွံ့ဖြိုးရှင်သန်လာတော့မှာ မလွဲတော့ပါဘူး။

### နိဂုံး

ဒီမိုကရေစီစနစ်တစ်ရပ် အရှိန်မပျက် ရှင်သန်လည်ပတ်နေအောင် မောင်းနှင်ပေးနိုင်မယ့် သည်စနစ်ရဲ့ အဓိကသရုပ်လက္ခဏာဆယ်ရပ်ကို တင်ပြဆွေးနွေးခဲ့တာပါ။

မြန်မာလို ရေးသားတင်ပြခဲ့တာဖြစ်ပေမယ့် တကယ်တမ်းမှာ ကျွန်တော် ပြုစုထားတာ မဟုတ်ပါဘူး။ အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်နဲ့ နိုင်ငံရေးနဲ့က အဝေးကြီးပါ။ ဒါတွေကို သိလည်း မသိလှပါဘူး။ ပိုဆိုးတာက ကျွန်တော့်အသက် (၅၈)နှစ်တာအတွင်းမှာ (၅၆)နှစ်လောက်က ဒီမိုကရေစီဆိုတာ လုံးသလား၊ ပြားသလားတောင် မြည်းစမ်းခွင့်မရတဲ့ စနစ်အောက်မှာ နေခဲ့ရတာ။

သို့ပေမယ့် ၁၉၈၈ ခုနှစ်ကစတင်ပြီး အနောက်နိုင်ငံ သံရုံးတွေမှာ အလုပ်ဝင်ခဲ့ရတယ်။ နိုင်ငံရေးကိစ္စတွေကို စူးစမ်းရတဲ့အလုပ်တွေ လုပ်ခဲ့ရတယ်။ သည်အခါမှာ မျက်လုံးလည်း အထိုက်အလျောက် ပွင့်လာပါတယ်။ ၂၀၁၀ ပြည့်နှစ်မှာတော့ မြန်မာနိုင်ငံမှာလည်း နိုင်ငံရေး အလှည့်အပြောင်းတစ်ခု ပေါ်ပေါက်လာတယ်။ သည်အခါမှာ ကျွန်တော်တို့တွေ ဘုမသိ ဘမသိတွေ ဖြစ်နေတာကို ရိပ်စားမိကြတဲ့သူတွေက ကျွန်တော်တို့ သိမြင်လာအောင် ကူညီပံ့ပိုးပေးတာတွေ ရှိလာတယ်။ အဲဒီ ကူညီပံ့ပိုးမှုတွေကို အတွင်းကျကျ ပါဝင်ပတ်သက်ခွင့်ကြုံလိုက်တဲ့အခါ ဒါတွေကို ရေးတေးတေး မြင်လာရပါတော့တယ်။ စာတွေလည်း လျှောက်ဖတ်ဖြစ်လာတယ်ပေါ့။

အဲဒီကမှ ကျွန်တော်သိလိုက်၊ မှတ်လိုက်မိတာလေးတွေကို ပြန်ဖောက်သည်ချလိုက်တာပါ။ သည်အခါမှာ ဘာသွားတွေ့ရသလဲဆိုရင် အလေ့အကျင့်လိုတယ်ဆိုတာကြီးကို သွားမြင်ရပါတယ်။ ဒီမိုကရေစီစနစ် ရှင်သန်စေချင်ရင် ငယ်ဘဝကတည်းက အလေ့အကျင့်ရထားဖို့ လိုတယ်ဆိုတာကို ကျွန်တော် ယုံကြည်နေမိခဲ့တာတော့ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ တစ်နည်းပြောရရင် မိသားစုတွင်း ဒီမိုကရေစီက အခြေခံပါ။ မိသားစုထဲမှာတောင်မှ ဒီမိုကရေစီ အလေ့အကျင့်တွေ မရှင်သန်မထွန်းကားဘဲနဲ့ နိုင်ငံမှာ ဒီမိုကရေစီ ထွန်းကားစေချင်လို့ မရပါဘူး။ အဲသလောက်ကို ရိုးစင်းပါတယ်။ ကျောင်းတွင်း၊ ကိုယ်နေထိုင်ရာ အိမ်နီးချင်း ဝန်းကျင်အတွင်း၊ ကိုယ့်ရပ်ရွာအသိုင်းအဝိုင်းအတွင်းများမှာလည်း ဒီမိုကရေစီ အလေ့အကျင့်တွေ ရှင်သန်နေဖို့ လိုပါတယ်။

အစမှာ ပြောခဲ့တဲ့ စကားကိုပဲ ပြန်ကောက်ပါရစေ။ ဒီမိုကရေစီဆိုတာ ဟင်းရွက်ကန်စွန်း မဟုတ်ပါဘူး။ ရော့၊ အင့်ဆိုပြီး တစ်ယောက်ယောက်က ယူပေး၊ ကမ်းပေးလို့ ရတာမျိုး မဟုတ်ပါဘူး။ အရှိန်မပျက် လည်ပတ်နေတဲ့ စနစ်တစ်ခုသာ ဖြစ်ပါတယ်။ အဲဒီစနစ် အရှိန်မှန်မှန်နဲ့လည်ပတ်ဖို့အတွက် ကျွန်တော်တို့အားလုံး အလုပ်လုပ်ကြရမှာပါ။

ဘာအလုပ်လုပ်ရမှာလဲ။ ဒီဒီမိုကရေစီအလေ့အထတွင် ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ၊ ကျွန်တော်တို့ကြားမှာ စိမ့်ဝင်ပျံ့နှံ့နေအောင် ဝိုင်းဝန်းလုပ်ဆောင်ကြဖို့ပါပဲ။

မလုပ်ချင်လည်း နေပါ။ ပြဿနာ မရှိပါဘူး။ မလုပ်ရင် မခံစားရရုံအပြင် ပိုမရှိပါဘူးလေ။ တန်ရာတန်ရာ ရကြမှာပဲ မဟုတ်ပါလားခင်ဗျာလို့ မပြောရဲပြောရဲနဲ့ပဲ ဇွတ်မှိတ်ပြောလိုက်ရင်း သုံးပတ်စာ ဒီမိုကရေစီ ဖတ်စာကို နိဂုံးကမွတ် အဆုံးသတ် လိုက်ပါတယ်။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်စုံတစ်ရာတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်နေမိကြောင်းပါခင်ဗျား။

# စိုက်ပျိုးရေး တိုးချဲ့ပညာပေးနှင့် ပြည်သူ့ဆက်ဆံရေး သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲ ဘားအံမြို့၌ ကျင်းပ

**ဘားအံ ဇူလိုင် ၂၂**

ကရင်ပြည်နယ် ဘားအံမြို့တွင် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်ပြီး အသိပညာ၊ အတတ်ပညာများဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တိုးချဲ့ပညာပေးနှင့် ပြည်သူ့ဆက်ဆံရေး သင်တန်းဆင်းပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက စက်မှုသီးနှံရုံး စိုက်ပျိုးရေးသင်တန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကိုပေးအပ်ရာ သင်တန်းသူများ၏ကိုယ်စား စက်မှုလယ်ယာ ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းမြင့်ဦးက လက်ခံရယူခဲ့သည်။ ယင်းနောက် သင်တန်းသားတစ်ဦးဖြစ်သူ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးမင်းထွန်းနိုင်က သင်တန်းအတွေ့အကြုံများအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ စိုက်ပျိုးရေး၊ မြေစာရင်း၊ ရေအရင်းအမြစ်၊ စက်မှုလယ်ယာဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၃၂ ဦး တက်ရောက်ကြပြီး သတင်းစာအခြေခံ၊ တောင်သူများနှင့် တိုးချဲ့ပညာပေး သတင်းအရေးပါမှု၊ Extension & Rural Science နှင့် တိုးချဲ့ပညာပေးဝန်ထမ်းကျင့်ဝတ်များ၊ ခရီးသွားဆောင်းပါးနှင့် လယ်ယာကဏ္ဍအခြေခံဆောင်းပါးရေးသားခြင်း၊ လယ်ယာသတင်းနှင့် ကိန်းဂဏန်းအချက်အလက်ရေးသားတင်ပြခြင်း၊ ပြည်သူ့ဆက်ဆံရေးပညာနှင့် နိုင်ငံပိုင်သတင်းစာများ၊ လူမှုဆက်ဆံရေးနှင့် သတင်းအရေးပါမှု၊ သတင်းစာနှင့်ဂျာနယ်များသို့ သတင်းရေးသားပေးပို့မှု၊ နှစ်ရှည်ပင်များ၏ သဘောသဘာဝနှင့် တိုးချဲ့ပညာပေးဝန်ထမ်းများ၏ အရေးပါမှု၊ တောင်သူများ၏ သဘောသဘာဝ အစရှိသည့် ဘာသာရပ်များကို သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်ထိ ခုနစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသဖြင့် ကျေးလက်နေတောင်သူများပါမကျန် လူမှုဘဝအကျိုးစီးပွားမြင့်မားတိုးတက်စေရေးအတွက် ဌာနနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်ရမည့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ မီဒီယာကဏ္ဍမှ တစ်ဆင့် ချပြခွင့်ရနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ပဲတီစိမ်းထွက်နှုန်းနည်းပြီး ဈေးမကောင်း၍ပဲစိုက်တောင်သူများဝင်ငွေလျော့

**ရမည်းသင်း ဇူလိုင် ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင်ယခုနှစ် မိုးဦးသီးနှံ ပဲတီစိမ်းထွက်နှုန်းလျော့ပြီး ဈေးမကောင်း၍ ပဲတီစိမ်းစိုက်တောင်သူများ ဝင်ငွေလျော့နည်းကြကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်းတွင် ပဲတီစိမ်းကို မိုးဦးသီးနှံအဖြစ် အများအပြား စိုက်ပျိုးကြသည်ဟု သိရပြီး ရာသီဥတုအနေအထားအရ ပဲပင်များ အသီးအတွက် ပန်းပြချိန်တွင် မိုးရွာသွန်းမှု နည်းသောကြောင့် နောက်သီး၊ နောက်ပွင့် မလိုက်၍ ထွက်နှုန်းနည်းသည်ဟု သိရသည်။ ထို့အပြင် ပဲကောက်ချိန်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးမှုများရှိကာ ပဲကောက်ရက်များ မမှန်၍ အထွက်နှုန်းနည်းသည်ဟု သိရသည်။ ပဲထွက်နှုန်းနည်းသည့်အပြင် လူငှားအလုပ်သမားရှားပါးမှုကြောင့် ပဲကောက်နေ့စား အလုပ်သမား တစ်ဦးလျှင် နေ့ကုန် ယခင်နှစ်က ၂၀၀၀ ကျပ်သာပေးရသော်လည်း ယခုနှစ်တွင် အလုပ်သမားတစ်ဦး နေ့ကုန် ၂၅၀၀ကျပ်မှ ၃၀၀၀ ကျပ်ဝန်းကျင်တို့မြှင့်ပေးငှားရကြောင်း သိရသည်။

"ပဲပင်အနေအထားအရ နောက်သီးထပ်ကောက်ရဖို့မလွယ်ဘူး၊ မရနိုင်ဘူး၊ ပဲကောက်နေ့စားအလုပ်သမားခကလည်း ဈေးတက်တယ်။ တစ်ဧကကို ဆယ်ယောက်အနည်းဆုံးကောက်မှနိုင်တယ်။ ထွက်နှုန်းကလည်း အရင်နှစ်ကထက် သုံးချိုးတစ်ချိုး လောက်လျော့သွားတယ်။ ဒီအပြင် ပဲဈေးကလည်း မကောင်းဘူး။ မျိုးဖိုး၊ လုပ်အားခ၊ ပဲခွဲခနဲ့တွက်ရင် ခုနှစ် မရှုံးရုံပဲဟု ရွာတန်းလယ်သာအုပ်စု ရွာမကျေးရွာနေ ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုနှစ်ပဲတီစိမ်းပေါ်ချိန်တွင် တစ်တင်း ၃၃၀၀၀ ကျပ်ရောင်းရသော်လည်း ယခုအခါ တစ်တင်း ၂၈၀၀၀ ကျပ်သာရောင်းရသောကြောင့် ယခုနှစ်မိုးဦးပဲတီစိမ်းစိုက်တောင်သူများ ယခင်နှစ်ကထက် ဝင်ငွေလျော့နည်းကြသည်ဟု သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

❐

# စစ်ကိုင်းမြို့၌ လစဉ် လူထုစုပေါင်းစက်ဘီးစီးပွဲကြီး ကျင်းပမည်

**စစ်ကိုင်း ဇူလိုင် ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်မှု၊ မြန်မာနိုင်ငံ စက်ဘီးစီးအဖွဲ့ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ကျင်းပသည့် လစဉ်လူထု စုပေါင်းစက်ဘီးစီးနင်းပွဲကြီးကို ဇူလိုင် ၂၅ ရက် နံနက် ၆ နာရီခွဲ၌ စစ်ကိုင်းမြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့မှ စတင်တာလွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစက်ဘီးစီးနင်းပွဲ ဖွင့်ပွဲနေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပန်းခြံရှေ့မှ တာရိုးကြီးလမ်းနှင့် ချင်းစုလမ်းထောင့်မှ ဈေးလမ်းမီးပွိုင့်၊ ပန်းဘဲတန်းလမ်းတစ်လျှောက်မှ စစ်ကိုင်း-မုံရွာ-ရွှေဘို ကားလမ်းအတိုင်း ကောင်းမှုတော်ဘုရားသို့ စီးနင်းကြမည်ဖြစ်ကာ လာလမ်းအတိုင်း မူလတာထွက်နေရာတွင် ပန်းဝင်ကြမည်ဖြစ်သည်။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကာ မည်သည့်စက်ဘီးအမျိုးအစားနှင့်မဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် စတင်တာလွှတ်သည့်နေရာတွင် အဆိုပါနေ့၌ စာရင်းပေးသွင်းရမည်ဖြစ်ကာ ပါဝင်ယှဉ်ပြိုင်သူတိုင်းကို တီရှပ်တစ်ထည်စီ အခမဲ့ပေးဆောင်သွားမှာဖြစ်ကြောင်း သိရသည်။

စက်ဘီးစီးနင်းပွဲကြီး ကျင်းပပေးရခြင်းမှာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေး၊ လောင်စာဆီခြိုးခြံချွေတာရေး၊ လေထုညစ်ညမ်းမှုစုပေါင်းလျှော့ချရေးနှင့် ယာဉ်ကျပ်တည်းမှုပူးပေါင်း လျှော့ချရေးတို့အတွက် ရည်ရွယ်၍ လုပ်ဆောင်တာဖြစ်ကြောင်း စစ်ကိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဌေးကိုကပြောသည်။ **မျိုးဝင်း(စစ်ကိုင်း)**

# ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး သင်တန်းဖွင့်လှစ်

**ချောင်းဦး ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ရပ်ရွာအခြေပြု ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက ချောင်းဦးမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသစ်လွင်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဦးလှဆိုင်း (လူမှုဝန်ထမ်း-၃)က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးရာ ရပ်ရွာအတွင်း စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် လူမှုရေးလုပ်ငန်းတွင် စိတ်ပါဝင်စားသူများအား ကလေးသူငယ်အရေး၊ အမျိုးသမီး၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အို ဘိုးဘွားများအား လိုအပ်သော စောင့်ရှောက်မှုပေးနိုင်ရေးတို့တွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ သင်တန်းပို့ချရခြင်းဖြစ်ကြောင်း ပြောသည်။

ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးသင်တန်းကို ချောင်းဦးမြို့နယ်အတွင်းမှ သင်တန်းသား ၆၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဇူလိုင် ၂၀ မှ ၂၂ ရက်ထိ သုံးရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

**မြို့နယ်ပြန်/ဆက် (ချောင်းဦး)**

# အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးပေး

**ဝါးခယ်မ ဇူလိုင် ၂၂**

ကျန်းမာရေးဝန်ကြီးဌာနမှ လက်ရှိဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအနက်မှ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ပြည်သူများအား ထိုးနှံပေးခြင်းကို ဇူလိုင် ၂၀ ရက် နံနက်က ဝါးခယ်မမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အသည်းရောင် အသားဝါရောဂါ ကျဆင်းပပျောက်စေရေးအတွက် ကာကွယ်ဆေးထိုးနှံပေးခြင်းကို ပထမအကြိမ်အဖြစ် ဇွန်လက မြို့နယ်အတွင်းရှိ အစိုးရဝန်ထမ်းများ၊ သာသနာ့ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် လုပ်သားပြည်သူများ စုစုပေါင်း ၂၂၅၅ ဦးကို ထိုးနှံပေးပြီးဖြစ်ရာ ယခုလ ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်ထိ ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ လာမည့် ဩဂုတ်လတွင် တတိယအကြိမ်အဖြစ်လည်းကောင်း သုံးကြိမ်တိတိ အခမဲ့ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# အသင်းအဖွဲ့များနှင့် ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဝက်လက်၌ ဆောင်ရွက်

**ဝက်လက် ဇူလိုင် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ ကြက်ခြေနီအသင်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးပွဲနှင့် နံရံကပ်ဓာတ်ပုံပြပွဲ၊ စာအုပ်ပြပွဲများကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး၌ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းများ၊ စာပေဆွေးနွေးပွဲများ၊ စာစီစာကုံး၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ နယ်လှည့်စာကြည့်တိုက်နှင့် Mobile စာငှားခြင်းလုပ်ငန်းများ၊ ဟောပြောပွဲလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ရေးနှင့် စာငှား စာဖတ်သူနှင့် စာအုပ်အလှူရှင် တိုးပွားရေးများကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသော အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ယင်းလုပ်ငန်းများအောင်မြင်ရေး ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် စာဖတ်ရှိန်မြှင့်တင်ရေး ဆွေးနွေးပွဲ တက်ရောက်လာကြသော အသင်းအဖွဲ့ဝင်များက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ မြို့နယ်လှုပ်ရှားမှု မှတ်တမ်းပုံများနှင့် ပြည်သူများ သိသင့်သည့် အချက်အလက်များဖြင့် ပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံများကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ပြည်သူများသို့ချပြရှင်းလင်း

**ရန်ကုန် ဇူလိုင် ၂၂**

ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် သန်လျင်မြို့ မြို့မတောင်ရပ်ကွက်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများအား ဒေသခံ ပြည်သူများသို့ ချပြရှင်းလင်းပွဲကို ဇူလိုင် ၂၀ ရက် ည ၈ နာရီက ရပ်ကွက်ရုံးခန်းမ၌ ကျင်းပရာ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်က ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေအား စနစ်တကျ အကျိုးရှိစွာ အလေအလွင့်မရှိ သုံးစွဲရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်းတို့က ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဒေသခံပြည်သူများ၏ ဆွေးနွေးတင်ပြချက်များအား လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်မြင့်ဦးတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနတွင် ဝါးကုန်သည်များ ပဲခူးရိုးမမှဝါးကို စနစ်တကျထုတ်ယူနိုင်ရေး ဆွေးနွေး

**ကျောက်တံခါး ဇူလိုင် ၂၂**
ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီးဦးကျော်ခင်၊ တောအုပ်ဦးသက်ညွန့်နှင့် မြို့ချောင်းဘိနယ် တာဝန်ရှိသူများသည် ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင် ၈၇/၆ ရဲနွယ်ပျိုးဉယျာဉ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးရိုးမမှ ဝါးထုတ်ယူခွင့် တင်ပြလျှောက်ထားလာသော ဝါးကုန်သည် ၃၀ ကျော်နှင့် တွေ့ဆုံကာ ဝါးထုတ်ယူရာတွင် သတ်မှတ်စည်းကမ်းနှင့်အညီ ဝါးခုတ်လုပ်သားများနှင့် ဝါးသယ်မော်တော်ယာဉ်များ၊ တောဝင်ခွင့်စာရင်းများ တင်ပြပြီး လုပ်ထုံးလုပ်နည်းဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တောအုပ်ကြီး ဦးကျော်ခင်က ဦးစွာဆွေးနွေးပြီး တောအုပ်ဦးသက်ညွန့်က ပဲခူးရိုးမမှ ဝါးထုတ်လုပ်ရန် ၅ သိန်း သတ်မှတ်ထားပြီး တောင်ပေါ် ၂ မိုင်နှင့် ၄ မိုင်အထိသာ ဝါးသယ်ယူခွင့်မော်တော်ယာဉ်များ တက်ရောက်ရန် သတ်မှတ်ထားပြီး လိုက်နာဆောင်ရွက်ကြရန် အသိပေးမှာကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ဝါးလုပ်ငန်းရှင် ဦးစောမြင့်ကြည်၊ ဒေါ်စန္ဒာမိုး၊ ကိုမျိုးလွင်တို့က ဝါးလုပ်ငန်းအတွက် ဝါးဝယ်ယူခွင့်ချပေးရာတွင် ဒေသခံများကိုသာ ဦးစားပေးချထားပေးစေလိုကြောင်း၊ ရန်ကုန်၊ လှည်းကူးဒေသများမှ တူဝါးနှင့် ဝါးခွဲခြမ်းများပြုလုပ်၍ နိုင်ငံခြားသို့တင်ပို့ရန် ဆောင်ရွက်နေမှုများကြောင့် သစ်တောဦးစီးဌာနအနေဖြင့် သီးခြားသတ်မှတ်ချက်များဖြင့် ဝါးအရေအတွက် သတ်မှတ်ပေးသင့်ကြောင်း၊ ဝါးသယ်ယူရေးအတွက် တောင်ပေါ် ၁၉ မိုင်အထိ ဝါးများသယ်ယူခွင့်ပြုစေလိုကြောင်း တင်ပြကြသည်။

တောအုပ်ကြီးက မိမိတို့အနေဖြင့် အဆုံးဖြတ်မပေးနိုင်သည့်အတွက် မြို့နယ်သို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ဝါးခုတ်သည်မှစ၍ ထုတ်ယူသည်အထိ စည်းကမ်းတကျလုပ်ဆောင်မှုဖြင့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်သွားသင့်ကြောင်း တိုက်တွန်းပြောကြားရင်း ဆွေးနွေးပွဲအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ကိုသိန်းအေး**

# ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ရာတွင် လက်တွဲညီညီဆောင်ရွက်ကြရန်လို

**နေပြည်တော် ဇူလိုင် ၂၂**
မိခင်သေနှုန်းကျဆင်းရေး၊ အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုကျဆင်းရေးနှင့် ပြည်သူများရဲ့ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ကြရာတွင် သားဖွားဆရာမများနှင့် အရန်သားဖွားဆရာမများအနေဖြင့် လက်တွဲညီညီ ဆောင်ရွက်ကြရန် နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာ လှလှကြည်က ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ နေပြည်တော် ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသော ဒက္ခိဏခရိုင်အတွင်းရှိ သားဖွားဆရာမများနှင့် အရန်သားဖွားဆရာမများ တွေ့ဆုံပွဲအမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မိခင်နှင့်အသက်နှစ်လမှ ငါးနှစ်အရွယ်ကလေးငယ်များအား သေဆုံးမှုကျဆင်းရေးကို အဓိကထား ဆောင်ရွက်ကြရန်၊ ပြည်သူများရဲ့ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ကြရာတွင် သားဖွားဆရာမများနှင့် အရန်သားဖွားဆရာမများအနေဖြင့် လက်တွဲညီညီဆောင်ရွက်ကြရန်၊ မကျန်းမာသောကလေး အားဆန်းစစ်ခြင်း၊ ရောဂါအဆင့်ခွဲခြားခြင်း၊ ကုသမှုရွေးချယ်ခြင်း၊ ကုသပေးခြင်း၊ ကလေးများ၏မိခင်အားအကြံပေး ဆွေးနွေးခြင်း၊ ရက်ချိန်းပြန်ပြခြင်း၊ မွေးပြီးပြီးချင်း မွေးကင်းစကလေးအား ပြုစုစောင့်ရှောက်ခြင်း၊ မွေးကင်းစကလေး အပူခာတ်ဆုံးရှုံးပုံနှင့် အသက်ကယ်ပြုစုခြင်း၊ မိခင်အားမွေးကင်းစကလေး၏ ပြဿနာကိုမေးမြန်းခြင်း၊ မွေးကင်းစကလေးအားဘက်တီးရီးယား ရောဂါပိုးဝင်နိုင်ခြေ ရှိ၊ မရှိဆန်းစစ်ခြင်းနှင့် ရောဂါဆန်းစစ်ခြင်း၊ မကျန်းမာသောမွေးကင်းစကလေးအားညွှန်းပို့ခြင်းစသည့် အချက်များကို ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲကို နေပြည်တော်အတွင်းရှိ မြို့နယ် (၈)မြို့နယ်မှ ဆေးရုံအုပ်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ မြို့နယ်သူနာပြုအဆင့်(၁)များနှင့် မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁)များ၊ သားဖွားဆရာမ ၁၅၉ ဦးနှင့်အရန်သားဖွားဆရာမ ၇၉ ဦး တက်ရောက်ဆွေးနွေးကြကြောင်း၊ ဇူလိုင် ၁၇ ရက်တွင် ဥတ္တရခရိုင်၊ ဇေယျာသီရိဆေးရုံသင်တန်းကျောင်း၌လည်း အလားတူ ဆွေးနွေးပွဲမျိုးကို ကျင်းပခဲ့ကြောင်း သိရသည်။ **သန့်မောင်(ပြန်/ဆက်)**



# မိုးကြိုချည်မျှင်ရှည်ဝါ သုတေသနစိုက်ခင်းများနှင့် ငွေချည်-၆ မိဘမျိုးစေ့ (Breeder Seed) မျိုးသန့်မျိုးပွားစိုက်ခင်းများဖြစ်ထွန်းမှု တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကျင်းပ

**ဝမ်းတွင်း ဇူလိုင် ၂၂**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ရွှေတောင်ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် မိုးကြိုချည်မျှင်ရှည်ဝါ သုတေသနစိုက်ခင်းများနှင့် ငွေချည်-၆ မိဘမျိုးစေ့ (Breeder Seed) မျိုးသန့်မျိုးပွားစိုက်ခင်းများ ဖြစ်ထွန်းမှု တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက ရွှေတောင်သုတေသနခြံတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးဝင်းထိန်က အမှာစကားပြောကြားပြီး ရွှေတောင်သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံမှ သုတေသနတာဝန်ခံ ဒေါ်သန်းသန်းနုက ရွှေတောင်-၈၊ ငွေချည်-၉ ဝါမျိုးသစ် ထုတ်လုပ်ခဲ့ရပုံအဆင့်ဆင့်ကို (power point) များဖြင့် ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခြံတာဝန်ခံ ဦးစိုးသိန်းက ငွေချည်-၆၊ ရွှေတောင်-၈၊ ငွေချည်-၉ ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးစေ့များကို တောင်သူများအား နှစ်စဉ်ထုတ်လုပ်ဖြန့်ဖြူးနိုင်မှု၊ မျိုးကောင်းမျိုးသန့် သုံးစွဲခြင်းအားဖြင့် တစ်ဧကပိဿာ ၁၀၀၀ ထွက်ရှိရေးကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ ပြောကြားသည်။

ရွှေတောင်ဝါသီးနှံ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံမှ ဝန်ထမ်းများအနေဖြင့် ဒေသအသီးသီးရှိ ဝါသီးနှံအကျိုးပြုတောင်သူများအား အဆင့်မြင့်မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနေပြီး သုတေသနလုပ်ငန်းများမှ ဝါသီးနှံစိုက်ဒေသအသီးသီးနှင့် ကိုက်ညီမည့် ဝါမျိုးသစ်များပေါ်ထွန်းနိုင်ရေးအတွက် အစဉ်တစိုက် သုတေသနပြု ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းတောင်သူပညာပေး ကွင်းသရုပ်ပြပွဲသို့ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြသည်။ **ဧွေးလှိုင်(ဝမ်းတွင်း)**



# ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ သောက်သုံးရေအခက်အခဲမရှိစေရေး စက်ရေတွင်းတူးဖော်

**သာစည် ဇူလိုင် ၂၂**
မိတ္ထီလာခရိုင် သာစည်မြို့နယ် ညောင်းရမ်းကျေးရွာ၌ သောက်သုံးရေ အခက်အခဲမရှိစေရေးအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ လေးလက်မစက်ရေတွင်းတစ်တွင်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းသည့် သာစည်မြို့နယ် ညောင်းရမ်းကျေးရွာ၌ RG -11 အမျိုးအစား လေးလက်မစက်ရေတွင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မိတ္ထီလာခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ တာဝန်ယူပြီး ဇူလိုင် ၁၄ ရက်က ညောင်းရမ်းဈေးအနီးတွင် စတင်၍ တူးဖော်ပေးလျက်ရှိရာ အနက်ပေ ၃၀၀ ကျော်ရှိပြီး ဆက်လက်တူးဖော် ဆောင်ရွက်လျက်ရှိသည်။

ယခုတူးဖော်နေသည့် RG -11 အမျိုးအစား လေးလက်မစက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးစီးပါက ညောင်းရမ်းကျေးရွာအတွင်းရှိ ဒေသခံများ သောက်သုံးရေ အခက်အခဲမရှိ အဆင်ပြေစွာ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း အဆိုပါစက်ရေတွင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အေးက ပြောသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများပေးအပ်

**မောက်မယ် ဇူလိုင် ၂၂**
မောက်မယ်မြို့နယ်အတွင်း ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လယ်တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခွဲနှုန်းဖြင့် ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်း ၇၀၀ ခန့် ထုတ်ချေးပေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

ယင်းသို့ မြို့နယ်အတွင်းရှိ တောင်သူများအား လယ်ယာ/ ခြံ ဧက ၄၅၀ အတွက် ကျပ်သိန်း ၇၀၀ ခန့်ကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်ထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးခန်းမ၌ စတင်ထုတ်ချေးပေးနေပြီဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ကွန်ကရစ်ရေမြောင်းပြုပြင်ခြင်းနှင့် ကွန်ကရစ်တံတား ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်

**ဗန်းမောက် ဇူလိုင် ၂၂**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စည်ပင်သာယာရေးဌာနက ပြည်သူ့အတွက်ရက် ၁၀၀ စီမံချက် ဆောင်ရွက်မှုအဖြစ် မြို့တွင်းသန့်ရှင်းသာယာလှပရေး၊ ကွန်ကရစ်ရေမြောင်းပြုပြင်ခြင်းနှင့် ကွန်ကရစ်တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်လျက်ရှိရာ ဗန်းမောက်မြို့ ဘုရင့်နောင်လမ်းထိပ်၊ စိမ်းမြ (၁) တည်းခိုခန်းအနောက်ဘက် ဇလုံတောင်တော်သွားသည့် သစ်သားတံတားပျက်စီးနေသည့်အတွက် ကွန်ကရစ်တံတားလုပ်ငန်းဆောင်ရွက်ခြင်း၊ ၎င်းတံတားအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၄၆ သိန်းဖြင့် အလျားပေ ၂၀၊ အနံ ၉ ပေ၊ အမြင့် ၅ ပေရှိ ကွန်ကရစ်တံတားလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဆောင်ရွက်နေမှုများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး၊ စနစ်တကျဖြစ်စေရေးအတွက် ဇူလိုင် ၁၈ ရက် ညနေ ၃ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်အောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဒေါ်ကျော့ယဉ်ဝင်းနှင့် စည်ပင်ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်းသိရသည်။

**ကျော်စွာ(ပြန်/ဆက်)**

**ခဆူးငှက်**



# မြို့မိမြို့ဖနှင့် ပူးပေါင်းပါမှ

ဒုတိယကမ္ဘာစစ်ကြီးကြောင့် တစ်မြို့လုံးနီးပါး ပျက်စီးသွားသော မန္တလေးမြို့ကြီးကို ပြန်လည်ထူထောင်ရန်အတွက် မြို့မိမြို့ဖများနှင့် အစိုးရတာဝန်ရှိသူတို့က မန္တလေးမြို့ဆိုင်ရာ အစည်းအဝေးကြီးကို ၁၉၄၅ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် မြို့လယ်ရှိ နေသူရိန်ဇာတ်ရုံ၌ ကျင်းပခဲ့သည်။

ထိုအစည်းအဝေးကြီးမတိုင်မီ ဒီဇင်ဘာ ၂၆ ရက်က အစိုးရဗိုလ်ကြီးများဖြစ်သော မစ္စတာဘွတ်ရှ်နှင့် ဦးအုန်းသန်းတို့ မန္တလေးမြို့သို့ ရောက်ရှိလာကြပြီး မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ မန္တလေးမြို့တော် ပြန်လည်တည်ဆောက်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးချက်များကို အခြေခံပြီး ဒီဇင်ဘာ ၃၀ ရက် နေသူရိန်အစည်းအဝေးကြီးတွင် မြို့လူထုကြီးနှင့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြခြင်းဖြစ်သည်။ ထိုဆုံးဖြတ်ချက်များမှာ -

(၁) လောကဓာတ်နည်းအားဖြင့် ပြန်လည်ထူထောင်ရေးစနစ်ကို တိုးတက်စေရန် ဗမာ (မြန်မာ) နိုင်ငံ ထူထောင်ရေးအဖွဲ့တစ်ဖွဲ့ မန္တလေးတွင် ဖွဲ့စည်းရန်။

(၂) သာသနာရေး အဆောက်အအုံများနှင့် နေရာများကို မထိခိုက်စေဘဲ တိုင်းသူပြည်သားတို့၏ လိုအပ်သောအရာများကို အခြေပြု၍ ခေတ်မီနည်းအရ မန္တလေးမြို့ကြီးကို ပြန်လည်တည်ဆောက်ရန် စသည်တို့ဖြစ်၏။ ထိုဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ကနဦးလုပ်ဆောင်ချက်များအနေနှင့် စိန်ပန်း၊ မင်းတဲအိကင်းစသည့် အနောက်ပိုင်း မြေနိမ့်ရေဝင်ရပ်ကွက်များကို ပြုပြင်ရန်၊ နန်းမြို့အတွင်း၌ ဆေးရုံများ၊ ကျောင်းများ၊ ရုံးများ၊ နေရာချထားရန်နှင့် ကူးသန်းရောင်းဝယ်ရေးဌာနများကို ဆိပ်ကမ်းနှင့်နီးကပ်စွာ ထားရှိရန်တို့ကိုလည်း ယာယီရေးဆွဲစီစဉ်ထားသည်ဟု ဆို၏။

စစ်ဘေးစစ်ဒဏ်ကြောင့် သုံးနှစ်ပတ်လုံး ပျက်စီးယိုယွင်းကာ လူသူဆိတ်ငြိမ်ခဲ့သော မန္တလေးသည် ၁၉၄၇ သို့ ရောက်လာသောအခါ အရှိန်ရလာပြီး အတော်အတန် စည်ကားလာသည်။ အထူးသဖြင့် မန္တလေးတောင်၊ မဟာမုနိဘုရားကြီးနှင့် ဈေးချိုတော်ကြီးတို့၌ ကြိတ်ကြိတ်တိုးစည်ကားလှ၏။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများကလည်း ဈေးချိုတော်သို့ မဝင်မဖြစ် ဝင်ရောက်လာကြသည်။ အရောင်းအဝယ် ကုန်စည်အကူးအသန်းဖြင့် ဈေးချိုတော်သို့ လာရောက်ကြသူများကလည်း မဟာမုနိဘုရားကြီးနှင့် မန္တလေးတောင်သို့ မဖြစ်မနေ ဘုရားဖူးသွားကြ၏။ အင်္ဂလိပ်ကျောင်း၊ မြန်မာကျောင်းများလည်း ဖွင့်လှစ်စာသင်ကြားကြပြီဟု ဆို၏။

ဓာတ်ရှင်ရုံများ၊ ကြည့်ချင်ပွဲဇာတ်များ၊ ရုံဇာတ်ပွဲကြီးများလည်း ခင်းကျင်းကပြနေကြပြီ။ ကက်စဘီခေါ် စစ်အုပ်ချုပ်ရေး Cicril Administration Service, Burma (C.A.S.B) ကလည်း ၁၉၄၅ အောက်တိုဘာ ၉ ရက်စတင်ခဲ့ပြီး မတ်လ ၂၀ ရက်တွင် ရုပ်သိမ်းပြီးပြီ။ ထိုကာလအတွင်း ဇွန်လ၌ပင် မန္တလေးမြို့၌ ဖ. ဆ. ပ. လ ဖွဲ့စည်း၍ ဆိုင်းဘုတ်တင်နိုင်ခဲ့သည်။ ဥက္ကဋ္ဌမှာ ဆရာကြီးဦးရာဇတ် (အာဇာနည်) ဖြစ်ပါ၏။ နောင်အခါ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် အစိုးရအဖွဲ့ ဖွဲ့စည်းသောအခါ ဆရာကြီးဦးရာဇတ်က ပညာရေးဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရလေသည်။

ကမ္ဘာစစ်ကြီးအပြီးတွင် ဆရာကြီးဦးရာဇတ်က ၁၉၂၅ ခုနှစ်ကတည်းက တည်ထောင်ခဲ့သော မန္တလေးဥပစာကောလိပ်ကိုလည်း ပြန်လည်ဖွင့်လှစ်ရန် စိုင်းပြင်းခဲ့သည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလသို့ ရောက်သောအခါ တက္ကသိုလ်ထူထောင်ရေးအဖွဲ့ (University Organization Comittee) က မန္တလေးဥပစာကောလိပ် (Mandalay Intermediate College) အမည်ဖြင့် ဒီဂရီအဆင့်အတန်းသို့ မြှင့်တင်၍ ပြန်လည်ဖွင့်လှစ်ရန် အစီရင်ခံစာကို ထောက်ခံတင်ပြခဲ့သည်။

ထိုထောက်ခံချက်အရ ရန်ကုန်တက္ကသိုလ် အာဏာပိုင်အဖွဲ့အစည်းက မန္တလေးတက္ကသိုလ်ကောလိပ်ကို ဖွင့်လှစ်ရန် အသေးစိတ်အစီအစဉ်များရေးဆွဲ၍ ကုန်ကျစရိတ်များပါ ပူးတွဲဖော်ပြလျက် ပညာရေးဝန်ကြီးဦးရာဇတ်ထံ တင်ပြခဲ့ရာ ပညာရေးဝန်ကြီးက အစိုးရအဖွဲ့၏ သဘောတူညီချက်ကို ရယူခဲ့ပါသည်။ ဤသို့ဖြင့် ၁၉၄၇ ခုနှစ် မေလတွင် ဦးကိုလေး(ဇေယျာမောင်) အား ကျောင်းအုပ်အဖြစ်ခန့်ထားပြီး မန္တလေးတက္ကသိုလ်ကောလိပ် ဖွင့်လှစ်နိုင်ရန် မန္တလေးသို့ စေလွှတ်လိုက်၏။

မန္တလေးဥပစာကောလိပ်ကား အဆောက်အအုံများများစားစားမရှိ။ ဤသို့ မရှိရသည့်အထဲ ပင်မအဆောက်အအုံကြီးကို မဟာမိတ်တပ်များမှ အိန္ဒိယစစ်တပ်က စစ်ဆေးရုံအဖြစ် အသုံးပြုထားသည်။ ရတနာပုံအဆောင်ကိုလည်း ကြေးနန်းဌာနအဖြစ် အသုံးပြုထားသေး၏။ ၎င်းကြေးနန်းဌာနအဆောက်အအုံအား ၁၉၄၇ ခု ဇွန်လ ၁၅ ရက်တွင်လည်းကောင်း၊ ပင်မအဆောက်အအုံကြီးအား ၁၉၄၇ ခု ဇူလိုင်လ ၁၅ ရက်တွင် လည်းကောင်း ပြန်လည်ရရှိခဲ့ကြသည်။ ဤသို့ဖြင့် မန္တလေးယူနီဗာစီတီကောလိပ်ကို ၁၉၄၇ ခု ဇူလိုင်လ ၁၇ ရက်တွင် စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ ပထမနှစ် ဥပစာတန်းသို့ ကျောင်းသူ၊ ကျောင်းသား ၁၀၃ ဦး စတင်တက်ရောက် သင်ကြားခဲ့ကြသည်။

**စစ်ဘေးစစ်ဒဏ်ကြောင့် သုံးနှစ်ပတ်လုံး ပျက်စီးယိုယွင်းကာ လူသူဆိတ်ငြိမ်ခဲ့သော မန္တလေးသည် ၁၉၄၇ သို့ ရောက်လာသောအခါ အရှိန်ရလာပြီး အတော်အတန် စည်ကားလာသည်။ အထူးသဖြင့် မန္တလေးတောင်၊ မဟာမုနိဘုရားကြီးနှင့် ဈေးချိုတော်ကြီးတို့၌ ကြိတ်ကြိတ်တိုးစည်ကားလှ၏။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများကလည်း ဈေးချိုတော်သို့ မဝင်မဖြစ် ဝင်ရောက်လာကြသည်။ အရောင်းအဝယ် ကုန်စည်အကူးအသန်းဖြင့် ဈေးချိုတော်သို့ လာရောက်ကြသူများကလည်း မဟာမုနိဘုရားကြီးနှင့် မန္တလေးတောင်သို့ မဖြစ်မနေ ဘုရားဖူးသွားကြ . . .**

စစ်ကြီးအပြီး စစ်ကိုင်းတောင်ရိုးမှ ပြန်လာကြကာ ပြန်လည်စုစည်းခဲ့ကြသော မြို့မတူရိယာအသင်းကြီးကလည်း နောက်ဆုံးပေါ် ခေတ်မီတူရိယာပစ္စည်းများကို ကျွမ်းကျင်စွာ တီးမှုတ်နိုင်သဖြင့် မျက်နှာပွင့်ကာ ထင်ပေါ်နေသည့်အချိန်လည်းဖြစ်သည်။ မြို့မျက်နှာဖုံးသူဌေးမျိုးရိုးဖြစ်သော အကော်ဒီယံမောင်သန့်တို့ကဲ့သို့ သူဌေးသားများ၊ ကိုဘသက်၊ ကိုဘညိန်းတို့လို ဂီတပညာရှင်ကြီးများ ဦးဆောင်ကာ ပညာတတ်လူငယ်ကလေးများက နောက်ဆုံးပေါ် အနောက်တိုင်းတူရိယာများအား ပိုင်နိုင်စွာကိုင်တွယ်နိုင်ကြမှုကလည်း အများတကာ၏ အံ့သြဂုဏ်ယူစရာဖြစ်စေခဲ့သည်။

ဈေးချိုတော် (အေ)ရုံ၏ အနောက်မြောက်ထောင့် ၂၆ ဘီ အာဇာနည်လမ်း၏ တောင်ဘက်ကပ်လျက်နေရာတွင် 'ဆိုင်ဒူးခန်း' အမည်ရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှိသည်။ လက်ဖက်ရည်ဆိုင်က အရှေ့ဘက်မျှော်ကြည့်လိုက်လျှင် နာရီစင်ကြီးက လက်တစ်လှမ်းအကွာ၌ပင် တည်ရှိနေပြီး အရှေ့ဘက်တွင် 'မာရဂျမ်း' တိုက်ရှိသည်။ ထိုမှအရှေ့တွင် ၈၃ လမ်းထိပ်၌ 'ကာတစ်အင်ကိုး' အင်္ဂလိပ်ဘယဆေးတိုက်ရှိနေ၏။ ၈၂ လမ်းထိပ် ကုန်းမော့မော့တွင်မူ ရိုးလ်ကုမ္ပဏီတိုက်ရှိသည်။

'ဆိုင်ဒူးခန်း' လက်ဖက်ရည်ဆိုင်၏ မြောက်ဘက်အာဇာနည်မှ လမ်းသာခြားလျက် အုတ်ကြွပ်မိုးနီနီကလေးနှင့် အဆောက်အအုံလေး တစ်လုံး ရှိသည်။ သူ့ကိုတော့ မန္တလေးသားတွေက 'ဘူတာလေး' ဟု ခေါ်ခဲ့ကြ၏။ ဟိုးအရှေ့ဘက် လမ်း ၃၀ ရှိ ဘူတာရုံကိုတော့ 'ဘူတာကြီး' ဟု ခေါ်ကြ၏။ ဘူတာကြီးမှာက ၁၈၈၉ ခုနှစ် မတ်လ ၁ ရက် (သက္ကရာဇ် ၁၂၅၀) ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်တွင် ဖောက်လုပ်ဖွင့်လှစ်ခဲ့သော ရန်ကုန်-မန္တလေး မီးရထားများလည်း ပြေးဆွဲနေသည်။ ထို့ပြင် မန္တလေးဘူတာကြီးကို ဗဟိုပြု၍လည်း အခြားမီးရထားလမ်းရှိရာ မြို့ရွာများသို့ မီးရထားများ ခုတ်မောင်းပြေးဆွဲနေကြသည်။

ကောလိပ်ကျောင်းသားအများစုနှင့် မြို့မအသင်းသားများကလည်း ဈေးချိုရုံကြီး ၁၂ ရုံ တစ်လျှောက် ဟန်ရေးပြပြီးနောက် ဈေးအနောက်မြောက်ထောင့်ရှိ 'ဆိုင်ဒူးခန်း' အမည်ရှိ လက်ဖက်ရည်ဆိုင်တွင် စတည်းချကြသည်ချည်းဖြစ်သည်။ ထိုအချိန်က ဈေးချိုတော်ကြီးတွင် မန္တလေးယူနီဗာစီတီကောလိပ် ကျောင်းသားနှင့် မြို့မအသင်းသားများကား ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်များ ဖြစ်ခဲ့ကြသည်။

ကမ္ဘာစစ်ကြီးကြောင့် ပျက်စီးသွားသော မန္တလေးကို မြို့မိမြို့ဖများနှင့် အစိုးရတို့ အမြင်ကျယ်စွာ ပူးပေါင်း၍ ပညာရေးနှင့် အနုပညာကိစ္စပါမကျန် ပြန်လည်ထူထောင်ကြပုံမှာ အတုယူဖွယ်ဖြစ်ပါ၏။

## ကျေးရွာချင်းဆက် သံကူကွန်ကရစ်တံတား နှစ်စင်း ဆောက်လုပ်ပြီးစီး၍ ကုန်စည်စီးဆင်းမှုလွယ်ကူလာပြီး ဒေသခံများ ဝမ်းသာပျော်ရွှင်

**လွိုင်လင် ဇူလိုင် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံမြို့နှင့် ပန်မုန့်-ဆဟောင်း-လွိုင်ကောင်ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော နမ့်ဆီးဟောင်းတံတားအမှတ်(၁)နှင့် တံတားအမှတ်(၂) တို့ကို လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံခွင့်ပြုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် ဇူလိုင်လပထမပတ်အတွင်းက ဆောက်လုပ်ပြီးစီးပြီဖြစ်သောကြောင့် ဒေသခံများ သွားရေးလာရေး အဆင်ပြေပြီး ဒေသထွက်ကုန်သီးနှံများ ဈေးကွက်အတွင်းသို့ လွယ်ကူလျင်မြန်စွာ ပို့ဆောင်ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

နမ့်ဆီးဟောင်တံတားအမှတ်(၁)သည် အလျား ၁၅ ပေ၊ အနံ ၁၄ ပေနှင့် အမြင့် ၈ ပေရှိပြီး သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ ခွင့်ပြုငွေကျပ် ၁၂ သန်းဖြင့်လည်းကောင်း၊ နမ့်ဆီးဟောင်တံတားအမှတ်(၂) ရေကျော်တံတားသည် အလျား ၂၅ ပေ၊ အနံ ၁၆ ပေ သံကူကွန်ကရစ် ရေကျော်တံတားအမျိုးအစားဖြစ်ပြီး ခွင့်ပြုငွေကျပ် ၅ သန်းဖြင့်လည်းကောင်း ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပင်လုံမြို့နှင့် ပန်မုန့်-ဆဟောင်း-လွိုင်ကောင်ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော နမ့်ဆီးဟောင်းတံတားအမှတ်(၁)နှင့် တံတားအမှတ်(၂) ဆောက်ခြင်းအားဖြင့် ကျေးရွာပေါင်း ၁၃ ရွာ၊ အိမ်ခြေ ၄၅၅ အိမ်နှင့် လူဦးရေ ၂၇၁၁ ဦးအတွက် များစွာအကျိုးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်က လွိုင်ကောင်ကျေးရွာမှ ခွန်မောင်းပေးဖြစ်ပါတယ်။ အခုလို ဒီတံတားနှစ်စင်း ဆောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ရွာက စပါး၊ ပြောင်း၊ လက်ဖက်၊ ဂျင်းနဲ့ သနပ်ဖက်တွေ ထွက်ရှိပါတယ်။ အရင်တုန်းက ထွက်ကုန်တွေကို ဆိုင်ကယ်နဲ့ နိုင်သလောက်ပဲ သယ်ပြီး ပင်လုံဈေးမှာ သွားရောင်းပါတယ်။

'မိုးတွင်းဆို သွားလာရတာ ခက်ခဲပါတယ်။အခုဒီတံတားဆောက်ပြီးတော့ ကျွန်တော်တို့ဆီကထွက်တဲ့ သီးနှံတွေကို ထော်လာဂျီနဲ့သယ်ဆောင်ပြီး သွားရောင်းနိုင်ပြီဖြစ်တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

**မိုးလွင်ဦး(လွိုင်လင်)**

# The Brand New ERTIGA

**Smart Investment for the Future**

16.1 km/L Fuel Saving




ERTIGA

## ERTIGA Roadshow - ထိုက်တန်မှုကို တွေ့မြင်ခံစားလိုက်ပါ

| မြို့ | နေရာ | နေ့ရက် | အချိန် | ကိုယ်စားလှယ် | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ရန်ကုန် | မြန်မာပလာဇာ | ၁၇ ဇူလိုင် | ၁၁:၀၀ – ၈:၃၀ | ရန်ကုန်မှ အရောင်းကိုယ်စားလှယ် ၅ ဦး | (၁)(၂)(၃)(၄)(၈) *အောက်တွင်ဖော်ပြထားသော ကိုယ်စားလှယ်စာရင်းတွင် ကြည့်ရှုပါရန် |
| ရန်ကုန် | Junction Square | ၂၁ - ၂၂ ဇူလိုင် | ၉:၀၀ - ၉:၀၀ | မျိုး မော်တော် | ၀၁ - ၄၀၀၃၉၉ |
| ရန်ကုန် | မြန်မာပလာဇာ | ၂၃ - ၂၄ ဇူလိုင် | ၉:၀၀ - ၇:၀၀ | လွင် နှင့် စွမ်း | ၀၁ - ၃၉၃၀၇၀ |
| မန္တလေး | ရတနာပုံ စူပါစင်တာ | ၂၃ - ၂၄ ဇူလိုင် | ၈:၀၀ - ၉:၀၀ | United Eleven မော်တော် | ၀၉ - ၂၅၇၁၉၉၉၁၁ |
| နေပြည်တော် | Capital Hypermarket | ၂၄ ဇူလိုင် | ၉:၀၀ - ၇:၀၀ | ရွှေဟသာ | ၀၉ - ၂၅၄၃၁၇၇၀၀ |
| ရန်ကုန် | လှည်းတန်းစင်တာ | ၃၀ - ၃၁ ဇူလိုင် | ၉:၀၀ - ၇:၀၀ | အောင် မော်တော် | ၀၁ - ၆၅၅၈၁၃ |
| မန္တလေး | ရတနာပုံ စူပါစင်တာ | ၃၀ - ၃၁ ဇူလိုင် | ၉:၀၀ - ၅:၀၀ | အေအိုင်ဂျီ မော်တော် | ၀၉ - ၇၃၀၁၄၀၃၆၆ |
| ရန်ကုန် | Capital Hypermarket(သာကေတ) | ၂၀ - ၂၁ ဩဂုတ် | ၉:၀၀ - ၈:၀၀ | ရှိန်နဒီ | ၀၁ - ၂၀၁၆၁၉ |

*အောက်တွင်ဖော်ပြထားသော ကိုယ်စားလှယ်စာရင်းတွင် ကြည့်ရှုပါရန်။

### Dealership Network

(၁) လွင် နှင့် စွမ်း မော်တော် ၀၁ - ၃၉၃၀၇၀
(၂) အောင် မော်တော် ၀၁ - ၆၅၅၈၁၃
(၃) မျိုး မော်တော် ၀၁ - ၄၀၀၃၉၉
(၄) ရှိန်နဒီ မော်တော် ၀၁ - ၂၀၁၆၁၉
(၅) အေအိုင်ဂျီ (မန္တလေး) မော်တော် ၀၉ - ၇၃၀၄၀၃၆၆
(၆) ရွှေဟသာ (နေပြည်တော်) မော်တော် ၀၉ - ၂၅၄၃၁၇၇၀၀
(၇) စီဂျီဒီစီ (ပုသိမ်) မော်တော် ၀၉ - ၇၇၁၂၁၂၉၈၅
(၈) ချင်းတွင်းရှေ့ မော်တော် ၀၉ - ၅၅၄၂၄၇၇၇၂
(၉) United Eleven Motor ၀၉ - ၂၅၇၁၉၉၉၁၁

Suzuki (Myanmar) Motor Co.,LTD
Tel: (951) 591 304, 591 305, 591 351, 591 352, 590 529 Fax: (951) 591 302
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI Way of Life!

---

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၉၀၁ Y - ၃၁၆၀
TMR 007702 (1014)
TMR 011172 (1114)



# မိဂသီ

အမှတ်တံဆိပ်

**မိဂသီဆေးတိုက်မှ ထုတ်လုပ်သော**

- ✱ မိဂသီ အကြောပြေလိမ်းဆေး
- ✱ မိဂသီ အကြောပြေဆေးပြား
- ✱ မိဂသီ သွက်ချာပါဒလေငန်းလိမ်းဆေးအဆီ
- ✱ ကြယ်စင် ချောင်းဆိုးပျောက်ဆေးရည်

အမြို့မြို့ အနယ်နယ်ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

အမှတ် (၃၀၄)၊ သုမင်္ဂလာလမ်း၊ (၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁ ၅၇၂၈၉၇၊ ၀၉ ၅၀၀ ၁၁၃၇၊ ၀၉-၂၅၃၃၈ ၃၃၈၈

---

ပထမဦးဆုံး မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

# နေရာတိုင်းဆောင်ထား

Since 2001

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower

3 Years



ကြည့်မြင်တိုင်
ဖုန်း - ၀၉-၇၃၁၀၀၈၉၀
- ၀၉-၇၃၁၀၀၈၉၁
- ၀၉-၄၅၁၇၃၀၀၀၅
- ၀၉-၄၅၁၇၃၀၀၀၆

မြောက်ဥက္ကလာပ
ဖုန်း - ၀၉-၇၃၁၅၄၆၇၀
- ၀၉-၄၅၁၇၃၀၀၀၈

၉-မိုင်၊ ပြည်လမ်း
ဖုန်း - ၀၉-၄၃၀၄၉၃၅၆

ပေါက်တောဝ၊ အင်းစိန်
ဖုန်း - ၀၁-၆၄၃၇၅၈
- ၀၉-၇၃၁၂၆၁၅၇
- ၀၉-၃၁၄၇၁၆၅၄
- ၀၉-၄၅၁၇၃၀၀၀၂

နေပြည်တော်
ဖုန်း - ၀၉-၄၉၂၀၈၈၈၀
- ၀၉-၃၁၁၃၆၂၆၁

မန္တလေး
ဖုန်း - ၀၉-၄၂၁၀၈၈၄၂၂
- ၀၉-၆၅၀၀၄၁၃

---

"ရွှေရည်"
လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။
09-73120329, 09-8615420

---

## ခရုံမြို့သစ်

အငှားအိမ်ခန်း
ထားဝယ်မြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

---

ခြင်အန္တရာယ်ကင်းဝေးဖို့
ပိုးလောက်လမ်းဆေး သုံးကြစို့

## ပိုးရာသီအထူးဈေးနှုန်း

တီမိဂတ် ၂၅ ကီလို ၁ ပုံး မူရင်းဈေး ~~၈၀၀၀၀~~ ကျပ်

**၂၀% လျှော့ဈေး ၆၄၀၀၀ ကျပ်**

အိမ်သုံး တီမိဂတ် ၅၀ ဂရမ် ၁ ထုပ် မူရင်းဈေး ၄၀၀ ကျပ်

**၅ ထုပ်ဝယ် ၂ ထုပ်လက်ဆောင်**

တီမိဂတ် ၂၀ ဂရမ် ကို ရေ ၁ တိုင်ကီတွင် ထည့်သွင်းပြီး ရက်ပေါင်း ၆၀ အထိ ရေကိုလုံလောက်အသုံးပြုနိုင်သည်။

လူနှင့်ကျောရိုးရှိ တိရစ္ဆာန်များအား ဘေးဥပဒ်အန္တရာယ်မရှိပါ။

အမှတ်-၈၀၁၊ ဝင်းရွှေဝါကွန်ဒို၊ ဖါးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ ၂၃၀၀၂၄၆၊ ၀၁ ၂၂၆၇၄၄၊ ၀၉ ၅၁၁၈၄၄၈
မှတ်ပုံတင်အမှတ် - Pa-Ma-Pha 3/2015(897)

---

အရည်အသွေးဆိုင်ရာတိုင်းရင်းဆေးအရည်အသွေးကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ – ၂၀၁၀) နှင့် Certificate ရ

မျိုး-ဉ-ကောင် တိုင်းရင်းဆေးခန်းနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးဌာနထုတ်လုပ်သော

ဖူး-ဉ-ကောင်အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေး၊ ဖူး-ဉ-ကောင် အမှတ်တံဆိပ် သွေးတိုးကျဆေး၊ ရှားစောင်းလက်ပပ်ချက်ဆေး၊ နှလုံးဆေး၊ အသည်းဆေး၊ နှလုံးအားတိုးဆေး၊ အမြူဆင်းရောဂါသောက်ဆေးနှင့် ပြည်လုံးကျွန်းမှာ မီးယပ်သွေးပုပ်ချဆေးများကို ရန်ကုန်မြို့ နှင့် မန္တလေးမြို့ ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။ ကြော်ငြာခွင့်ပြုချက်အမှတ် – တဆခက(တနယ်ခင်း) ၀၇၅/၈၀၁၃

ပဓါနဆရာ - ဒေါက်တာမျိုးမြင့်အောင် (ဓါးဓာပုံဆရာ) Ph.D (Alternative Medicines)
အမှတ် - ၁၃၁ (မြေညီထပ်) ၄၁ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ဖုန်း - ၃၈၀၁၇၅ / ၃၉၂၅၉၄

## ထိမ်းမြားမင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ဟင်္သာတမြို့၊ တာငါးဆယ်တောင်ရပ်ကွက်၊ ကြည့်ကန်ကျောင်းလမ်း၊ အမှတ် ၃၁၄နေ
ဦးလှမြင့်-ဒေါ်ခင်ရွှေဝင်းတို့၏သား

**မောင်နိုင်လင်းသော်** (M.C.Tech)
**System Engineer (Bliss Stock Co.,Ltd.) Tokyo, Japan**

နှင့်

ဖျာပုံမြို့၊ (၇)ရပ်ကွက်၊ ရာဇာလမ်း၊ အမှတ် ၂၉နေ
ဦးမြင့်အောင်-ဒေါ်အေးအေးဝင်းတို့၏သမီးကြီး

**မဇင်မိုးသူ** (B Econ-Eco)
**IT Management ICI Co.,Ltd.) Tokyo, Japan**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုမှုဖြင့် ၁၃-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) လက်ထပ်မင်္ဂလာရက်မြတ်တွင် မင်္ဂလာဖော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ မြန်မာသံရုံးမှ ဒုတိယအကြီးအကဲ၊ သံမှူး ဒေါ်ခင်နီလာစိုးနှင့် ဒုတိယအတွင်းဝန် ဒေါ်ဟန်စုမွန်တို့အားလည်းကောင်း၊ သံရုံးတွင် အစစအရာရာကူညီဆောင်ရွက်ပေးပါသော ဦးကိုကိုဇော်အားလည်းကောင်း၊ ၁၇-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် တိုကျိုမြို့၌ကျင်းပသော မင်္ဂလာညည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးကြသော သူငယ်ချင်းများ၊ မိတ်ဆွေများအားလည်းကောင်း၊ လက်ထပ်မင်္ဂလာနှင့် မင်္ဂလာညည့်ခံပွဲတို့အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ ညီအစ်ကိုမောင်နှမများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်နိုင်လင်းသော်-မဇင်မိုးသူ**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၄)လမ်း၊
အမှတ်(၁၁၂)နေ ဦးတင်အေး-ဒေါ်ညိုညိုစမ်းတို့၏သားကြီး

**မောင်ရဲလင်းအေး (Event Coordinator)**
**John Lewis Plc. UK(London)**

နှင့်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ နဝရတ်ရိပ်သာ ၃၅လမ်း၊ ၆၈×၆၉လမ်းကြား၊ နဝရတ်ရိပ်သာ(၃)လမ်း၊ အမှတ်(E-5)နေ
ဦးရဲမြင့်-ဒေါ်နီလာကြည်တို့၏သမီးလတ်

**မဝတ်ရည်မွန် (Assistant Contract Manager)**
**G.T.H.Engineering & Construction Pte Ltd.(Singapore)**

တို့သည် ၁၀-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုး များရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ရဲလင်းအေး-မဝတ်ရည်မွန်**

ဗုဒ္ဓ ဓမ္မ သံဃ

**MOE**

- ခေတ်မီဒီဇိုင်းလှပသော ဆိုဖာ၊ ဆက်တီများနှင့် ခန်းဆီးလိုက်ကာများကို အထူးဈေးနှုန်းချိုသာစွာဖြင့် ပြန်လည်ပြုပြင်ပြောင်းလဲပေးခြင်းနှင့် တပ်ဆင်ပေးခြင်း။
- ဆိုဖာ၊ ဆက်တီအဟောင်းများကိုလည်း လက်ရာသေသပ်လှပစွာ အသစ်အတိုင်းဖြစ်အောင် ပြန်လည်ပြုပြင်ပေးခြင်း။
- KTV Room များကို Sound Proof ပြုလုပ်ပေးခြင်း။
- ကျွန်းခုံအဟောင်းများကိုလည်း လိုက်ကား၊ ပေါလစ် အရောင်ပြန်တင်ပေးခြင်း။

**Ph: 09-5168054,09-262994456,09-73095760**

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။**

၁။ လှည်းကူးမြို့ နင်းဆီလမ်း၊(32'/19'x54')
စလစ်မြေ - (55) သိန်း
၂။ လှည်းကူးမြို့ မြသိန်းတန်ဘုရားလမ်း၊ (G ဥယျာဉ်မြေကျပြီး)
(30'x70')- (200) သိန်း

**Ph: 09-450378377,09-421161198,09-799716395**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ဦးစောအာဇတ်-ဒေါ်လာဗင်ဒါတို့၏သား

**စောဟဲနေဘလု**

နှင့်

ဦးစောဘလာထူး-ဒေါက်တာဗားနပ်မြင့်မြင့်စန်း(ခ)ဒေါက်တာဖောဖောတို့၏ သမီးငယ်

**နော်သျှားလတ်ထူး**

တို့သည် ၃-၇-၂၀၁၆ရက်တွင် ဆရာဒန်းနရယ်ဘန်ဒူးနှင့် နှစ်ဖက်သော လူကြီးမိဘများ၏ရှေ့မှောက်၌ ထုံးတမ်းအစဉ်အလာအရ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**စောဟဲနေဘလု-နော်သျှားလတ်ထူး**







ရှုပ၊ ဆာတု ဦးသိန်းတင်စိုး B.E E.P (MIT) ၏
English
စာတွေပြောလှုကပ်ပြီ
ရန်ကုန် - စာပေလောက၊ ဓေတ်သစ်၊ ရာပြည့်
စာပေဟင်းလေးအိုးကြီး၊ စာပေနန်းတော်၊ အင်းဝ၊
မြင်းမိုရ်၊ လွိုင်ကော်၊ အင်းစိန်စကရီ၊
ထွန်းဦး၊ နဂါး၊ မောင်မောင်ပြေ
- အောင်မင်္ဂလာ၊ အမြင်သစ်၊ သဉ္ဇာဦး၊
PPT ပညာရေးစာအုပ်ဖြန့်ချိရေး၊ ၀၉-၂၄၅၉၉၀၁၃၊ ၄၂၀၀၈၅၂၃

**ပထမထပ်နှင့် ဒုတိယထပ်(တိုက်ခန်းသစ်ရောင်းရန်ရှိသည်)**

ရေကျော်(ပုဇွန်တောင်)၊ ယုဇနလမ်းတွင် နေထိုင်ရန်အသင့်(BCCကျပြီး)၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ အဆောက်အအုံသစ်၊ 12'6"x52' အကျယ်အဝန်းရှိ တိုက်ခန်းသစ်အား ဘဏ်နှင့်ချိတ်ဆက်၍ (၅)နှစ်အရစ်ကျငွေပေးချေမှုပုံစံ(သို့)ပိုင်ရှင်ကိုယ်တိုင် တိုက်ရိုက်ငွေပေးချေမှုစနစ်တို့ဖြင့် ရောင်းချပေးနေပါသည်။
(1) Bed Room, Kitchen Room(Basin နှင့် Cabinet ပါ)
(2) ညှော်ခန်းနှင့် အိပ်ခန်းတွင် Vinyl ပါကေးခင်း၊ Aircon၊ ရေပူရေအေးစက်နှင့်မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ(ကြမ်းခင်း၊ နံရံကြွေပြားပြည့်)၊ Design Ceillingတို့ဖြင့် အဆင့်မြင့်အခန်းဖွဲ့စည်းပေးထားပါသည်။
**ဆက်သွယ်ရန်-၀၉-၈၃၀၂၀၀၀၊ ၀၉-၈၃၀၂၈၈၈၊ ၀၉-၂၆၀၁၉၂၃၂၉**







သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

LIVING SQ.UARE
ADVANCED ARTS & TECHNOLOGY

10AM-9PM
23 JULY
2016
MYANMAR PLAZA
2nd LIVING SQUARE
SHOWROOM
OPENING TIME
10-11AM

# CELEBRATION HOUSEWARMING

Living Square ဖွင့်ပွဲအခမ်းအနား မှာ ထူးခြားသောPROMOTIONအစီအစဉ်လေး တစ်ခုရှိပါတယ်..ဖွင့်ပွဲ အခမ်းအနားလေးမှာ ပထမဦးဆုံး ဝယ်ယူအားပေးသူ အယောက်၂၀ အားဝယ်ယူသောပစ္စည်းတန်ဖိုး၏ 100 အပြည့်ကိုမေတ္တာလက်ဆောင် အဖြစ်ပြန်လည်ပေးအပ်သွားမှာဖြစ်ပါတယ်..နောက်ထပ် ဝယ်ယူအားပေးသူ အယောက်၅၀ကိုလည်း 50% DISCOUNT COUPON တွေ ပေးသွားမှာဖြစ်ကြောင်း ချစ်မိတ်ဆွေများကိုသတင်းကောင်းပါးလိုက်ပါတယ်





SGS
Certificate TH09/3125


LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၅၃၉၄ (၀၅၁၃)

စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးကောင်းစေရန်၊ ခွန်အားသစ်ဖြစ်စေရန်၊ မှတ်ဉာဏ်ကောင်းစေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။

ISO 9001:2008 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd.


SGS UKAS
Certificate TH06/3966.02

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHINICAL CAR PARKING










TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

ဒေါက်တာခင်မောင်လွင် (FAME) ရေးသားပြုစုသည့် ဂင်ဂိုပင် (*Ginkgo biloba* L.) ၏ ကျန်းမာရေးဆိုင်ရာ ဗဟုသုတအကြောင်းအရာများကို စုံလင်စွာဖော်ပြထားသော...

## ဆေးဖက်ဝင်ကမ္ဘာဦးပင်

အဖြို့မြို့အနယ်နယ်ရှိ City Mart နှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါပြီ...




Ks 5,000


အမှတ်(၂၀)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့၊ ရန်ကုန်။ Ph: 01-682199, 685083, 685609
Fax: 95-1-680122, E-mail: marketing@famepharma.com, FAME Pharmaceuticals

**ကားရောင်းမည် (ပိုင်ရှင်ကိုယ်တိုင်)**

| | |
|---|---|
| - RVR/ပြေးနေကံမြို့ | 300-350 သိန်း |
| - KLUGER / 2004 | 280-320 သိန်း |
| - CRV (2006)/RAV-4/ပုလဲ | 350-240 သိန်း |
| - ALPHARD/NOAH/ပုလဲ နှင် | 290-210 သိန်း |
| - MARK II/ရွှေဝါရောင်ပါ ပုလဲ | 215-235 သိန်း |
| - ALLION / AXIO/ပုလဲ | 200/260 သိန်း |
| - VOLKSWAGEN GOLF နက်ပြာ | 150-155 သိန်း |
| - BELTA / CIVIC/RACTIS | 135-165 သိန်း |
| - FIT/SHUTTLE/INSIGHT/ရောင်စုံ | 130-175 သိန်း |
| - SWIFT/COLT/COLT-PLUS | 100-140 သိန်း |
| - FIELDER | 210 သိန်း |

**ကားဝယ်သည်/အလဲအထပ်ရသည်။**
Ph: 09-5108316, 09-97-5108316

အရွယ်မရွေးသုံးစွဲပေး
## ရွှေသွေး ရင်လှူးဆေး
"ကလေးရှိရင် ရွှေသွေးရှိမှ ဖြစ်မယ်နော်"



အဆုတ်အအေးမိခြင်း၊ အစားမှားခြင်းကြောင့်ဖြစ်တတ်သော ချောင်းဆိုး၊ ချွဲကြပ်၊ ရင်ပြည့်၊ ရင်ကယ်၊ လေထိုး လေအောင့်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

ယခုလိပ်စာအသစ် ၊ ၊ မြို့အမှတ် 4C(A)၊ အေးသာယာလမ်း၊ ဒဂုံ၊ ဒေါ။
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR-008458 (0317) ဖုန်း - ၀၁-၄၀၁၁၀၀၊ ၀၁-၅၄၅၂၅၉၊ ၀၁-၈၆၀၄၃၆၆

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## မင်္ဂလာညစ့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းနေ ဒေါက်တာဦးမြင့်ရွှေ-ဒေါက်တာဒေါ်ကြည်ကြည်ဝင်း (မေခလာအထူးကုဆေးခန်း) တို့၏သားငယ်

**ဒေါက်တာဇေဖြိုးမြင့်** (M.B.,B.S, Yangon)

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာနေ ဦးမောင်မောင်လွင်-ဒေါ်သိမ့်သိမ့်စိုး (T.T.S Golden Empire Co., Ltd.)တို့၏ သမီးကြီး

**မအေမရာမြတ်** (B.A, Myanmar)
Dip. in Business Management, B.Sc in Eco & Finance

တို့၏ ၁၆-၆-၂၀၁၆ ရက် (ကြာသပတေးနေ့) နေအိမ်၌ မင်္ဂလာဆွမ်းကျွေးနှင့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် လက်မှတ်ရေးထိုးမော်ကွန်းတင်ပေးပါသော ဒေါ်ခိုင်ခိုင်လေး (ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ရုံး)နှင့် ကြွရောက်ချီးမြှင့်ပေးသော နှစ်ဖက်မိဘဆွေမျိုးများအားလည်းကောင်း၊ ၂-၇-၂၀၁၆ရက် (စနေနေ့) Novotel Yangon Ballroom တွင် ကျင်းပပြုလုပ်သော မင်္ဂလာညစ့်ခံပွဲအခမ်းအနား၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး ဒေါ်မိမိကြွယ်အား လည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ဆင်မြန်းပေးသော ဝဏ္ဏကျော်ထင် ဦးဝင်းမြင့် (ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်သန်းအားလည်းကောင်း၊ လူကိုယ်တိုင်မကြွရောက် နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ကြပါသော ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင်ဒေါ်ချိုပြုံး၊ မင်္ဂလာပန်းကြဲ ပေးပါသော မရွှေသဥ္ဇာအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကိုင်ဆောင်ပေးသော မမျိုးသဥ္ဇာစိုး၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဆုမြတ်ဖူးခင်၊ မင်္ဂလာသတို့သားအရံ မောင်ဇွဲထက်အောင်၊ မောင်ကောင်းခန့်ဇော်နှင့် မင်္ဂလာသတို့သမီးအရံ မဥမ္မာမြင့်၊ မဇေကရီဦး၊ မင်္ဂလာဝတ်စုံဒီဇိုင်နာ မင်းသက်စံ (Sweet & Smart)၊ မိတ်ကပ်အလှဆင်ပေးပါသော မေဦးနှင့်အဖွဲ့၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော ဦးတင်အောင်-ဒေါ်စံပယ်ထွန်း (Best Jewel)၊ မင်္ဂလာပန်း အလှပြင်ဆင်ပေးပါသော မသက်ထက်လွင်(His & Her) အဖွဲ့သားများ၊ Pre Wedding နှင့် မင်္ဂလာဓာတ်ပုံဗီဒီယို မှတ်တမ်းတင်ပေးပါသော My Dream နှင့်အဖွဲ့သားများ၊ ဖိတ်စာများ ရိုက်နှိပ်ပေးပါသော အောင်ဩဘာပုံနှိပ်တိုက်အားလည်းကောင်း၊ Novotel Yangon Max Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာဆုတောင်းစကားများနှင့် မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းအားလုံးတို့အားလည်းကောင်း၊ အစစအရာရာ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲဝမ်းမြောက်စွာဖြင့် အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာဇေဖြိုးမြင့်-မအေမရာမြတ်**


**Yuri Japanese Language School**

| Starting Date | Class | Time | End date | Fees |
|---|---|---|---|---|
| 20.7.2016 | N4 Intermediate Special Class | 5:30 ~ 7:30 (Tue ~ Fri) | 3.5 months | 70,000 Kyats |
| 23.7.2016 | N5 Basic Special Class | 1:00 ~ 3:00 (Sat + Sun) | 2 months | 20,000 Kyats (တစ်လလျှင်) |
| 3.8.2016 | N5 Sat + Sun Class (Basic 1 Class) | 10:00 ~ 12:00 (Mon ~ Fri) | 3.5 months | 70,000 Kyats |

ပြည်တွင်းဂျပန် Company တွင်လစာကောင်းကောင်းနဲ့ အလုပ်ဝင်လိုသူများ အတွက်သာမက ဂျပန်နိုင်ငံတွင် ကျောင်းတက်ရင်း အလုပ်လုပ်ရန် စိတ်ဝင်စားသူ ဂျပန်စာစကားများကို ပိုင်ပိုင်နိုင်နိုင်သင်ကြားပေးနေပါပြီ။ ဂျပန်နိုင်ငံတွင် ကျောင်းတက်ရင်း အလုပ်လုပ်ရန် ကုန်ကျစရိတ်သက်သာစွာဖြင့် 2017 April intake အတွက် လျှောက်ထားနိုင်ပါပြီ။ (Promotion အနေဖြင့် 30-7-2016 အထိ နာမည်စာရင်းသွင်းသူများ ဂျပန်နိုင်ငံတွင် နေထိုင်ရန် အဆောင် ၁ လစာ Discount ရရှိမည်ဖြစ်ပါသည်။)

အမှတ် (၃၁)၊ မြေညီထပ်(ညာ)၊ (၅၂) လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဒိုက်ဝဥတောင်မြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန်ဖုန်း - ၀၉ ၄၂၀၀၀၇၉၄၉၊ ၀၉ ၄၂၀၀၅၅၈၈၀



**ရွှေမန်းတောင်** အမှတ်တံဆိပ်
**အစာကြေဆေးပြား**
TMR000063(0715)

**ရွှေမန်းတောင်** အမှတ်တံဆိပ်
**သွေးတိုးကျဆေးပြား**
TMR012467(1116)



"မြန်မာအလှ" ... မှဂ်
ရွှေတောင်ပြိုး၊ မင်းနှစ်ပါးပွဲတော် သီးသန့် (၃)ရက်။ 11/12-8-2016 ထွက်မည်
ရွှေတောင်ပြိုး၊ မန္တလေး၊ ပြင်ဦးလွင် (၄)ရက်။
01-9317105, 09-450000574
09-261422965, 09-421029816

ရွှေလမ်းညွှန်
09-261620248, 09-31738840, 09-262705136

ODYSSEY
09 73070193, 09 73187799








### ဖခင်အမည်မှန်

ကျောက်တန်းမြို့၊ ထူးချွန်ကိုယ်ပိုင် အထက်တန်းကျောင်း၊ သတ္တမတန်းမှ မကောင်းဝေရှင်း(ခ) ရည်မွန်လင်းလက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ MR.KWONG CHI MING ဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၉-၇-၂၀၁၆ ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၈)ပါ ငြင်းချက်ထုတ်ရန် သမ္မာန်စာ(ဥမ္မာအေး) ဒုတိယခရိုင်တရားသူကြီး(၅)၊ ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံးကြော်ငြာတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးဟု ပုံနှိပ်မှားယွင်းသည်ကို ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌ဟု ပြင်ဆင်ဖတ်ရှုပါရန်။


**မြေကွက်ရောင်းမည်**
ဒဂုံမြို့သစ်၊ ပေ(၄၀×၆၀)
၄၅သိန်း (ပိုင်ဆိုင်မှုကောင်း)
ပွဲစား(လုံး၀) မလိုပါ
**ဖုန်း-၀၉-၇၇၆၀၈၀၅၅၈**

# MIC Myanmar Imperial College

edexcel Approved Centre No. 93679






တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်

**HND** — Business / Advertising & Branding / Hospitality & Tourism

**BA** — Business & Management / Marketing Management / Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်

**MBA | DBA**

Working in Partnership with THE UNIVERSITY OF NORTHAMPTON

+ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူလူငယ်များအတွက် အခမ်းနားဆုံးအနာဂတ်ကိုဖန်တီးပေးနိုင်မည့် Northampton University - UK မှ တိုက်ရိုက်ပေးအပ်မည့် BA(Hons:) Business & Manage -ment, BA(Hons:) Hospitality Management, BA(Hons:)Marketing Mangement ဘာသာရပ်များ

+ ဘွဲ့ရမြန်မာ့အနာဂတ်လူငယ်ခေါင်းဆောင်များနှင့် လုပ်ငန်းခွင် ဝင်နေသူများအတွက်စာတွေ့လက်တွေ့ လေ့လာမှုများဖြင့် Northampton University (UK) မှ တိုက်ရိုက်ပေးအပ်မည့် စီးပွားရေးဆိုင်ရာ မဟာဘွဲ့ MBA
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေးပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝင်းနှင့် Facilities များ

••• Leaders For Tomorrow •••

Enroll Now!
09 732 10001
09 4211 00222
အမှတ် (၁) ဈေးမြောက်လမ်း၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။






ထူးချွန်သော ကွန်ပျူတာပညာရှင်ဖြစ်ပြီး
အလုပ်အကိုင်ပါတစ်ပါတည်းရလိုသူများအတွက်

**ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ သိပ္ပံဘွဲ့ သင်တန်းများ**

**B.Sc (Hons) Business IT, University of Greenwich, UK**

- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

**Opening Date 25 July**

www.facebook.com/mcc.institute

Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-402671562, 011-202113
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132
MCC Polytechnic (Monywa) Ph - 09-965676777, 09-265333120
MCC Polytechnic (Pathein) Ph - 09-451888373, 09-773510899



**Foundation for lifelong learning to meet the leadership challenges of today and tomorrow**

STI MYANMAR UNIVERSITY

STIMU နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်ပါသည်။

University of Bedfordshire



## Faculty of Business
- Master of Business Administration
- BA (Hons) Business Administration
- BA (Hons) Accounting

## Faculty of Health Science
- MBA (Hospital and Health Services Management)
- Master of Science in Public Health
- Master of Science in Nutrition & Dietetics

## Faculty of Education & Linguistics
- MA Education ( Leadership & Management )

## Faculty of Engineering
- BEng (Hons) Civil Engineering
- BEng (Hons) Architectural Engineering
- BEng (Hons) Civil & Architectural Engineering
- BEng (Hons) Electronic Engineering
- BSc (Hons) Construction Management

နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ Engineering Lab များအတိုင်း လက်တွေ့သင်ကြားခြင်း

- Auto CAD Design Lab
- Drawing Lab
- Construction Engineering Workshop
- Surveying Lab
- Structure Materials & Concrete Lab
- Soil Mechanic Lab
- Water Resource Lab
- Electronic Circuit Lab
- Architectural Design Studio
- Hydraulic Lab

## Why Study@ STI MU?
- ဘွဲ့ကြိုနှင့် မဟာဘွဲ့အမျိုးအစားအစုံအလင်ဆုံး တစ်ခုတည်းသော ကျောင်းဖြစ်ခြင်း
- UOB, UK ၏ သင်ကြားမှု သင်ယူမှုစနစ်နှင့် နည်းပညာအတိုင်း အရည်အသွေးအာမခံချက်ရရှိထားသည့် တစ်ခုတည်းသောကျောင်းဖြစ်ခြင်း
- သင်တန်းအောင်မြင်ပြီးသူများ MNC ကြီးများတွင် အလုပ်အကိုင်ကောင်းများရရှိခြင်း
- Queen's Award ရရှိထားသော University of Bedfordshire-UK မှတိုက်ရိုက်ချီးမြှင့်သောဘွဲ့ကို နောက်ဆုံးနှစ်အထိ STIMU တွင် တက်ရောက်နိုင်ခြင်း
- မဟာဘွဲ့တက်ရောက်နေသူများမှာ နယ်ပယ်အသီးသီးမှ အဆင့်မြင့်အရာရှိကြီးများဖြစ်ခြင်း
- Go Global Experience အစီအစဉ်ဖြင့် UOB,UK သို့ သွားရောက်ပညာသင်ကြားနိုင်ခြင်း

**INTERNSHIP JOB PLACEMENT AVAILABLE**

Block-10, MICT Park လှိုင်တက္ကသိုလ်၊ ရန်ကုန်။ Ph: 507046/48, 09 250064451 www.stiedu.net https://www.facebook.com/STIMyanmarUni


သစ်တောနဲ့သစ်ပင်ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

(၆၄)နှစ်ပြည့် အာဘော်အချက်ပြည့်စုံ ပိဋကစုံ ရှိသော မြန်မာ့ဆရာတော်များရှု
စေမြန်မြန်ချမ်းသာ ကြွေပွဲ့ ယဉ်ကျေး ဓမ္မဒါန
ဂျွေစေတီ
55000/-Ks Ph:09 450024419, 09 790629747

**MIHARA CAR RENTAL**
ဖြူတတီ – ပဲသောက် ခရီးစဉ် အပတ်စဉ်
(၂)ညအိပ် (၃)ရက် – ၉၅,၀၀၀ / ကျပ်
(၃)ညအိပ် (၄)ရက် – ၁၃၀,၀၀၀ / ကျပ်
Ph: 09-49218700, 09-5025400, 09-43124072

**အာရှနဂါး**
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph:01 707062, 09 799100100
01 703790, 09 797100100

**NEW MOTION** Travels & Tours
4-Star Resort Hotel တည်းခိုမှု, Buffet အစီအစဉ်, သတ်မှတ်ထိုင်ခုံဖြင့်
စိတ်လက်အေးချမ်းစွာ ကြည်ညိုသဒ္ဓါပွားနိုင်ရန်အတွက် အထူးစီစဉ်ထားသော
Aug 16-22

ဩဂုတ်လအတွင်းထွက်ရှိမည့်ခရီးစဉ်များ
ဥဒေါင်း ခရီးစဉ်
စတ်ာဂူ-သာတန် ခရီးစဉ်
သန်ဒေါက်-ပတ္တရား ခရီးစဉ်
စီယမ်နမ် ခရီးစဉ်
ဖဟာင်ဖေ ခရီးစဉ်
No.20, Kyuntaw Rd, Sanchaung Tsp, Yangon. Tel: 01-508124, 523253, 09-73148933~44~55~66

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480


## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် တည်ဆောက်မည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဝန်းသို-အင်းတော် လမ်းပေါ်ရှိ မဲဇာချောင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရမည့် သံပေါင်(Plate Girder)များအား သံမဏိစက်ရုံ (သာကေတ)မှ သတ်မှတ်လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် သယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တောင်ဥက္ကလာပ (မြင်သာ)၊ ရန်ကုန်မြို့နှင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကသာခရိုင်တို့တွင် ၂၁-၇-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့်အသေးစိတ်အချက်အလက်များကို ဖုန်း ၀၁-၈၅၀၀၇၅၈၊ ၀၉-၄၄၈၅၃၉၆၇၁၊ ၀၉-၅၀၇၈၀၀၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၉-၈-၂၀၁၆ရက်၊ ၁၆း၀၀နာရီ
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် - ၁၀-၈-၂၀၁၆ရက်၊ နံနက် ၁၀း၀၀နာရီ
တင်ဒါဖွင့်လှစ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ကသာခရိုင်၊ ကသာမြို့။


Since 1996 Home
Think of House, Think of Home
**ဈေးနှုန်း အသက်သာဆုံး**
Kitchen Cabinets
မီးဖိုခန်းသုံး နံရံကပ် ဗီရိုများ

** စိတ်တိုင်းကျ ဒီဇိုင်းမျိုးစုံ ရရှိပါသည်

Since 1996 Home
Think of House, Think of Home

READY MADE FLOOR
ပါကေးအစားထိုး ကြမ်းခင်း
> Grade A, B, C, D
အစစ်များသာ ရောင်းပါသည်။
> ဈေးနှုန်းအနိမ့်ဆုံး
အမြင့်ဆုံးထိရှိပါသည်။
> ကျင်းပြတ်နှင့် Skirting
အပြီးအစီး။
(Stock Limited အတွင်းသာ)
Branch Showroom > အမှတ် E 11-A၊ လေးထောင့်ကန်လမ်းမ၊ ဘီအိုစီမှတ်တိုင်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း - 09 79 700 7073, 09 79 700 7083

ရွှေမန္တလေး
Ph: 09-770639155
09-770639166

FORWARD CAR RENTAL
Ph: 09 5089800
09 252522200


## ပျောက်ဆုံးကြောင်း


ကျွန်မ ဒေါ်ဥမ္မာအောင် ၁၂/သကတ(နိုင်)၁၂၉၂၁၁၏ နိုင်ငံကူး လက်မှတ်အမှတ် MB- ၂၄၆၉၈၉ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၃၇၆၀၄


Plasmacluster Ion
**SHARP**
SEE THE WORLD THROUGH JAPAN TECHNOLOGY


MONSOON
မိုးရာသီ အထူး ဈေးရောင်းပွဲတော်
Jun to 30th Sept
AQUOS
Lucky Draw
အခြားဆုမဲပေါင်းများစွာ
Since 1912
JAPAN TECHNOLOGY
သင့်ရဲ့လှပသောမိုးရာသီကို ဂျပန်နိုင်ငံမှ အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်ထားသော SHARP ELECTRONIC ပစ္စည်းများနှင့်အတူ ဖြတ်သန်းလိုက်ပါ။

SHARP MYANMAR SERVICE CENTER နှင့် ဆက်သွယ်နိုင်သည့် ဆိုင်များ

| | | |
|---|---|---|
| ရန်ကုန်မြို့ | SHARP SHOWROOM | အမှတ်(၁၇၃/၁၇၅)၊ ပထမထပ်၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၅၃ ၄၂၅။ |
| မန္တလေးမြို့ | HOME AID ELECTRONIC | အမှတ်(၁၄၄)၊ ၈၄လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၂၅၉၇၀၀၅၂၂၊ ၀၉ ၇၉၇၅၃၆၀၈၂။ |
| | MANDALAY ELECTRONIC MART | အမှတ်(၆၁/အေ)၊ ၆၂လမ်း၊ ခိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြား၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၇၈၇၇၅၂၂၀၁။ |
| နေပြည်တော် | မြို့မြို့ကြယ် | အမှတ်(၃၄၃)၊ ပိတောက်လမ်းနှင့် သစ္စာလမ်းထောင့်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။ ဖုန်း - ၀၉ ၅၁၅၅၅၈၃၊ ၀၉ ၈၃၀၃၉၃၅၊ ၀၉ ၄၉၂၀၀၅၁၅။ |
| မုံရွာမြို့ | အောင်သူရိန် အီလက်ထရောနစ် | ဈေးလမ်းနှင့် ရေမိန်လမ်းထောင့်၊ ရုံးကြီးရပ်၊ မုံရွာမြို့။ ဖုန်း - ၀၇၁ ၂၃၂၅၀။ |
| တောင်ကြီးမြို့ | Asia Fortuna | အမှတ်(၁၂၃)၊ ဗိုလ်ချုပ်လမ်းမကြီး၊ တောင်ကြီးမြို့။ ဖုန်း - ၀၉ ၅၀၁၀၆၉၇။ |
| ရွှေဘိုမြို့ | ကြယ်အီလက်ထရောနစ် | အမှတ်(၂)၊ ရန်ကြီးအောင်လမ်းမကြီး၊ ရွှေဘိုမြို့။ ဖုန်း - ၀၉ ၂၁၀၀၃၃၈။ |
| ပုသိမ်မြို့ | အောင် အီလက်ထရောနစ် | အမှတ်(၁၅/C.D)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ဖုန်း - ၀၄၂ ၂၅၃၁၂၊ ၀၉ ၅၂၀၁၃၂၁၊ ၀၉ ၇၈၂၉၅၅၉၆၆။ |




တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ မူး ယစ် ကင်း စင် ကျန်း မာ မှ

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉)၌ ချန်ပီယံ ရတနာပုံအသင်းနှင့် ရှမ်းတွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၂၂**

၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၉)ကို ဇူလိုင် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ချန်ပီယံဆုရရှိထားသည့် ရတနာပုံအသင်းသည် ရှမ်းယူနိုက်တက်နှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

ပွဲစဉ်(၁၉)အဖြစ် ဇူလိုင် ၂၃ ရက်တွင် အောင်ဆန်းကွင်း၌ ဇွဲကပင်အသင်းနှင့် မကွေးအသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် Horizon အသင်း၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီအသင်းနှင့် ရခိုင်အသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မုံရွာကွင်း၌ ဇေယျာရွှေမြေအသင်းနှင့် ဟံသာဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲစဉ်(၁၈)အပြီးတွင် ရတနာပုံအသင်းက ၄၇ မှတ်ဖြင့် ချန်ပီယံဆုရရှိခဲ့ပြီး မကွေးအသင်းက ၃၂ မှတ်၊ ရန်ကုန်အသင်းက အမှတ် ၃၀၊ ဟံသာဝတီအသင်းနှင့် ဇေယျာရွှေမြေအသင်းတို့က ၂၉ မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းတို့က ၂၈ မှတ်စီ၊ ဇွဲကပင်အသင်းက ၂၄ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၉ မှတ်၊ Southern အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၂ မှတ်နှင့် Horizon အသင်းက ခြောက်မှတ်ရရှိထားသည်။

ရတနာပုံအသင်းသည် ပွဲစဉ်(၁၈)အပြီးတွင် ချန်ပီယံဆုရရှိခဲ့ပြီး ကျန်အဆင့်ရပ်တည်မှုများ ထွက်ပေါ်လာခြင်းမရှိသေးပေ။ တန်းဆင်းနှစ်နေရာအတွက် ချင်းယူနိုက်တက်၊ Southern၊ ရခိုင်နှင့် Horizon အသင်းတို့အပြိုင်ဖြစ်နေပြီး ယင်းအသင်းများအနက် ချင်းယူနိုက်တက်က တန်းဆင်းဇုန်မှ လွတ်ရန် အခြေအနေအကောင်းဆုံးဖြစ်နေကာ Horizon အသင်းက အခွင့်အရေးအနည်းဆုံးဖြစ်နေသည်။ ဒုတိယနေရာအတွက် အသင်းကြီးအများစု မျှော်လင့်ချက်ရှိနေပြီး လက်ကျန်လေးပွဲက အဆုံးအဖြတ်ပေးဖွယ်ရှိနေသည်။ ဇွဲကပင်-မကွေး၊ ဇေယျာရွှေမြေ-ဟံသာဝတီ၊ ရတနာပုံ-ရှမ်းပွဲတို့မှာ အကြိတ်အနယ်ရှိနိုင်ပြီး ရန်ကုန်နှင့် ဧရာဝတီအသင်းတို့မှာလည်း အမှတ်ဆုံးရှုံး၍မရတော့ပေ။

**(ရှိုင်းထက်ဇော်)**

## တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၅၂/၂၀၁၆**

**၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်**
**(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)**

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၅၀ တို့အရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်က သဘောတူညီသည့် တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးတင်အောင်ကို တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ချင်းတွင်းမြစ်ရေ ခန္တီးမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၂၂**

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်၍ ခန္တီးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အကြံပြုထားသည်။

**(ကြေးမုံ)**

# နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ပြန်ကြားရေးနှင့် လူမှု၊ ကယ်ဆယ်အသင်းတို့ အကြိုဗိုလ်လုပွဲတက်



ပြန်ကြားရေးအသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြစဉ်။ (ဓာတ်ပုံ-ဟိန်းဖြိုးဝေ)

**နေပြည်တော် ဇူလိုင် ၂၂**

၂၀၁၆ ခုနှစ် အဋ္ဌမအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့်ပွဲစဉ်များကို ဆက်လက်ကျင်းပလျက်ရှိသည်။

ယနေ့ ညနေ ၃ နာရီခွဲတွင် အုပ်စု(ကက)မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ယှဉ်ပြိုင်ကစားကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအသင်းမှ သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အုပ်စုဒုတိယအဆင့်ပွဲစဉ်များအပြီးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့သည် အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြောင်း သိရသည်။

ဇူလိုင် ၂၃ ရက်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် အုပ်စု(ခခ)မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် **စာမျက်နှာ ၉ ကော်လံ ၅ သို့ ✻**

